သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး
ပဉ္စမအကြိမ်
ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
# နှင့်
# သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ

## ပြင်ဆင်ဖြည့်စွက်ချက်

၀

သာသနာ-၂၅၅၉ ကောဇာ-၁၃၇၇ ခရစ်-၂၀၁၅

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး

ပဥ္စမအကြိမ်

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

# သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း

## စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်

သာသနာ - ၂၅၅၉ ကောဇာ - ၁၃၇၇ ခရစ်နှစ် ၂၀၁၅

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀) က
ပုံနှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း** | |
| | ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများ ဆောင်ရွက်ရမည့်အလုပ် - - | (က) |
| ၁။ | ဘုရားရတနာပွင့်ပေါ်လာခြင်း - - | (က) |
| ၂။ | တရားရတနာ ထင်ရှားဖြစ်ပေါ်လာခြင်း - - | (ခ) |
| ၃။ | သံဃာရတနာဖြစ်ပေါ်လာခြင်း - - | (ဃ) |
| ၄။ | သံဃာတော်များ လိုက်နာရမည့် စည်းမျဉ်းဥပဒေ- | (ဃ) |
| ၅။ | သံဃာတော်များ တာဝန် - - | (ဃ) |
| ၆။ | သံဃာတော်များ ရရှိသည့်အကျိုးကျေးဇူး- - | (င) |
| ၇။ | သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားခြင်း - | (စ) |
| ၈။ | ဗုဒ္ဓဘာသာဝင်တို့၏ ကျေးဇူးရှင်ကြီးများ - - | (စ) |
| ၉။ | ကျေးဇူးဆပ်ထိုက်ခြင်း - - | (ဆ) |
| ၁၀။ | ယခု သာသနာ့အခြေအနေ - - | (ဇ) |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | အရှင်မဟာကဿပ၏ ဩဝါဒ - - | (ဈ) |
| ၁၂။ | အကောင်းဆုံး ကျေးဇူးဆပ်/ကျေးဇူးပြုနည်း - | (ည) |
| ၁၃။ | ဒုတိယအကြိမ် နိဒါန်း - - | (ဍ) |
| ၁၄။ | တတိယနှင့်စတုတ္ထအကြိမ် နိဒါန်း - - | (ဎ) |
| ၁၅။ | ပဉ္စမအကြိမ် နိဒါန်း - - | (ဏ) |

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

| | | |
|---|---|---|
| ၁၆။ | ဝေါဟာရပေါင်း နှစ်ဆယ့်ငါးမျိုးပါဝင် - - | ၁ |

## အခန်း (၂)
## အခြေခံမူများ

| | | |
|---|---|---|
| ၁၇။ | အခြေခံစည်းမျဉ်း ဓမ္မဝိနယနှင့်အညီသာ - - | ၈ |
| ၁၈။ | သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိ - - | ၈ |
| ၁၉။ | ရဟန်းသံဃာဟူသမျှ အဖွဲ့အစည်းအတွင်း ပါဝင် - - | ၈ |
| ၂၀။ | သံဃာကိုသာ အလေးဂရုပြု - - | ၈ |
| ၂၁။ | သံဃာ့ဂိုဏ်းများ တည်ရှိခွင့်ပြု - - | ၉ |
| ၂၂။ | ဂိုဏ်းသစ်တည်ထောင်မှု တားမြစ် - - | ၉ |
| ၂၃။ | ဂိုဏ်းအချင်းချင်း ပူးပေါင်းခွင့်ရှိ - - | ၁၀ |
| ၂၄။ | ဂိုဏ်းစည်းကမ်းကျင့်သုံးခွင့်ရှိ - - | ၁၀ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- | --- |
| ၂၅။ | ဒီးခြားကင်းလွတ်၍ နေခွင့်မရှိ | - - | ၁၀ |
| ၂၆။ | သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ | - | ၁၀ |
| ၂၇။ | မူ, ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိ | - - | ၁၂ |

## အခန်း (၃)

## သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သတ်မှတ်ထားရှိခြင်း

| | | | |
| --- | --- | --- | --- |
| ၂၈။ | နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့ | - - | ၁၃ |
| ၂၉။ | ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ပြည်နယ်/ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်များ | - - | ၁၃ |
| ၃၀။ | ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ပြည်နယ်/ တိုင်းဒေသကြီး သံဃနာယကအဖွဲ့များ | - - | ၁၄ |
| ၃၁။ | တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ဩဝါဒါစရိယများ | - - | ၁၆ |

## အခန်း (၄)

## သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်း

| | | | |
| --- | --- | --- | --- |
| ၃၂။ | သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ရွေးချယ်ခြင်း | - - | ၁၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ပြည်နယ်/တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်များ ရွေးချယ်ခြင်း


| | | |
|---|---|---|
| ၃၃။ | ရပ်ကွက်/ကျေးရွာအုပ်စုသံဃာ့ဝန်ဆောင် - | ၁၇ |
| ၃၄။ | မြို့နယ်သံဃာ့ဝန်ဆောင် - - | ၁၇ |
| ၃၅။ | တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် - | ၁၈ |


ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ပြည်နယ်/တိုင်းဒေသကြီး သံဃနာယကများ သတ်မှတ်ဖွဲ့စည်းခြင်း


| | | |
|---|---|---|
| ၃၆။ | ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့- | ၁၈ |
| ၃၇။ | မြို့နယ်သံဃနာယကအဖွဲ့ - - | ၁၈ |
| ၃၈။ | တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ | ၁၈ |


နိုင်ငံတော်အဆင့်အဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း


| | | |
|---|---|---|
| ၃၉။ | နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း - - | ၁၉ |
| ၄၀။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း - - | ၁၉ |
| ၄၁။ | နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း | ၁၉ |
| ၄၂။ | ရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း - - | ၂၀ |
| ၄၃။ | စုပေါင်းမြို့နယ်သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း - - | ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄၄။ စုပေါင်းပြည်နယ်/တိုင်းဒေသကြီးသံဃ-
နာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း - - ၂၁

၄၅။ ယာယီသံဃနာယကအဖွဲ့များ ဖွဲ့စည်း
ပေးခြင်း - - ၂၁

၄၆။ ယာယီသံဃနာယကအဖွဲ့များ ပြန်လည်
ဖွဲ့စည်းပေးခြင်း - - ၂၂


## အခန်း (၅)

## ရွေးချယ်ဖွဲ့စည်းမှုကြီးကြပ်ခြင်း


၄၇။ နိုင်ငံတော်သြဝါဒါစရိယ က ကြီးကြပ်ခြင်း- - ၂၃

၄၈။ နိုင်ငံတော်သြဝါဒါစရိယနှင့် မဟာနာယက က
ကြီးကြပ်ခြင်း - - ၂၃

၄၉။ နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ပြည်နယ်က
ပူးပေါင်းကြီးကြပ်ခြင်း - - ၂၃

၅၀။ နိုင်ငံတော်နှင့်အဆင့်က ကြီးကြပ်ခြင်း - - ၂၄

၅၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်က
ကြီးကြပ်ခြင်း - - ၂၄

၅၂။ မြို့နယ်အဆင့်က ကြီးကြပ်ခြင်း - - ၂၅


## အခန်း (၆)

## လုပ်ငန်းတာဝန်များ ပေးအပ်ခြင်း


၅၃။ ပေးအပ်သောတာဝန် ကျေပွန်စွာထမ်းဆောင် ၂၆

စဉ် အကြောင်းအရာ စာမျက်နှာ

အခန်း (၇)

နုတ်ထွက်ခွင့်ဆိုင်ရာများ

၅၄။ နုတ်ထွက်ခွင့် လျှောက်ထားခြင်း - - ၂၇

၅၅။ နုတ်ထွက်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း - - ၂၇

အခန်း (၈)

အရေးယူခြင်းများ

၅၆။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ကို အရေးယူခြင်း - - ၂၈

၅၇။ သံဃာ့ဝန်ဆောင်ကို အရေးယူခြင်း - - ၂၈

၅၈။ သံဃနာယက/ဩဝါဒါစရိယကို အရေးယူခြင်း ၂၈

၅၉။ သံဃနာယကအဖွဲ့ကို အရေးယူခြင်း - - ၂၉

အခန်း (၉)

အစားထိုးရွေးချယ်ခြင်း

၆၀။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဝင်များအားလုံး ၃၀

အခန်း (၁၀)

အစည်းအဝေးများ ကျင်းပခြင်း

၆၁။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးနေ့ရက် သတ်မှတ်ခြင်း - - ၃၁

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၂။ | ကျင်းပရေးအဖွဲ့ ဖွဲ့စည်းခြင်း | - - | ၃၁ |
| ၆၃။ | တာဝန်ခွဲဝေ သတ်မှတ်ပေးခြင်း | - - | ၃၂ |
| ၆၄။ | တက်ရောက်ခွင့်ရှိသူများ | - - | ၃၂ |

သံဃာ့ဝန်ဆောင် အစည်းအဝေးများ အကြိမ်၊ နေ့ရက် သတ်မှတ်ခြင်း

| | | | |
|---|---|---|---|
| ၆၅။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၂ |
| ၆၆။ | မြို့နယ်အဆင့် | - - | ၃၃ |
| ၆၇။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | - - | ၃၃ |
| ၆၈။ | နိုင်ငံတော်အဆင့် | - - | ၃၄ |

သံဃနာယကအဖွဲ့ စုံညီအစည်းအဝေးများ အကြိမ် သတ်မှတ်ခြင်း

| | | | |
|---|---|---|---|
| ၆၉။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၄ |
| ၇၀။ | မြို့နယ်အဆင့် | - - | ၃၄ |
| ၇၁။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | - - | ၃၄ |
| ၇၂။ | နိုင်ငံတော်အဆင့် | - - | ၃၅ |

အရေးပေါ်အစည်းအဝေးများ ညှိနှိုင်းဆောင်ရွက်ခြင်း

| | | | |
|---|---|---|---|
| ၇၃။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၅ |
| ၇၄။ | မြို့နယ်အဆင့် | - - | ၃၅ |
| ၇၅။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | - - | ၃၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၆။ | နိုင်ငံတော်အဆင့် | - - | ၃၆ |
| | **အရေးပေါ်အစည်းအဝေးများ ကျင်းပခြင်း** | | |
| ၇၇။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၆ |
| ၇၈။ | မြို့နယ်အဆင့် | - - | ၃၆ |
| ၇၉။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | - - | ၃၆ |
| ၈၀။ | နိုင်ငံတော်အဆင့် | - - | ၃၇ |
| | **အထူးအစည်းအဝေးများ ခေါ်ယူကျင်းပခြင်း** | | |
| ၈၁။ | ဗဟိုဝန်ဆောင်နှင့် နာယကအဖွဲ့များ | - - | ၃၇ |
| | **အခန်း (၁၁)** | | |
| | **သက်တမ်းများ သတ်မှတ်ခြင်း** | | |
| ၈၂။ | သံဃာ့သမ္မုတိရသံဃာ့ကိုယ်စားလှယ် | - - | ၃၈ |
| | **ဝန်ဆောင်အဆင့်ဆင့်** | | |
| ၈၃။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၈ |
| ၈၄။ | မြို့နယ်အဆင့် | - - | ၃၈ |
| ၈၅။ | တိုင်းဒေသကြီး/ပြည်နယ်အဆင့် | - - | ၃၈ |
| ၈၆။ | နိုင်ငံတော်အဆင့် | - - | ၃၉ |
| | **သံဃနာယကအဖွဲ့ အဆင့်ဆင့်** | | |
| ၈၇။ | ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် | - - | ၃၉ |
| ၈၈။ | မြို့နယ်အဆင့် | - - | ၃၉ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


၈၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် - - ၄၀

၉၀။ နိုင်ငံတော်အဆင့် - - ၄၀

၉၁။ ဩဝါဒါစရိယများ - - ၄၁

အခန်း (၁၂)

ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

၉၂။ ဝိနည်းမမှုကံမှုခင်းများကို ဝိနည်းမမှုကံ လုပ်ထုံးအရ ဆောင်ရွက် - - ၄၂

၉၃။ ဂိုဏ်းဆိုင်ရာ ဝိနည်းခိုရ်ဖြင့် ဆုံးဖြတ်ခွင့်ရှိ- - ၄၂

အခန်း (၁၃)

ပညာရေးဆိုင်ရာ လုပ်ငန်းများ

၉၄။ စည်မျဉ်းစည်းကမ်းရေးဆွဲဆောင်ရွက် - - ၄၃

အခန်း (၁၄)

သာသနာ့အလံတော် - - ၄၄

အခန်း (၁၅)

အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်

၉၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တံဆိပ်နှင့် ဆိုင်းဘုတ် - - ၄၅

၉၆။ ကျန်သံဃနာယကအဖွဲ့များ၏ တံဆိပ်နှင့် ဆိုင်းဘုတ် - - ၄၅

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း (၁၆)

## အခြေခံစည်းမျဉ်းပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ခြင်း

၉၇။ ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကသာ ပြုလုပ်နိုင် - - ၄၆

၉၈။ အရေးကြီးလျှင် ၇၅% ရာခိုင်နှုန်း သဘောတူမှ အတည်ဖြစ် - - ၄၆

၉၉။ အရေးမကြီးလျှင် ၅၁% ရာခိုင်နှုန်း သဘောတူမှ အတည်ဖြစ် - - ၄၇

## အခန်း (၁၇)

## လုပ်ထုံးလုပ်နည်း ရေးဆွဲ ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ခြင်း

၁၀၀။ လုပ်ထုံးလုပ်နည်း အသစ်ရေးဆွဲခြင်း - - ၄၈

၁၀၁။ ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ခြင်း - - ၄၈

၁၀၂။ ၅၁% ရာခိုင်နှုန်း သဘောတူမှ အတည်ဖြစ် - ၄၈

## အခန်း (၁၈)

## ထုတ်ပြန်ခြင်းနှင့် ဖွဲ့စည်းပေးခြင်း

၁၀၃။ ညွှန်ကြားချက်, အမိန့်ပြန်တမ်းများ ထုတ်ပြန်ခြင်း ၄၉

၁၀၄။ လိုအပ်သော အဖွဲ့များ ဖွဲ့စည်းပေးခြင်း - - ၄၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁၉)

## အထွေထွေ


| | | |
|---|---|---|
| ၁၀၅။ | သာသနာ့ဝင် မှတ်တမ်းကိုင်ဆောင်ခြင်း - - | ၅၀ |
| ၁၀၆။ | ဝိနည်းမိုရ်အဖြစ် တားမြစ်ခြင်း - - | ၅၀ |
| ၁၀၇။ | မဟာနာယကအဖွဲ့တည်ရာ - - | ၅၁ |
| ၁၀၈။ | မဟာနာယကအဖွဲ့လုပ်ငန်း<br>သာသနာရေးဝန်ကြီးဌာနကဆောင်ရွက်ပေး - | ၅၁ |
| ၁၀၉။ | ဗဟိုဆုံးဖြတ်ချက်အတည်ဖြစ် - - | ၅၂ |
| ၁၁၀။ | နောက်ဆက်တွဲ (က) - - | ၅၃ |

# နိဒါန်း

## ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများ ဆောင်ရွက်ရမည့် အလုပ်

## ဘုရားရတနာပွင့်ပေါ်လာခြင်း

လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား၏ အလောင်းအလျာ သုမေဓာရှင်ရသေ့သည် ဝေနေယျ သတ္တဝါတို့၌ မဟာကရုဏာတော်မြတ် သက်လတ်၍ ဒီပင်္ကရာ ထွက်ချာသေဌ်နှင်း တရားမင်း၏ ခြေတော်ရင်း၌ " သင်ကား မချွတ်ဧကန် အမှန်စင်စစ် သဗ္ဗညုဘုရားရှင်ဖြစ်လိမ့်မည်" ဟူသော နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ရသည့်အခါဝယ် -

" ငါ သံသရာရေပင်လယ်မှ ကူးမြောက်သောအခါ သတ္တဝါ အများတို့ကိုလည်း သံသရာရေပင်လယ်မှ ကူးမြောက်စေအံ့ "၊

" ငါ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သောအခါ သတ္တဝါ များတို့ကိုလည်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေအံ့ "၊

" ငါ သစ္စာလေးပါးတရား သိမြင်သောအခါ သတ္တဝါ အများတို့ကိုလည်း သစ္စာလေးပါးတရားကို သိမြင်စေအံ့" -

ဟူ၍ ကြိမ်းပဝန်ခံတော်မူခဲ့သည်နှင့်အညီ လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလပတ်လုံးအမျှ သုံးဆယ်သော ပါရမီတို့ကိုလည်း ကောင်း, စွန့်ခြင်းကြီးငါးဝ, စရိယသုံးဖြာတို့ကိုလည်းကောင်း၊ ဖြည့်ကျင့်ဆည်းပူးတော်မူပြီးလျှင် နောက်ဆုံးဘဝ၌ သဗ္ဗညုတ ဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ ရောက်တော်မူ၍ လောကသုံးပါး၌ အတုမရှိသော ဘုရားရတနာတော်မြတ်သည် ပွင့်ပေါ်လာတော် မူခဲ့ပါသတည်း။

## တရားရတနာ ထင်ရှားဖြစ်ပေါ်လာခြင်း

ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ၌ မူလရည်ရွယ် တော်မူရင်းအတိုင်း သတ္တဝါဝေနေယျတို့ကို သစ္စာလေးပါး သိမြင်၍ သံသရာဝဋ်ဆင်းရဲ ရေပင်လယ်ထဲမှ ကူးမြောက်စေရန်အလို့ငှာ တရားတော်များကို ၄၅-ဝါ ကာလပတ်လုံး မြွက်ဟထုတ်ဖော် ဟောကြားတော်မူသည်ဖြစ်ရာ လူ, နတ်, ဗြဟ္မာအများတို့ အားထား မှီခို ကြည်ညိုဖွယ်ဖြစ်သော တရားရတနာတော်မြတ်သည် လောက သုံးပါး၌ ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ပါသတည်း။

ထိုသို့ မြတ်စွာဘုရားဟောကြားထုတ်ဖော်တော်မူအပ်သော တရားရတနာ သာသနာတော်မြတ်ကြီးသည်ကား ဝေနေယျသတ္တဝါ တို့အား မျက်မှောက်, တမလွန် နှစ်တန်သော ချမ်းသာကိုလည်း ကောင်း၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုလည်းကောင်း

ရရှိစေနိုင်သည့် နည်းကောင်းလမ်းမှန်များဖြစ်ပေသောကြောင့် လွန်စွာ ကောင်းမွန်မြင့်မြတ်၍ အဖိုးတန်လှပါပေသည်။

ယင်းသာသနာတော်မြတ်ကြီးသည်ကား -

(၁) သဘောတရားကို ပြစရာဖြစ်၍ လေ့လာသင်ယူကြရသော ပရိယတ္တိသာသနာတော်၊

(၂) ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ကြရသော ပဋိပတ္တိသာသနာတော်၊

(၃) မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ဧကန်ထိုးထွင်းသိမြင်ကြရသော ပဋိဝေဓသာသနာတော် -

ဟူ၍ သုံးမျိုးရှိပါသည်။ ယင်းသို့သော သာသနာတော်သုံးရပ်တို့တွင်

ပရိယတ္တိသာသနာတော်သည်လည်း -

(၁) ရဟန်းကျင့်ဝတ် စည်းမျဉ်း ဥပဒေပိုင်းဆိုင်ရာ ဝိနည်းတရားတော်၊

(၂) သမထ ဝိပဿနာ ကျင့်ထုံး ကျင့်နည်းပိုင်းဆိုင်ရာ သုတ္တန်တရားတော်၊

(၃) နာမ် ရုပ် တရားတို့၏ သဘာဝပိုင်းဆိုင်ရာ အဘိဓမ္မာတရားတော် -

ဟူ၍ သုံးမျိုးရှိပါသည်။

## သံဃာရတနာဖြစ်ပေါ်လာခြင်း

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ယင်းသို့ သာသနာတော်သုံးရပ်ကို လိုက်နာဆောင်ရွက်ခြင်း, ထိန်းသိမ်းခြင်း, ပြန့်ပွားအောင် ဖြန့်ဝေခြင်း တာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ သံဃာရတနာကိုလည်း ခွင့်ပြုတော်မူခဲ့ပါသတည်း။

## သံဃာတော်များ လိုက်နာရမည့် စည်းမျဉ်းဥပဒေ

မြတ်စွာဘုရားသည် ယင်းသို့ သံဃာရတနာကို ခွင့်ပြုတော်မူသောအခါ သံဃာ့အဖွဲ့ဝင်များအနေဖြင့် လိုက်နာကျင့်သုံးနိုင်ရန် ဝိနည်း စည်းမျဉ်း ဥပဒေများကိုလည်း ပညတ်တော်မူခဲ့ပါသည်။ ထိုသို့ ပညတ်တော်မူခဲ့သော ဝိနည်းတရားတော်သည် အကျဉ်းအားဖြင့် (၂၂၇)ပါး၊ အကျယ်အားဖြင့် ( ၉၁,၈၀၅,၀၃၆,၀၀၀ ) ကုဋေကိုးထောင်၊ တစ်ရာ၊ ရှစ်ဆယ်၊ ငါးသန်း၊ သုံးသောင်း၊ ခြောက်ထောင်မျှ ရှိတော်မူပါသည်။

## သံဃာတော်များ တာဝန်

မြတ်စွာဘုရားသည် တပည့်သား သံဃာတော်များအား မလွှဲမသွေဧကန်မုချ ထမ်းဆောင်ကြရမည့် တာဝန်များကိုလည်း ပေးအပ်တော်မူခဲ့ပါသည်။

ထိုတာဝန်များသည်ကား -

(၁) ပိဋကတ်တော်များကို သင်ယူ, ပို့ချ, ဟောပြ, ဆောင်ထားခြင်းဟူသော ဂန္ထဓုရ၊

(၂) သမထ ဝိပဿနာတရား ပွားများ အားထုတ်ခြင်းဟူသော ဝိပဿနာဓုရ -

ဟူ၍ နှစ်မျိုးနှစ်စား ရှိကုန်၏။

## သံဃာတော်များရရှိသည့် အကျိုးကျေးဇူး

ဖော်ပြခဲ့သည့်အတိုင်း ဝိနည်းစည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံး၍ သံဃာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည့် သံဃာတော်များအတွက် အချိန်ပြည့် ထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ ဒါယကာ ဒါယိကာမ တို့က သဒ္ဓါကြည်ဖြူပေးလှူသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ခံယူသုံးဆောင်ခွင့် ပြုသောအားဖြင့် ချီးမြှင့်တော်မူခဲ့ပါသည်။ ရတနာသုံးပါးကို ကြည်ညိုလေးစားကြသော ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမတို့ကလည်း သံဃာတော်အရှင်မြတ်တို့အား ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ပင်ပန်းနွမ်းနယ် ညှိုးငယ်ခြင်း မရှိရလေအောင် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းထောက်ပံ့လျက်ရှိကြပေသည်။

## သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားခြင်း

ယင်းသို့ မြတ်စွာဘုရား ပေးအပ်သည့် တာဝန်နှင့် ရပိုင်ခွင့်တို့ကို ခံယူတော်မူကြသော သံဃာ့အဖွဲ့ဝင် သံဃာတော်များကလည်း " သံဃာ့စည်းမျဉ်းဥပဒေ " ဟု ဆိုအပ်သော ဝိနည်းတရားတော်ကို လိုက်နာကျင့်သုံးခြင်း, မြတ်စွာဘုရားပေးအပ်သည့် ဂန္ထဓုရ, ဝိပဿနာဓုရ, တာဝန်နှစ်ပါးကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်းကြောင့် လည်းကောင်း၊ လူ ဒါယကာ ဒါယိကာမများက မြတ်စွာဘုရား ခွင့်ပြုတော်မူသည့်အတိုင်း သံဃာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခဲ့ခြင်းကြောင့် လည်းကောင်း မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးသည် ညစ်ကြေးမထင် စင်ကြယ်စွာ ၂၅၂၄-နှစ်ကြာအောင် အရှည်ခံ၍ တည်တံ့ခဲ့ပြီး ဖြစ်ပေသည်။

## ဗုဒ္ဓဘာသာဝင်တို့၏ ကျေးဇူးရှင်ကြီးများ

ယခုမျက်မှောက်ကာလ၌ ရှိနေကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများသည် မြတ်ဗုဒ္ဓအရှင်မြတ်၏ ငြိမ်းအေးချမ်းသာလှစွာသော သာသနာတော် အရိပ်၌ မှီခိုကိုးစား အားထား၍နေကြရသည့် အကျိုးကျေးဇူးကို စိစစ်သုံးသပ်ကြည့်သည်ရှိသော် အရင်းမူလ သာသနာတော်မြတ်ကို တည်ထောင်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်

ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း, သာသနာ့တာဝန်ကို ကျေပွန်အောင် သယ်ပိုးထမ်းဆောင်တော်မူလာခဲ့ကြသော အရှင်မဟာကဿပ, အရှင်မဟာယသ, အရှင်မဟာမောဂ္ဂလိပုတ္တတိဿ စသော သံဃာ့မထေရ်ကြီးများ အဆက်ဆက်ကိုလည်းကောင်း, အဇာတသတ်မင်း, ကာလာသောကမင်း, သိရိဓမ္မာသောကမင်း စသော သာသနာ့ဒါယကာ မင်းကောင်း မင်းမြတ်များကိုလည်းကောင်း, အခြားသော သာသနာပြုပုဂ္ဂိုလ် အသီးသီးကိုလည်းကောင်း အလွန်အကြူး အထူးကျေးဇူးတင်ထိုက်လှကြောင်း တွေ့မြင်ကြရပေမည်။

## ကျေးဇူးဆပ်ထိုက်ခြင်း

ယင်းသို့ ကျေးဇူးတရား ကြီးမားလှသည့် ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ယခုမျက်မှောက်ခေတ်၌ ထင်ရှားရှိနေသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများက " ကတညုတ ကတဝေဒီ " မင်္ဂလာတရားနှင့်အညီ ပြန်လည်၍ ကျေးဇူးဆပ်သင့်လှပေသည်။

ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ကျေးဇူးတင်၍ ကျေးဇူးပေးဆပ်ချင်ပါသည်ဆိုလျှင် ထိုကျေးဇူး ရှင်ကြီးများ အမြတ်တနိုး ပြုစုပျိုးထောင် ရွက်ဆောင်ခဲ့ကြသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် မဖြစ်မနေ ပြုလုပ်ဆောင်ရွက်ခြင်းသည်သာလျှင် အကောင်းဆုံး အမွန်မြတ်ဆုံး ကျေးဇူး ဆပ်ခြင်း ဖြစ်နိုင်ပါပေသည်။

## ယခုသာသနာ့အခြေအနေ

မျက်မှောက်ခေတ် သာသနာတော်၏ အခြေအနေကို ကြည့်ရှုသုံးသပ်မည်ဆိုလျှင် သာသနာတော်ကြီး ဂုဏ်သိက္ခာ နိမ့်ကျ ညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်လည်းကောင်း, သာသနာတော်ကြီး ပျက်စီးကွယ်ပျောက်သွား စေရန်လည်းကောင်း , ကျင့်ကြံ လုပ်ဆောင်နေကြသူ , ဟောပြောနေကြသူ, ရေးသားထုတ်ဝေနေကြသူ ရဟန်းရှင်လူအချို့ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြားသိ ဖတ်ရှုနေကြရပေသည်။

ယင်းသို့သော သာသနပစ္စတ္ထိက သာသနာ့ရန်သူ, သာသနာ့အန္တရာယ်တို့ကို မတားဆီး မပိတ်ပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စ ကြီးထွားလာလျှင် သာသနာတော်ကြီးသည်ပင် တိမ်းပါး ပျက်စီးသွားနိုင်ပါပေသည်။

## အရှင်မဟာကဿပ၏ သြဝါဒ

အရှင်မဟာကဿပ မထေရ်ကြီးသည် သုဘဒ္ဒရဟန်းကြီး၏ ပြောကြားချက်ကို သံဝေဂယူတော်မူပြီး ပထမသင်္ဂါယနာတင်ရန် ဖော်ပြလတ္တံ့ပါအတိုင်း နှိုးဆော် မိန့်မြွက်တော်မူခဲ့ပါသည်။

ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိဿာမ၊ ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ၊ ပုရေ အဝိနယော ဒိပ္ပတိ, ဝိနယော

**ပဋိဗာဟိယျတိ၊ ပုရေ အဓမ္မဝါဒိနော ဗလဝန္တော ဟောန္တိ, ဓမ္မဝါဒိနော ဒုဗ္ဗလာ ဟောန္တိ။ ပုရေ အဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ , ဝိနယ ဝါဒိနော ဒုဗ္ဗလာ ဟောန္တိ။**

( ဝိ၊ ၄။ ၄၈၁။ ဝိ။ ၅၊ ၁။ ၆၊ )

"ငါ့ရှင်တို့ . . . .

မတရား အဓမ္မဝါဒ မထွန်းပမီ၊
တရားဓမ္မ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊
မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းပမီ၊
ဟုတ်မှန်သော ဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊
အဓမ္မဝါဒီပုဂ္ဂိုလ် အင်အား မကောင်းမီ၊
ဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မနည်းမီ၊
ဝိနည်းမလေးစား မလိုက်နာသူများ အင်အားမကောင်းမီ၊
ဝိနည်းလေးစား လိုက်နာသူများ အင်းအားမနည်းမီ၊
ဓမ္မ, ဝိနယကို ယခု ငါတို့ သင်္ဂါယနာတင်ကြပါကုန်စို့။ "

အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ ဖော်ပြပါ ဩဝါဒတော်များနှင့်အညီ သာသနာတော်နှင့် ဆန့်ကျင်သည့် ကျင့်ကြံလုပ်ဆောင်မှု , ဟောပြောပြသမှု , ရေးသားထုတ်ဝေမှုများ မထွန်းကားမီ၊ သာသနာတော် အားနည်း ပျက်စီးခြင်း မဖြစ်သေးမီ၊ သာသနာ့ဘေးရန် အန္တရာယ်များကို တားဆီးပိတ်ပင်၍ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ထိုက်, ဆောင်ရွက်သင့်လှပေသည်။

**အကောင်းဆုံး ကျေးဇူးဆပ်၊ ကျေးဇူးပြုနည်း**

ယင်းသို့ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ကြမှသာလျှင် သာသနာတော်ကို ဦးစွာအစ တည်ထောင်တော်မူခဲ့သော မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ကျေးဇူးတော်ကိုလည်းကောင်း , ရှေးရှေးသော သာသနာပြုပုဂ္ဂိုလ်များ၏ ကျေးဇူးတော်ကိုလည်းကောင်း, ပေးဆပ်ရာရောက်သည့်အပြင် သာသနာတော်၏ အကျိုးကျေးဇူးကို မခံစားရသေးသော မျက်မှောက်ခေတ်လူသားများနှင့် အနာဂတ်လူသားများအတွက် မွန်မြတ်လှသော ကျေးဇူးပြုမှုကြီးတစ်ရပ်လည်း ဖြစ်နိုင်ပေလိမ့်မည်။

ယင်းသို့ မိမိအပေါ်တင်နေသော ကျေးဇူးကိုပေးဆပ်ခြင်း, နောင်လာနောင်သားများအား ကျေးဇူးပြုခြင်း ဟူသော ကိစ္စကြီးနှစ်ရပ်ကို ပြီးစေနိုင်သည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကြီးကို ဆောင်ရွက်နိုင်ရန်မှာလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းသီတင်းသုံးလျက် ရှိကြသော ဂိုဏ်းအသီးသီးရှိ ဆရာတော် သံဃာတော်အားလုံး ညီညွတ်စွာ ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့အစည်းရှိမှသာ ထိထိရောက်ရောက်အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ယင်းသံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းဖြစ်ပေါ်လာရန် အလို့ငှာ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းကို သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ်-၁၃၄၂ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် တနင်္ဂနွေနေ့၌ ကျင်းပသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းလိုက်သည်။

\+ + + + + + + + + +

# ဒုတိယအကြိမ်နိဒါန်း

ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၄)ရက်မှ (၂၆)ရက်နေ့အထိ (၃)ရက်တိုင်တိုင် ကျင်းပခဲ့သော ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ၁၉၈၀-ပြည့်နှစ်၊ မေလ-၂၅ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ထိုစည်းမျဉ်းအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်များကို ပထမအကြိမ် ၅-နှစ်သက်တမ်းအတွင်း၌ ရွေးချယ်ဖွဲ့စည်းပြီး ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အချိန်အခါရလည်းကောင်း၊ အခြေအနေရလည်းကောင်း တွေ့ကြုံခဲ့ရသော အချို့ပြဿနာရပ်များကို ဖြေရှင်းရာ၌ ရှင်းလင်းတိကျသောအဖြေကို ရရှိရန် အခက်အခဲများကို တွေ့ရှိရပါသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်အလို့ငှါ သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်းကို ပြန်လည်

ပြင်ဆင်ရန် လိုအပ်ကြောင်းသုံးသပ်မိခဲ့ကြပါသည်။ ထိုသုံးသပ်ချက်အရ ပြန်လည်ပြင်ဆင် မွမ်းမံထားသော "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်"ကို သံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၃၃၆)ပါး တက်ရောက်ကြသော ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အစေးကြီးက သာသနာ ၂၅၂၉-ခုနှစ်၊ ကောဇာ ၁၃၄၇-ခု၊ နယုန်လဆန်း (၁၁)ရက်၊ ခရစ် ၁၉၈၅-ခုနှစ် မေလ(၂၉)ရက် ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြဌာန်းခဲ့သည်။

- - - - - - - - - - - -

# တတိယအကြိမ်နှင့် စတုတ္ထအကြိမ်နိဒါန်း

သံဃာ့အဖွဲ့အစည်း အသီးသီးတို့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ကြသည်မှာ (၁၅)နှစ်ပြည့်၍ (၁၆)နှစ် စတုတ္ထအကြိမ်သက်တမ်းသို့ ရောက်လာခဲ့ပြီ ဖြစ်ပေသည်။ သံဃာ့အဖွဲ့အစည်းကြီး အခိုင်အမာဖြစ်ရေး၌ ယင်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည် အဓိကပင်ဖြစ်ပေသည်။ " ဝိနည်းသည် သာသနာ၏ အသက်ဖြစ်သကဲ့သို့ " အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး ကျစ်လျစ်ခိုင်မာတည်တံ့ရေးအတွက် အသက်သွေးကြောပင်ဖြစ်ပေသည်။

ယခင် ပထမအကြိမ် ၊ ဒုတိယအကြိမ် သက်တမ်းကာလတွင် သံဃနာယကအဖွဲ့ မဖွဲ့စည်းနိုင်သော ရပ်/ကျေးသံဃနာယကများကို သံဃနာယကအစုသာ သတ်မှတ်ထားသဖြင့် အထက်သံဃာ့အဖွဲ့အစည်းက ညွှန်ကြားလွှာစသည်များ ပေးပို့ရာ စသည်တို့၌ ရပ်/ကျေး သံဃနာယကအဖွဲ့သို့သာ ရောက်ရှိ၍ ရပ်ကွက်သံဃနာယကအစုသို့ မရောက်သဖြင့် အထက်နှင့်အောက် ကွင်းဆက်ပြတ်ကာ လုပ်ငန်းကိစ္စများ အဆင်မပြေဖြစ်ခဲ့ရပေသည်။

အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြီးသောအခါ စုပေါင်းသံဃနာယကအဖွဲ့ဟု ဖွဲ့စည်းလိုက်ခြင်းကြောင့် ယင်းအခက်အခဲများ ပပျောက်ပြီး တတိယအကြိမ်မှစ၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ခဲ့ပေသည်။

ခေတ်အခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ သံဃာ့ကိစ္စကို အချိန်အခါအလိုက် လိုက်လျောညီထွေ ဆောင်ရွက်နိုင်စိမ့်သောငှာ ( ၁၄-၇-၉၄ )နေ့မှ ( ၁၅-၇-၉၄ )နေ့အထိ ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ယင်းအဖွဲ့သည် ၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ (၅)ရက်နေ့မှ စ၍ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ စုံညီစွာရုံးထိုင်ပြီး သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများကို အခန်းလိုက်ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ပြီး ယင်းသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးသို့ တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထိုမှတစ်ဆင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆဋ္ဌအစည်းအဝေးသို့လည်းကောင်း၊ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ

သံဃာ့အစည်းအဝေးပွဲကြီးသို့လည်းကောင်း ဆက်လက်တင်ပြခဲ့ရာ သံဃာတော် တစ်ထောင့်ခုနစ်ရာကျော်တို့ တက်ရောက်သည့် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက် ( ၁၉၉၅-ခုနှစ်၊ မတ်လ-၁၁ ရက် ) စနေနေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

- - - - - - - - - - -

# ပဥ္စမအကြိမ်နိဒါန်း

သာသနာတော်နှစ် ( ၂၅၂၄ )ခုနှစ်၊ ကောဇာသက္ကရာဇ် ( ၁၃၄၂ )ခုနှစ်၊ ခရစ်နှစ် ( ၁၉၈၀ )ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ မေလ (၂၅)ရက်၊ တနင်္ဂနွေနေ့၌ ကျင်းပသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါး တက်ရောက်သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သော **သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းကို သံဃာ့ကိစ္စဖြစ်သည့်** " ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေး" တို့ကို ဆောင်ရွက်ရာ၌ ကြုံတွေ့ရသော ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် **ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်** ကို **ဒုတိယအကြိမ်** ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကလည်းကောင်း၊ ရပ်/ကျေးသံဃနာယက ဖွဲ့စည်းရာ၌ အထက်နှင့်အောက် ကွင်းဆက်ပြတ်၍ အလုပ် သဘောအရ အဆင်မပြေမှု အကြောင်းပြု၍ **ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို** တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကလည်းကောင်း၊ သံဃာ့ကိစ္စ ဆောင်ရွက် ရာ၌ အချိန်အခါ အခြေအနေအရ လိုက်လျောညီထွေ ဆောင်ရွက်နိုင် စိမ့်သောငှာ **တတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို** စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက လည်းကောင်း၊ ပြင်ဆင်, ဖြည့်စွက် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ မြတ်ဗုဒ္ဓသော်မှ အနုပညတ်သဘောဖြင့် အရာဌာနအားလျော်စွာ

ပြင်ဆင် ဖြည့်စွက်ရိုးဖြစ်၍ ပေါ်ပေါက်လာသော အကြောင်းအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းသည် ဓမ္မတာပါတည်း။ သို့ဖြစ်၍ ယခုစတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ရခြင်း အကြောင်းရင်းမှာ သက်တမ်းကြာရှည် ဂိုဏ်းပေါင်းစုံသံဃာ အဖွဲ့အစည်းကြီးတည်တံ့ ခိုင်မြဲစေရန် ပြုပြင်ပြောင်းလဲခြင်း သဘောအရ သံဃာဆန္ဒနှင့်အညီ လောကကြောင်း၊ ဓမ္မကြောင်း မတိမ်းစောင်းစေဘဲ ယထာဘူတ ကျနစွာ ထင်သာမြင်သာရရှိမှုကို အလေးဂရုပြုခြင်းအားဖြင့် ၁၃၇၆-ခုနှစ် ကဆုန်လပြည့်၊ ၂၀၁၄ -ခုနှစ်၊ မေလ (၁၃)ရက် အင်္ဂါနေ့တွင် ကျင်းပသည့် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ပြင်ဆင်ဖြည့်စွက် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

- - - - - - - - - - -

# အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤစည်းမျဉ်းကို "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း"ဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းတွင် ပါဝင်သော ဖော်ပြလတ္တံ့ပါ ဝေါဟာရများကို ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုသည်။

(ခ) သံဃာဆိုသည်မှာ ဉတ္တိစတုတ္ထ ဥပသမ္ပဒ ကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၍ အယူသီလတူမျှသော ရဟန်း အပေါင်းကို ဆိုသည်။

(ဂ) သံဃာ့အဖွဲ့အစည်းဆိုသည်မှာ ဤအခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းသော သံဃာ့အဖွဲ့အစည်းကို ဆိုသည်။

(ဃ) ဂိုဏ်းဆိုသည်မှာ ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက် (၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁-ရက်)

သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေးဦးစီးဌာန၌ စာရင်းဝင်ပြီး နောက်ဆက်တွဲ (က)တွင် ဖော်ပြထားသည့် သံဃာ့ဂိုဏ်းများကို ဆိုသည်။

( င) ထေရဝါဒဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာ(၆)တန် တင်ထားသော ပါဠိတော် အဋ္ဌကထာ ဋီကာအစရှိသော ပိဋကကို ဆိုသည်။

(စ) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဆိုသည်မှာ ရွေးချယ်/သတ်မှတ်ထားအပ်သော -

(၁) - ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်အဆင့်

- ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဆင့်

(၂) - မြို့နယ်သံဃာ့ဝန်ဆောင်အဆင့်

- မြို့နယ်သံဃနာယကအဆင့်

- မြို့နယ်ဩဝါဒါစရိယအဆင့်

- မြို့နယ်ဝိနည်းဓိုရ်အဆင့်

- သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဆင့်

(၃) - တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်အဆင့်
- တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဆင့်
- တိုင်းဒေသကြီး/ပြည်နယ်ဩဝါဒါစရိယအဆင့်
- တိုင်းဒေသကြီး/ပြည်နယ်ဝိနည်းဓိုရ် အဆင့်

(၄) - နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဆင့်
- နိုင်ငံတော်သံဃမဟာနာယကအဆင့်
- နိုင်ငံတော်ဩဝါဒါစရိယအဆင့်
- နိုင်ငံတော်ဝိနည်းဓိုရ်အဆင့်တို့ကိုဆိုသည်။

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် ဆိုသည်မှာ ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်း သီးတင်းသုံးနေထိုင်ကြသော ကျောင်းထိုင်ဆရာတော် များကို ဆိုသည်။

(ဇ) ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့ ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များက ရွေးချယ်ဖွဲ့စည်းသော သံဃာ့အဖွဲ့ကို ဆိုသည်။

(ဈ) ရပ်ကွက်/ကျေးရွာအုပ်စုများ စုပေါင်း သံဃနာယကအဖွဲ့ဆိုသည်မှာ သတ်မှတ်ထားသော သံဃာ့ဝန်ဆောင် အရေအတွက် မပြည့်မီသဖြင့် သံဃနာယကအဖွဲ့ မဖွဲ့စည်းနိုင်သော ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကများကို နီးစပ်သင့်လျော်ရာစုပေါင်း၍ မြို့နယ် သံဃနာယကအဖွဲ့က သတ်မှတ်ဖွဲ့စည်းပေးထားသော စုပေါင်း သံဃနာယကအဖွဲ့ကို ဆိုသည်။

(ည) မြို့နယ်သံဃာ့ဝန်ဆောင်ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များကသော်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ကျောင်း/ကျောင်းတိုက် ရဟန်းတော်များ၏ အရေအတွက်ပေါ်မူတည်၍ ယင်းရဟန်းတော်များကသော်လည်းကောင်း ရွေးချယ်တင်မြှောက်သော သံဃာ့ဝန်ဆောင်များကို ဆိုသည်။

(ဋ) မြို့နယ်သံဃနာယကအဖွဲ့ဆိုသည်မှာ မြို့နယ်သံဃာ့ဝန်ဆောင်များက ရွေးချယ်ဖွဲ့စည်းသော သံဃာ့အဖွဲ့ကို ဆိုသည်။

(ဌ) မြို့နယ်ဩဝါဒါစရိယအဖွဲ့ဆိုသည်မှာ မြို့နယ်သံဃနာယကအဖွဲ့က ရွေးချယ်၍ မြို့နယ် သံဃာ့

ဝန်ဆောင်များက အတည်ပြုပေးသော ဩဝါဒါစရိယ အဖွဲ့ကို ဆိုသည်။

(ဍ) တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် ဆိုသည်မှာ မြို့နယ်သံဃာ့ဝန်ဆောင်များက ရွေးချယ်တင်မြှောက်သော သံဃာ့ဝန်ဆောင်များကို ဆိုသည်။

(ဎ) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်များက ရွေးချယ်ဖွဲ့စည်းသော သံဃာ့အဖွဲ့ကို ဆိုသည်။

(ဏ) တိုင်းဒေသကြီး/ပြည်နယ်ဩဝါဒါစရိယအဖွဲ့ ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့က ရွေးချယ်၍ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များက အတည်ပြုပေးသော ဩဝါဒါစရိယအဖွဲ့ကို ဆိုသည်။

(တ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆိုသည်မှာ ဂိုဏ်းပေါင်းစုံသံဃအစည်းအဝေးပွဲကြီး၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များက ဆန္ဒပေးရွေးချယ်ထားသော နိုင်ငံတော်

ဗဟိုသံဃာ့ဝန်ဆောင်များ ပါဝင်ဖွဲ့စည်းထားသော သံဃာ့အဖွဲ့ကို ဆိုသည်။

(ထ) **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**ဆိုသည်မှာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ရွေးချယ်တင်မြှောက်ဖွဲ့စည်းပေးသော သံဃာ့အဖွဲ့ကိုဆိုသည်။

(ဒ) **နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့**ဆိုသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အတည်ပြုဖွဲ့စည်းပေးသော ဩဝါဒါစရိယအဖွဲ့ကို ဆိုသည်။

(ဓ) **သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်**ဆိုသည်မှာ သတ်မှတ်ထားသော သံဃာအရေအတွက်အရ ဂိုဏ်းအလိုက်၊ မြို့နယ်အလိုက် သံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော ရဟန်းတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က သီးခြားပင့်ဖိတ်ထားသော ရဟန်းတော်များကို ဆိုသည်။

(န) **ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး** ဆိုသည်မှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံမှ သံဃသမ္မုတိရ

သံဃာ့ကိုယ်စားလှယ်များ ပါဝင်ကျင်းပသည့် အစည်းအဝေးပွဲကြီးကို ဆိုသည်။

(ပ) **သံဃာ့ဝန်ဆောင်**ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စုသံဃာ့ဝန်ဆောင်၊ မြို့နယ်သံဃာ့ဝန်ဆောင်၊ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တို့ကို ဆိုသည်။

(ဖ) **သံဃနာယက**ဆိုသည်မှာ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယက၊ မြို့နယ်သံဃနာယက၊ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက၊ နိုင်ငံတော် သံဃမဟာနာယကတို့ကို ဆိုသည်။

(ဗ) **သြဝါဒါစရိယ**ဆိုသည်မှာ မြို့နယ်သြဝါဒါစရိယ၊ တိုင်းဒေသကြီး/ပြည်နယ်သြဝါဒါစရိယ၊ နိုင်ငံတော် သြဝါဒါစရိယတို့ကို ဆိုသည်။

(ဘ) **နိုင်ငံတော်၊ တိုင်းဒေသကြီး/ပြည်နယ် ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု** များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ကြသည်။

## အခန်း (၂)

## အခြေခံမူများ

### အခြေခံစည်းမျဉ်း ဓမ္မဝိနယနှင့် အညီသာ

၃။ ဤအခြေခံစည်းမျဉ်းသည် သဗ္ဗညုဘုရားရှင်၏ ဓမ္မဝိနယနှင့် အညီသာလျှင် ဖြစ်စေရမည်။

### သံဃာ့အဖွဲ့အစည်းတစ်ခုတည်းသာရှိ

၄။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံ ပါဝင်သော သံဃာ့အဖွဲ့အစည်းတစ်ခုတည်းသာရှိရမည်။

### ရဟန်းသံဃာဟူသမျှ အဖွဲ့အစည်းအတွင်းပါဝင်

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်း အသီးသီးမှ ရဟန်းသံဃာ ဟူသမျှသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီး ဖြစ်သည်။

### သံဃာကိုသာ အလေးဂရုပြု

၆။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ " သံဃဂရုကေန ဘဝိတဗ္ဗံ၊ နော

**ပုဂ္ဂလဂရုကေန = ဓမ္မဝိနယကို အလေးဂရုပြုခြင်းဖြင့် သံဃာကိုသာ အလေးဂရုပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရ** ” ဟူသော ပရိဝါ ပါဠိတော်နှင့်အညီ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်း ဦးဆောင်ခြင်း၊ စုပေါင်း ဆုံးဖြတ်ခြင်း၊ အများ၏ သဘောထားနှင့် ဆန္ဒကို အနည်းစုက လိုက်နာခြင်း၊ အနည်းစု၏ သဘောထားနှင့် ဆန္ဒကို အများက လေးစားခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်တို့ကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်ကို အထက်အဖွဲ့အစည်းက အလေးဂရုပြု အရေးယူ ဆောင်ရွက်ခြင်းတို့ကို ဓမ္မဝိနယနှင့်အညီ ပြုလုပ်ကြရမည်။

## သံဃာ့ဂိုဏ်းများ တည်ရှိခွင့်ပြု

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အတွင်း၌ ၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ သောကြာနေ့အထိ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် စာရင်းဝင် ပြီးသော သံဃာ့ဂိုဏ်းအသီးသီးကို ဆက်လက်တည်ရှိခွင့်ပြုသည်။

## ဂိုဏ်းသစ်တည်ထောင်မှု တားမြစ်

၈။ ၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂)ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂)ရက်၊ စနေနေ့မှစ၍ ဂိုဏ်းသစ်များ ခွဲခြား တည်ထောင်မှုကို တားမြစ်သည်။

## ဂိုဏ်းအချင်းချင်း ပူးပေါင်းခွင့်ရှိ

၉။ အပိုဒ် ၇-အရ ဖော်ပြထားသော ဂိုဏ်းများသည် မိမိတို့သဘောတူရာ ဂိုဏ်းအချင်းချင်း ပူးပေါင်းနိုင်ခွင့် ရှိကြသည်။

## ဂိုဏ်းစည်းကမ်း ကျင့်သုံးခွင့်ရှိ

၁၀။ အပိုဒ် ၇-အရ ဖော်ပြထားသော ဂိုဏ်းအသီးသီးသည် မိမိတို့ဂိုဏ်းဖွဲ့စည်းပြီးသည့်အတိုင်း တည်ရှိနိုင်၍ မိမိတို့ ဂိုဏ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခွင့်ရှိသည်။

## သီးခြားကင်းလွတ်၍ နေခွင့်မရှိ

၁၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် ဤအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့နှင့် သက်ဆိုင်စေရမည်။ သီးခြားကင်းလွတ်၍ သီတင်းသုံးနေထိုင်ခွင့်မရှိ။

## သံဃာ့အဖွဲ့ ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ

၁၂။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များ -

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် ဖြစ်သည်။

(ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်ဖြစ်သည်။

(ဂ) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွား စေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်။

(ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိ သာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်ဖြစ်သည်။

(င) သံဃာတော်များ ဂန္ထဓုရနှင့် ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်နိုင်ကြစေရန်ဖြစ်သည်။

(စ) သံဃာတော်များသည် ဓုရနှစ်ပါးကို အေးချမ်းသာယာစွာ ထမ်းဆောင်တော်မူခွင့်ရသဖြင့် ပဋိဝေဓသာသနာတော်ကို ရရှိခံစားနိုင်ကြစေရန်ဖြစ်သည်။

(ဆ) သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်။

## မူ၊ ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိ

၁၃။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၃)
## သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် သတ်မှတ်ထားရှိခြင်း
## နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့

၁၄။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့များကို ဖော်ပြလတ္တံ့ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

(၃) နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့

(ခ) အပိုဒ် ၁၄/အပိုဒ်ခွဲ (က) (၁) (၂) (၃) တို့တွင် ဖော်ပြထားသည့် အဖွဲ့အသီးသီးသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တစ်ဖွဲ့စီသာ ရှိရမည်။

## ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင်များ

၁၅။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း၌ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊

တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ဖော်ပြလတ္တံ့ပါ သံဃာ့ဝန်ဆောင်များကို သတ်မှတ်ရွေးချယ်ရမည်-

(၁) ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ

(၂) မြို့နယ်သံဃာ့ဝန်ဆောင်များ

(၃) တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များ

(ခ) အပိုဒ် ၁၅/ အပိုဒ်ခွဲ (က) (၁) (၂) (၃) တို့၌ ဖော်ပြထားသည့် သံဃာ့ဝန်ဆောင်အသီးသီး တို့နှင့် အဆင့်တူသတ်မှတ်သည့် သံဃာ့ဝန်ဆောင်များ ဂိုဏ်းအသီးသီးတွင်ရှိနိုင်သည်။

## ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့များ

၁၆။ (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း၌ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ဖော်ပြလတ္တံ့ပါ သံဃနာယကအဖွဲ့များကို ဖွဲ့စည်း ရမည်-

(၁) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊

(၂) မြို့နယ်သံဃနာယကအဖွဲ့၊

(၃) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊

(ခ) အပိုဒ် ၁၆/ အပိုဒ်ခွဲ (က) (၁) (၂) (၃) တို့၌ ဖော်ပြထားသည့် အဖွဲ့အသီးသီး တို့နှင့် အဆင့်တူ သတ်မှတ်သည့် သံဃနာယကအဖွဲ့များနှင့် သံဃနာယကများ ဂိုဏ်းအသီးသီးတွင်ရှိနိုင်သည်။

၁၇။ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က) (၁) (၂) (၃)တို့၌ ဖော်ပြထားသည့် နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့များတွင် ပါဝင်သော အဖွဲ့ဝင် ဆရာတော်များသည် အပိုဒ်-၁၅၌ ဖော်ပြထားသော သံဃာ့ ဝန်ဆောင်များတွင်သော်လည်းကောင်း၊ အပိုဒ်-၁၆၌ ဖော်ပြ ထားသော သံဃနာယကအဖွဲ့များတွင်သော်လည်းကောင်း ပါဝင်ခြင်းမရှိစေရ။

၁၈။ (က) အပိုဒ်-၁၆ ပါ ဆရာတော်များသည် သံဃနာယက အဆင့်များတွင် တစ်ဆင့်ဆင့်၌သာ ပါဝင်ခွင့် ရှိသည်။

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော် သည် မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကဆရာတော်အဖြစ် တင်မြှောက်ခြင်း ခံရပါက ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယက အဖြစ်မှ အလိုအလျောက် နုတ်ထွက်ပြီးဖြစ်သည်။

(ဂ) မြို့နယ်သံဃနာယက ဆရာတော်သည် တိုင်း ဒေသကြီး/ပြည်နယ်သံဃနာယက ဆရာတော်

အဖြစ် တင်မြှောက်ခြင်းခံရပါက မြို့နယ်သံဃနာယက အဖြစ်မှ အလိုအလျောက်နုတ်ထွက်ပြီးဖြစ်သည်။

## တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် ဩဝါဒါစရိယများ

၁၉။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း၌ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များတွင် ဖော်ပြလတ္တံ့ပါ ဩဝါဒါစရိယဆရာတော်များကို ရွေးချယ်ထားနိုင်သည် -

(၁) မြို့နယ်ဩဝါဒါစရိယဆရာတော်များ

(၂) တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယဆရာတော်များ

(ခ) အပိုဒ် ၁၉၊ အပိုဒ်ခွဲ (က) (၁) (၂) တို့၌ ဖော်ပြထားသည့် ဩဝါဒါစရိယဆရာတော်များနှင့် အဆင့်တူ သတ်မှတ်ထားသည့် ဩဝါဒါစရိယဆရာတော်များသည် ဂိုဏ်းအသီးသီးတွင် ရှိနိုင်သည်။

၂၀။ အပိုဒ် ၁၉-အရ ရွေးချယ်သတ်မှတ်ထားသော ဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်သံဃနာယကအဖြစ် ဆောင်ရွက်ခွင့်မရှိ။

# အခန်း (၄)

# သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်း

## သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ခြင်း

၂၁။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပနိုင်ရန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းတော်များထဲမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များကို သီးခြား ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်ရမည်။

## ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်များ ရွေးချယ်ခြင်း

### ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်

၂၂။ ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်းရှိ ကျောင်းထိုင် ဆရာတော်အားလုံးသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်ဆရာတော်များ ဖြစ်သည်။

### မြို့နယ်သံဃာ့ဝန်ဆောင်

၂၃။ ရပ်ကွက်/ကျေးရွာအုပ်စုတစ်ခုအတွင်းရှိ ရဟန်းတော် များသည် မိမိတို့အထဲမှ မြို့နယ်သံဃာ့ဝန်ဆောင်များကို လုပ်ထုံး လုပ်နည်းနှင့်အညီ သတ်မှတ်/ရွေးချယ်ကြရမည်။

## တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်

၂၄။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များသည် မိမိတို့အထဲမှ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ကြရမည်။

## ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကများ သတ်မှတ်ဖွဲ့စည်းခြင်း

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့

၂၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကနှင့် သံဃနာယကအဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်ဆရာတော်များဖြင့် ဖွဲ့စည်းရမည်။

## မြို့နယ်သံဃနာယကအဖွဲ့

၂၆။ မြို့နယ်သံဃနာယကအဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များဖြင့် ဖွဲ့စည်းရမည်။

## တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့

၂၇။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်ဆရာတော်များဖြင့် ဖွဲ့စည်းရမည်။

## နိုင်ငံတော်အဆင့်အဖွဲ့များ ရွေးချယ်ဖွဲ့စည်းခြင်း

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ရွေးချယ်ဖွဲ့စည်းခြင်း

၂၈။ (က) သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်လာသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များသည် မိမိတို့အထဲမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ကြရမည်။

(ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌဆရာတော်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို ဖွဲ့စည်းကြရမည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

၂၉။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် မိမိတို့အထဲမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို လုပ်ထုံး လုပ်နည်းနှင့်အညီ ရွေးချယ်ဖွဲ့စည်းရမည်။

## နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

၃၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သင့်လျော်သော ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများပါဝင်သည့် နိုင်ငံတော်ဩဝါဒါ

စရိယအဖွဲ့စာရင်းတစ်စောင်ပြုစု၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူဖွဲ့စည်းရမည်။

မှတ်ချက်။ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များသည် မူလသံဃာ့ဝန်ဆောင် (၆၆)ပါးတွင် ပါဝင်က အလိုအလျောက် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ်မှ ကင်းလွတ်သည်။

## စုပေါင်းရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း

၃၁။ သတ်မှတ်ထားသော သံဃာ့ဝန်ဆောင်အရေအတွက် မပြည့်မီသဖြင့် သံဃနာယကအဖွဲ့ မဖွဲ့စည်းနိုင်သော ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယက ဆရာတော်များကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့က ပြည့်မီသော ရပ်ကွက်အုပ်စု၌ မပြည့်မီသော ရပ်ကွက်အုပ်စုကို တွဲဖက်၍သော်လည်းကောင်း၊ နီးစပ်ရာမပြည့်မီသော ရပ်ကွက် အုပ်စုချင်း ပူးပေါင်း၍သော် လည်းကောင်း နီးစပ်သင့်လျော်ရာစုပေါင်း၍ "စုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့" အဖြစ် ဖွဲ့စည်းပေးရမည်။

## စုပေါင်းမြို့နယ်သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း

၃၂။ သတ်မှတ်ထားသော မြို့နယ်သံဃာ့ဝန်ဆောင်အရေအတွက်မပြည့်မီသဖြင့် မြို့နယ်သံဃနာယကအဖွဲ့ မဖွဲ့စည်းနိုင်ခဲ့သော် ထိုမြို့နယ်အတွင်းရှိ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့က

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

နီးစပ်သင့်လျော်ရာ မြို့နယ်အတွင်းသို့ ထည့်သွင်းပူးပေါင်း၍ စုပေါင်းမြို့နယ်သံဃနာယက အဖွဲ့အဖြစ် ဖွဲ့စည်းပေးရမည်။

## စုပေါင်းတိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း

၃၃။ သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်အရေအတွက် မပြည့်မီသဖြင့် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ကို မဖွဲ့စည်းနိုင်ခဲ့သော် ထို တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် ဆရာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နီးစပ်သင့်လျော်ရာ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ အတွင်းသို့ ထည့်သွင်းပူးပေါင်း၍ စုပေါင်းတိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့အဖြစ် ဖွဲ့စည်းပေးရမည်။

## ယာယီသံဃနာယကအဖွဲ့များ ဖွဲ့စည်းပေးခြင်း

၃၄။ အပိုဒ် ၂၅-၂၆-၂၇ တို့အရ သံဃနာယကအဖွဲ့များ ဖွဲ့စည်းရာတွင် သံဃာ့ဝန်ဆောင် ဆရာတော်များ မညီညွတ်သဖြင့် ဖွဲ့စည်း၍ မရနိုင်ခဲ့သော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ယာယီ သံဃနာယကအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ရန်အတွက် သံဃာ့ဝန်ဆောင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၄)၊ အပိုဒ် ၁၈၊ ၃၅၊ ၅၂-ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို



၂၉၃၄၉

သက်ဆိုင်ရာ ယာယီသံဃနာယကအဖွဲ့အဖြစ် လျာထား သတ်မှတ်ပေး၍ ယာယီသံဃနာယကအဖွဲ့ကို တစ်ဆင့်မြင့်သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးရမည်။

၃၅။ အပိုဒ် ၃၄-အရ ဖွဲ့စည်းသော ယာယီသံဃနာယကအဖွဲ့များ၏ သက်တမ်းသည် ၁-နှစ်သာဖြစ်၍ ယင်း သက်တမ်းကာလအတွင်း သံဃနာယကအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ရမည်။

## ယာယီသံဃနာယကအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း

၃၆။ အပိုဒ်-၃၅ အရ သံဃနာယကအဖွဲ့ကို ဖွဲ့စည်းနိုင်စွမ်းမရှိလျှင် တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သည် သံဃနာယကအဖွဲ့ကို ဖွဲ့စည်းနိုင်သည်အထိ ယာယီသံဃနာယကအဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ သက်တမ်း (၁)နှစ်စီဖြင့် ပြန်လည်ဖွဲ့စည်းသွားနိုင်သည်။

## အခန်း (၅)
## ရွေးချယ်ဖွဲ့စည်းမှု ကြီးကြပ်ခြင်း
### နိုင်ငံတော်ဩဝါဒါစရိယ -က ကြီးကြပ်ခြင်း

၃၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သင့်လျော်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်သံဃမဟာနာယက ရွေးချယ်မှုနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မူလရွေးချယ်မှုများကို ကြီးကြပ်ဆောင်ရွက် ပေးတော်မူပါရန် လျှောက်ထားရမည်။

### နိုင်ငံတော်ဩဝါဒါစရိယနှင့် မဟာနာယက - က ကြီးကြပ်ခြင်း

၃၈။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မိမိအပါအဝင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်ဩဝါဒါစရိယ အစားထိုးလျာထား ရွေးချယ်မှုကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

### နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ပြည်နယ်က ပူးပေါင်းကြီးကြပ်ခြင်း

၃၉။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မိမိအပါအဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/

ပြည်နယ် သံဃနာယကအဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

## နိုင်ငံတော်အဆင့်က ကြီးကြပ်ခြင်း

၄၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မိမိအပါအဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ ရွေးချယ်မှုနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစားထိုးရွေးချယ်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်က ကြီးကြပ်ခြင်း

၄၁။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သည် မိမိအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ ဝန်ဆောင်အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ မြို့နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းမှု၊ မြို့နယ် ဩဝါဒါစရိယရွေးချယ်မှုနှင့် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ ဝန်ဆောင် ရွေးချယ်မှုတို့ကို ကြီးကြပ် ဆောင်ရွက်ပေးရမည်။

## မြို့နယ်အဆင့်က ကြီးကြပ်ခြင်း

၄၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိအပါအဝင် မြို့နယ်သံဃာ့ဝန်ဆောင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကရွေးချယ်ဖွဲ့စည်း/သတ်မှတ်မှုနှင့် မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်မှုတို့ကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

# အခန်း (၆)

# လုပ်ငန်းတာဝန်များ ပေးအပ်ခြင်း

## ပေးအပ်သော တာဝန် ကျေပွန်စွာထမ်းဆောင်

၄၃။ သံဃာ့အဖွဲ့အစည်း တစ်ဆင့်ဆင့်၌ ပါဝင်သော ဆရာတော်သည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှု၍ မိမိအား ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

# အခန်း (၇)
## နုတ်ထွက်ခွင့်ဆိုင်ရာများ
### နုတ်ထွက်ခွင့် လျှောက်ထားခြင်း

၄၄။ သံဃာ့ဝန်ဆောင်၊ သံဃနာယက၊ ဩဝါဒါစရိယ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဝိနည်းမိုရ် ဆရာတော် တစ်ပါးပါးသည် မိမိတာဝန်မှ နုတ်ထွက်လိုပါက သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ကိုးကြောင်း ဖော်ပြလျက် လျှောက်ထားရမည်။

### နုတ်ထွက်ခွင့်ကို လုပ်ထုံးနှင့်အညီဆောင်ရွက်

၄၅။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် အပိုဒ် (၄၄)အရ နုတ်ထွက်ခွင့် လျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

# အခန်း (၈)
# အရေးယူခြင်းများ

## သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ကို အရေးယူခြင်း

၄၆။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် တစ်ပါးပါးသည် ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းသည်ဟု စွပ်စွဲခံရလျှင်သော်လည်းကောင်း၊ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင်သော် လည်းကောင်း ထိုသံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် ကို လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူရမည်။

## သံဃာ့ဝန်ဆောင်ကို အရေးယူခြင်း

၄၇။ သံဃာ့ဝန်ဆောင်ဆရာတော် တစ်ပါးပါးသည် ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းသည်ဟု စွပ်စွဲခံရလျှင် သော်လည်းကောင်း၊ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင်သော်လည်းကောင်း ထိုသံဃာ့ဝန်ဆောင် ဆရာတော်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူရမည်။

## သံဃနာယက/ဩဝါဒါစရိယကို အရေးယူခြင်း

၄၈။ သံဃနာယက၊ ဩဝါဒါစရိယ ဆရာတော်တစ်ပါးပါးသည် ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းသည်ဟု

**စွပ်စွဲခံရလျှင်သော်လည်းကောင်း၊ မိမိ၏** လုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင် သော်လည်းကောင်း ထိုသံဃနာယက/ဩဝါဒါစရိယ ဆရာတော်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူရမည်။

## သံဃနာယကအဖွဲ့ကို အရေးယူခြင်း

၄၉။ သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့သည် အဂတိလိုက်စားခဲ့လျှင် သော်လည်းကောင်း၊ သံဃနာယက အဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်လျှင်သော်လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ထိုသံဃနာယကအဖွဲ့ကို ဖျက်သိမ်း၍ အစားထိုးရွေးချယ်ဖွဲ့စည်းခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ပေးရမည်။

## အခန်း (၉)

## အစားထိုးရွေးချယ်ခြင်း

### သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဝင်များအားလုံး

၅၀။ လစ်လပ်သွားသော သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော်, ဝိနည်းမိုရ်ဆရာတော်, အဆင့် အသီးသီးမှ သံဃာ့ဝန်ဆောင်ဆရာတော်, သံဃနာယက ဆရာတော်နှင့် ဩဝါဒါစရိယဆရာတော်တို့၏ နေရာများ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အစားထိုးရွေးချယ်ရမည်။

## အခန်း (၁၀)

## အစည်းအဝေးများ ကျင်းပခြင်း

### ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး နေ့ရက် သတ်မှတ်ခြင်း

၅၁။ (က) သက်တမ်းပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပုံမှန်အားဖြင့် (၆)နှစ်(၁)ကြိမ်ကျင်းပရမည်။

(ခ) သက်တမ်းပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပမည့်နေ့ရက်ကို ပုံမှန်အားဖြင့် တပေါင်းလပြည့်အတွင်း ကျင်းပရမည်။

၅၂။ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အရေးကြီးသော သာသနာရေးကိစ္စများ ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

### ကျင်းပရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅၃။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အပါအဝင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များမှ

သင့်လျော်သော ဆရာတော်များကို ထည့်သွင်း၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

## တာဝန်ခွဲဝေသတ်မှတ်ပေးခြင်း

၃၄။ ကျင်းပရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သီးခြားသတ်မှတ် ပေးရမည်။

## တက်ရောက်ခွင့်ရှိသူများ

၃၅။ သက်တမ်းပြည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်စေ၍ အသစ်ရွေးချယ်ထားသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြင့် ကျင်းပရမည်။

## သံဃာ့ဝန်ဆောင်အစည်းအဝေးများ

## အကြိမ်၊ နေ့ရက် သတ်မှတ်ခြင်း

## ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၃၆။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၏ အစည်းအဝေးကို အနည်းဆုံး (၁)နှစ် (၁)ကြိမ်ကျင်းပရမည်။

၃၇။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို သတ်မှတ်ပေးရမည်။

၅၈။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ၏ သက်တမ်းပြည့် အစည်းအဝေးကို ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ဟောင်းက ဦးဆောင်ပါဝင်၍ ကျင်းပရမည်။

## မြို့နယ်အဆင့်

၅၉။ မြို့နယ်သံဃာ့ဝန်ဆောင်များ၏ အစည်းအဝေးကို အနည်းဆုံး (၁)နှစ် (၁)ကြိမ်ကျင်းပရမည်။

၆၀။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို သတ်မှတ် ပေးရမည်။

၆၁။ မြို့နယ်သံဃာ့ဝန်ဆောင်များ၏ သက်တမ်းပြည့် အစည်းအဝေးကို မြို့နယ်သံဃနာယက အဖွဲ့ဟောင်းက ဦးဆောင်ပါဝင်၍ ကျင်းပရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၆၂။ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များ၏ အစည်းအဝေးကို အနည်းဆုံး (၁)နှစ် (၁)ကြိမ်ကျင်းပရမည်။

၆၃။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးကျင်းမည့် နေ့ရက်ကို သတ်မှတ်ပေးရမည်။

၆၄။ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များ၏ သက်တမ်းပြည့် အစည်းအဝေးကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက အဖွဲ့ဟောင်းက ဦးဆောင်ပါဝင်၍ ကျင်းပရမည်။

## နိုင်ငံတော်အဆင့်

၆၅။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို အနည်းဆုံး (၁)နှစ် (၁)ကြိမ်ကျင်းပရမည်။

၆၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို သတ်မှတ်ပေးရမည်။

## သံဃနာယကအဖွဲ့ စုံညီအစည်းအဝေးများ အကြိမ်သတ်မှတ်ခြင်း

## ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၆၇။ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့ စုံညီအစည်း အဝေးကို အနည်းဆုံး (၃)လ (၁)ကြိမ် ကျင်းပရမည်။

## မြို့နယ်အဆင့်

၆၈။ မြို့နယ်သံဃနာယကအဖွဲ့ စုံညီအစည်းအဝေးကို အနည်းဆုံး (၃)လ (၁)ကြိမ် ကျင်းပရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၆၉။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ စုံညီအစည်း အဝေးကို အနည်းဆုံး (၃)လ (၁)ကြိမ် ကျင်းပ ရမည်။

ခြွင်းချက်။ ။သွားလာရေးခက်ခဲသော ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်စသော ဒေသများ၌ (၄)လ (၁)ကြိမ် စည်းဝေးနိုင်သည်။

## နိုင်ငံတော်အဆင့်

၇၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စုံညီအစည်းအဝေးကို အနည်းဆုံး (၄)လ (၁)ကြိမ် ကျင်းပရမည်။

## အရေးပေါ်အစည်းအဝေးများ ညှိနှိုင်းဆောင်ရွက်ခြင်း

## ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၇၁။ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေးကို အရေးပေါ်ကျင်းပလိုလျှင် ရပ်ကွက်/ကျေးရွာအုပ်စု အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## မြို့နယ်အဆင့်

၇၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးကို အရေးပေါ်ကျင်းပလိုလျှင် မြို့နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၇၃။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ ဝန်ဆောင်အစည်းအဝေးကို အရေးပေါ်ကျင်းပလိုလျှင် တိုင်းဒေသကြီး/ပြည်နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## နိုင်ငံတော်အဆင့်

၇၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကိုသော် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကိုသော်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အစည်းအဝေးကိုသော်လည်း ကောင်း အရေးပေါ်ကျင်းပလိုလျှင် သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အရေးပေါ်အစည်းအဝေးများ ကျင်းပခြင်း

## ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၇၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့အရေးပေါ် အစည်းအဝေးကို အမြန်ဆုံး ပင့်ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်။

## မြို့နယ်အဆင့်

၇၆။ မြို့နယ်သံဃနာယကအဖွဲ့အရေးပေါ်အစည်းအဝေးကို အမြန်ဆုံးပင့်ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့် အညီ ကျင်းပရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၇၇။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့အရေးပေါ် အစည်းအဝေးကို အမြန်ဆုံးပင့်ဆောင် ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်။

## နိုင်ငံတော်အဆင့်

၇၈။ ဂိုဏ်းပေါင်းစုံသံဃာ့အရေးပေါ် အစည်းအဝေးပွဲကြီးကို သော်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အရေးပေါ်အစည်းအဝေးကိုသော်လည်းကောင်း အမြန်ဆုံး ပင့်ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်။

၇၉။ နိုင်ငံတော်သံဃနာယကအဖွဲ့ အရေးပေါ်အစည်းအဝေးကို အမြန်ဆုံး ပင့်ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်။

## အထူးအစည်းအဝေးများ ခေါ်ယူကျင်းပခြင်း

## ဗဟိုဝန်ဆောင်နှင့် နာယကအဖွဲ့များ

၈၀။ "ဖြစ်ပေါ်လာသော ကိစ္စသည် အလျင်မြန် ဆုံးဖြတ်ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်"ဟု ယူဆလျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ သံဃနာယကအဖွဲ့အသီးသီးသည် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ခွင့်ရှိသည်။

## အခန်း (၁၁)

## သက်တမ်းများသတ်မှတ်ခြင်း

### သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်

၈၁။ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၏ သက်တမ်းသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အသစ်ကို ရွေးချယ်ပြီးသည်အထိ ဖြစ်သည်။

### ဝန်ဆောင်အဆင့်အဆင့်

### ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၈၂။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်၏ သက်တမ်းသည် ကျောင်းထိုင်ဆရာတော်ဖြစ်နေသမျှ ကာလပတ်လုံးဖြစ်သည်။

### မြို့နယ်အဆင့်

၈၃။ မြို့နယ်သံဃာ့ဝန်ဆောင်၏ သက်တမ်းသည် မြို့နယ်သံဃာ့ဝန်ဆောင်အသစ်ကို ရွေးချယ်ပြီးသည်အထိ ဖြစ်သည်။

### တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၈၄။ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်၏ သက်တမ်းသည် တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် အသစ်ကို ရွေးချယ်ပြီးသည် အထိဖြစ်သည်။

## နိုင်ငံတော်အဆင့်

၈၅။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၏ သက်တမ်းသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အသစ်ကို ရွေးချယ်ပြီးသည့်အထိ ဖြစ်သည်။

## သံဃနာယကအဆင့်ဆင့်

## ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

၈၆။ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယက၏သက်တမ်းသည် ပုံမှန်အားဖြင့် (၆)နှစ်ဖြစ်သည်။ ထပ်မံရွေးချယ်ခံရပါက ဒုတိယ (၆)နှစ်သက်တမ်း ထမ်းဆောင်ခွင့်ရှိသည်။ (၆)နှစ်သက်တမ်း (၂)ကြိမ်ထက် ပိုမို၍ ထမ်းဆောင်ခွင့် မရှိစေရ။ အထက်အဆင့်အဖွဲ့အစည်းဝင်အဖြစ် ရွေးချယ်ခံရပါက ၎င်းအဖွဲ့အစည်း သက်တမ်းအတိုင်းဖြစ်သည်။

ခြွင်းချက်။ ။သတ်မှတ်အရေအတွက် မပြည့်မီသောရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ဖြစ်ပါက (၂)ကြိမ်ထက်ပိုမို၍ အရွေးခံခွင့် ရှိသည်။

## မြို့နယ်အဆင့်

၈၇။ မြို့နယ်သံဃနာယက၏သက်တမ်းသည် ပုံမှန်အားဖြင့် (၆)နှစ်ဖြစ်သည်။ ထပ်မံရွေးချယ်ခံရပါက ဒုတိယ (၆)နှစ်သက်တမ်း ထမ်းဆောင်ခွင့်ရှိသည်။ (၆)နှစ်သက်တမ်း (၂)ကြိမ်ထက် ပိုမို၍ ထမ်းဆောင်ခွင့် မရှိစေရ။ အထက်အဆင့်အဖွဲ့အစည်းဝင်အဖြစ် ရွေးချယ်ခံရပါက ၎င်းအဖွဲ့အစည်း သက်တမ်းအတိုင်းဖြစ်သည်။

ခြွင်းချက်။ ။ သတ်မှတ်အရေအတွက် မပြည့်မီသော မြို့နယ်အတွင်းဖြစ်ပါက (၂)ကြိမ်ထက် ပိုမို၍ အရွေးခံခွင့် ရှိသည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်

၈၈။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက၏သက်တမ်းသည် ပုံမှန်အားဖြင့် (၆)နှစ်ဖြစ်သည်။ ထပ်မံရွေးချယ်ခံရပါက ဒုတိယ (၆)နှစ်သက်တမ်း ထမ်းဆောင်ခွင့်ရှိသည်။ (၆)နှစ်သက်တမ်း (၂)ကြိမ်ထက် ပိုမို၍ ထမ်းဆောင်ခွင့် မရှိစေရ။ အထက်အဆင့်အဖွဲ့အစည်းဝင်အဖြစ် ရွေးချယ်ခံရပါက ၎င်းအဖွဲ့အစည်း သက်တမ်းအတိုင်းဖြစ်သည်။

ခြွင်းချက်။ ။ သတ်မှတ်အရေအတွက် မပြည့်မီသော တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဖြစ်ပါက (၂)ကြိမ်ထက်ပိုမို၍ အရွေးခံခွင့် ရှိသည်။

## နိုင်ငံတော်အဆင့်

၈၉။ နိုင်ငံတော်သံဃမဟာနာယက၏သက်တမ်းသည် ပုံမှန်အားဖြင့် (၆)နှစ်ဖြစ်သည်။ ထပ်မံရွေးချယ်ခံရပါက ဒုတိယ (၆)နှစ်သက်တမ်း ထမ်းဆောင်ခွင့်ရှိသည်။ (၆)နှစ်သက်တမ်း (၂)ကြိမ်ထက် ပိုမို၍ ထမ်းဆောင်ခွင့်မရှိစေရ။

# ဩဝါဒါစရိယများ

၉၀။ နိုင်ငံတော်ဩဝါဒါစရိယနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် ဩဝါဒါစရိယများ၏ သက်တမ်းကို သတ်မှတ်ခြင်းမပြု။

# အခန်း (၁၂)
# ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

## ဝိနည်းဓမ္မကံမှုခင်းများကို ဝိနည်းဓမ္မကံလုပ်ထုံးအရ ဆောင်ရွက်

၉၁။ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ရမည်။

## ဂိုဏ်းဆိုင်ရာဝိနည်းဓိုရ်ဖြင့် ဆုံးဖြတ်ခွင့်ရှိ

၉၂။ ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ သီးခြားဂိုဏ်းရှိသော ဂိုဏ်းဝင်သံဃာများသည် မိမိတို့ အချင်းချင်းဖြစ်ပွားသောဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို မိမိတို့ဂိုဏ်းဆိုင်ရာ ဝိနည်းဓိုရ်များဖြင့် ဖြေရှင်း ဆုံးဖြတ်နိုင်ခွင့်ရှိကြသည်။

# အခန်း (၁၃)
# ပညာရေးဆိုင်ရာ လုပ်ငန်းများ

## စည်းမျဉ်း၊ စည်းကမ်း ရေးဆွဲဆောင်ရွက်

၉၃။ ပရိယတ္တိသာသနာတော်နှင့် ပဋိပတ္တိသာသနာတော် တိုးတက်စည်ပင် ပြန့်ပွားစေရန် လိုအပ်သော လုပ်ထုံး လုပ်နည်းများ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲသတ်မှတ်၍ ဆောင်ရွက်ရမည်။

# အခန်း (၁၄)

## သာသနာ့အလံတော်

၉၄။ သာသနာ့အလံတော်သည် ဖော်ပြလတ္တံ့ပါတိုင်း ဖြစ်သည်။



# အခန်း (၁၅)

## အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တံဆိပ်နှင့် ဆိုင်းဘုတ်

၉၅။ (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်တို့ကို ပြုလုပ်သုံးစွဲနိုင်သည်။

## ကျန်သံဃနာယကအဖွဲ့၏ တံဆိပ်နှင့် ဆိုင်းဘုတ်

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များအတွက် အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်များကို သတ်မှတ်ပေးရမည်။

# အခန်း (၁၆)

## အခြေခံစည်းမျဉ်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း

### ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးကသာ ပြုလုပ်နိုင်

၃၆။ ဤအခြေခံစည်းမျဉ်းပါ အပိုဒ်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊ အတည်ပြုခြင်း ပြုလုပ်နိုင်သည်။

### အရေးကြီးလျှင် ၇၅% ရာခိုင်နှုန်း သဘောတူမှ အတည်ဖြစ်

၃၇။ (က) အပိုဒ် (၃၆)အရ ဆောင်ရွက်ရာ၌ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့က အရေးကြီးသည်ဟု သတ်မှတ်လျှင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးသို့ တက်ရောက်လာသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ၏ အနည်းဆုံး ၇၅% ရာခိုင်နှုန်းက သဘောတူမှသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းသည် အတည်ဖြစ်ရမည်။

## အရေးမကြီးလျှင် ၅၁% ရာခိုင်နှုန်း သဘောတူမှု အတည်ဖြစ်

(ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အရေးမကြီးဟု သတ်မှတ်လျှင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်လာသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ၏ အနည်းဆုံး ၅၁% ရာခိုင်နှုန်းက သဘောတူမှုသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းသည် အတည်ဖြစ်ရမည်။

# အခန်း (၁၇)

## လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်း နုတ်ပယ်ခြင်း

## လုပ်ထုံးလုပ်နည်း အသစ်ရေးဆွဲခြင်း

၉၈။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် အခြေခံစည်းမျဉ်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းနိုင်သည်။

## ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ခြင်း

၉၉။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် လုပ်ထုံးလုပ်နည်းများကို အကြောင်းအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်။

## ၅၁%ရာခိုင်နှုန်း သဘောတူမှ အတည်ပြု

၁၀၀။ အပိုဒ် (၉၈-၉၉)အရ ဆောင်ရွက်ရာ၌ အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များ၏ အနည်းဆုံး ၅၁%ရာခိုင်နှုန်းက သဘောတူမှသာ အတည်ဖြစ်ရမည်။

# အခန်း (၁၈)

## ထုတ်ပြန်ခြင်းနှင့် ဖွဲ့စည်းပေးခြင်း

### ညွှန်ကြားချက် အမိန့်ပြန်တမ်းများ ထုတ်ပြန်ခြင်း

၁၀၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော်နှင့် သက်ဆိုင်သော လိုအပ်သော ကိစ္စများကို ဆောင်ရွက်နိုင်စေရန် အကြောင်းအားလျော်စွာ ညွှန်ကြားချက်များ၊ အမိန့်ပြန်တမ်းများကို ထုတ်ပြန်နိုင်သည်။

### လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း

၁၀၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် သာသနာတော်နှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ရန် လိုအပ်သောအဖွဲ့များကို နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့များထဲမှ သင့်လျော်သော အရေအတွက်ဖြင့် ဖွဲ့စည်းပေးနိုင်သည်။

# အခန်း (၁၉)

## အထွေထွေ

## သာသနာ့ဝင်မှတ်တမ်း ကိုင်ဆောင်ခြင်း

၁၀၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းသီးတင်းသုံးနေထိုင်ကြသော ရှင်သာမဏေများနှင့် ရဟန်းတော်များအားလုံးသည် သတ်မှတ်ထားသော သာသနာ့ဝင်မှတ်တမ်းကို ကိုင်ဆောင်ကြရမည်။

## ဝိနည်းမိုရ်အဖြစ် တားမြစ်ခြင်း

၁၀၄။ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (က) (၂) (၃)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က) (၂) (၃) အပိုဒ်ခွဲ (ခ) (၂) (၃) အပိုဒ် (၁၉)တို့တွင် ဖော်ပြထားသည့် ဆရာတော်များသည် ဝိနည်းမမွကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ် ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနိစ္ဆယ လုပ်ငန်းများတွင် ဝိနည်းမိုရ်ဆရာတော်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

## မဟာနာယကအဖွဲ့တည်ရာ

၁၀၅။ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းဆောင်ကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးတည်ရာ ဗဟိုဌာနချုပ်အဖြစ် သတ်မှတ်သည်။

## မဟာနာယကအဖွဲ့လုပ်ငန်း
## သာသနာရေးဝန်ကြီးဌာနက
## ဆောင်ရွက်ပေး

၁၀၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းများကို သာသနာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည်။

၁၀၇။ ဖော်ပြလတ္တံ့ပါ ဆရာတော်များသည် ကျင်းပသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ အလိုအလျောက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များဖြစ်ကြသည်ဟု မှတ်ယူရမည် -

(က) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က တာဝန်ပေးခံရသော ဆရာတော်များ၊

(ခ) မူလသံဃာ့ဝန်ဆောင် (၆၆)ပါးတွင် မပါဝင်သော ဆရာတော်များ၊

(ဂ) တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ

## ဗဟိုဆုံးဖြတ်ချက် အတည်ဖြစ်

၁၀၈။ ဤအခြေခံစည်းမျဉ်းပါ စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အငြင်းပွားလျှင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ရမည်။

# နောက်ဆက်တွဲ [က]

၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁-ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁-ရက်၊ သောကြာနေ့ကို နောက်ဆုံးထား၍ သာသနာရေးဦးစီးဌာန၌ စာရင်းဝင်သော သံဃာ့ဂိုဏ်းများစာရင်း။

[အခြေခံစည်းမျဉ်း အပိုဒ် - ၂၊ အပိုဒ်ခွဲ (ဃ)နှင့် အပိုဒ် -၇]

၁။ သုဓမ္မာ

၂။ ရွှေကျင်ဂိုဏ်း

၃။ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ၊

၄။ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယ၊

၅။ အနောက်ချောင်းဒွါရဂိုဏ်း၊

၆။ ဝေဠုဝန်နိကာယဂိုဏ်း၊

၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း၊

၈။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊

၉။ ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်း၊

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး
သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
တတိယအစည်းအဝေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ

ပြင်ဆင်ဖြည့်စွက်ချက်

သာသနာ - ၂၅၅၉ ကောဇာ - ၁၃၇၇ ခရစ် ၂၀၁၅

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ

# ပြင်ဆင်ဖြည့်စွက်ချက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ဒုတိယအကြိမ်နိဒါန်း - - | (က) |
| - | မူလနိဒါန်း - - | (ဌ) |
| - | စတုတ္ထအကြိမ်နိဒါန်း - - | (ဍ) |
| | **အခန်း (၁)** | |
| ၁။ | အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် - - | ၁ |
| | **အခန်း (၂)** | |
| ၂။ | အခြေခံမူများ - - | ၃ |
| | **အခန်း (၃)** | |
| ၃။ | နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့အတွက် အရေအတွက် သတ်မှတ်ခြင်း - - | ၄ |
| | **အခန်း (၄)** | |
| ၄။ | ရွေးချယ်ဖွဲ့စည်းခြင်း - - | ၅ |
| | (က) သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ခြင်း - - | ၅ |
| | - သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၏ အရည်အချင်းများ - - | ၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|


(ခ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက
သတ်မှတ်ရွေးချယ်ဖွဲ့စည်းခြင်း - - ၉
- ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက၏
အရည်အချင်းများ - - ၉
- ရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယက
အဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း - - ၁၃
(ဂ) မြို့နယ်သံဃာ့ဝန်ဆောင်နှင့် မြို့နယ်သံဃ
နာယကအဖွဲ့ရွေးချယ်ဖွဲ့စည်းခြင်း- - ၁၅
- မြို့နယ်သံဃနာယက၏ အရည်အချင်းများ ၁၆
- မြို့နယ်ဩဝါဒါစရိယ ရွေးချယ်သတ်မှတ်ခြင်း ၂၀
- မြို့နယ်ဩဝါဒါစရိယ၏ အရည်အချင်းများ ၂၀
(ဃ) တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်နှင့်
တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့
ရွေးချယ်ဖွဲ့စည်းခြင်း - - ၂၃
- တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက၏
အရည်အချင်းများ - - ၂၃
- တိုင်းဒေသကြီး/ပြည်နယ်ဩဝါဒါစရိယ
ရွေးချယ်သတ်မှတ်ခြင်း - - ၂၈
- တိုင်းဒေသကြီး/ပြည်နယ်ဩဝါဒါစရိယ၏
အရည်အချင်းများ - - ၂၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (င) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း - - | ၃၁ |
| | - နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၏ အရည်အချင်းများ - - | ၃၂ |
| | - နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အရည်အချင်းများ - - | ၃၃ |
| | - နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၏ အရည်အချင်းများ - | ၃၄ |
| | - နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင်၏ အရည်အချင်းများ - | ၃၅ |
| | - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း - - | ၃၇ |
| | - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၏ အရည်အချင်းများ - - | ၃၉ |
| | - နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း - - | ၄၀ |
| | - နိုင်ငံတော်ဩဝါဒါစရိယဆရာတော်၏ အရည်အချင်းများ - - | ၄၁ |

## အခန်း (၅)

| | | |
| --- | --- | --- |
| ၅။ | ကြီးကြပ်ကွပ်ကဲခြင်း - - | ၄၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


- ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်း - - ၄၂
- ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်ဖွဲ့စည်း/သတ်မှတ်မှုနှင့် မြို့နယ်သံဃာ့ဝန်ဆောင်ရွေးချယ်/သတ်မှတ်မှု - ၄၂
- မြို့နယ်ဩဝါဒါစရိယ/သံဃနာယက ရွေးချယ်ဖွဲ့စည်းမှုနှင့် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်ရွေးချယ်မှု - - ၄၂
- သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်မှု - - ၄၃
- တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ/သံဃနာယကရွေးချယ်ဖွဲ့စည်းမှုနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစားထိုးရွေးချယ်မှု ၄၃
- နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မူလရွေးချယ်မှု - ၄၄
- နိုင်ငံတော် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအစားထိုး လျာထားရွေးချယ်မှု - - ၄၄
- ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ - ၄၅
- အစီရင်ခံစာနှင့် မိတ္တူပေးပို့ခြင်း - - ၄၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

**အခန်း (၆)**

| | | |
|---|---|---|
| ၆။ | လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း- - | ၅၁ |
| | (က) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကနှင့် သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ | ၅၁ |
| | (ခ) မြို့နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ - - | ၅၅ |
| | - မြို့နယ်ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များ | ၅၉ |
| | (ဂ) တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက အဖွဲ့၏ လုပ်ငန်းတာဝန်များ - - | ၆၀ |
| | - တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များ - - | ၆၃ |
| | (ဃ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ - - | ၆၄ |
| | - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ - - | ၆၇ |
| | - နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များ - - | ၇၆ |

**အခန်း (၇)**

| | | |
|---|---|---|
| ၇။ | **အရည်အချင်း ပျက်ယွင်းခြင်းနှင့် နုတ်ထွက်ခွင့်ပြုခြင်း - -** | ၇၇ |

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | - အရည်အချင်းပျက်ယွင်းခြင်း | - | - | ၇၇ |
| | - နုတ်ထွက်ခွင့်ပြုခြင်း | - | - | ၇၉ |


## အခန်း (၈)


| | | | | |
|---|---|---|---|---|
| ၈။ | **အရေးယူခြင်းများ** | - | - | ၈၁ |
| | - အရေးယူခြင်း | | | |
| | (၁) တိုင်ကြားခြင်း | - | - | ၈၁ |
| | (၂) ပဏာမစုံစမ်းခြင်း | - | - | ၈၂ |
| | (၃). စုံစမ်းစစ်ဆေးခြင်း | - | - | ၈၄ |
| | (၄) အယူခံခြင်း | - | - | ၉၀ |


## အခန်း (၉)


| | | | | |
|---|---|---|---|---|
| ၉။ | **အစားထိုးရွေးချယ်ခြင်း** | - | - | ၉၂ |
| | - လစ်လပ်၍ အစားထိုးရန် လိုအပ်ကြောင်းတင်ပြ | | | ၉၂ |
| | - ကြီးကြပ်ရေးအဖွဲ့ တာဝန်ပေး | - | - | ၉၂ |
| | - ရက်(၃၀)အတွင်း ရွေးချယ် | - | - | ၉၃ |
| | - ရွေးချယ်နည်း | - | - | ၉၃ |
| | - လက်ရှိတာဝန်မစွန့်ဘဲ ရွေးချယ်ခံခွင့်ရှိ | | - | ၉၃ |
| | - ဤအစည်းအဝေး၌ပင် ဆက်လက်ရွေးချယ် | | | ၉၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း (၁၀)** | |
| ၁၀။ | **အစည်းအဝေးများဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး** - - | ၉၅ |
| | (က) ဂိုဏ်းပေါင်းစုံ အစည်းအဝေး - - | ၉၅ |
| | (ခ) အရေးပေါ် အစည်းအဝေး - - | ၉၉ |
| | - သံဃာ့ဝန်ဆောင်များ နှစ်ပတ်လည် အစည်းအဝေး - - | ၁၀၀ |
| | - သံဃနာယကအဖွဲ့များ စုံညီ အစည်းအဝေး - - | ၁၀၁ |
| | - သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့များ စည်းဝေးပုံ - - | ၁၀၁ |
| | - သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့များ အရေးပေါ်အစည်းအဝေး - - | ၁၀၄ |
| | - ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်များ သက်တမ်းပြည့် အစည်းအဝေး - | ၁၀၅ |
| | **အခန်း (၁၁)** | |
| ၁၁။ | သက်တမ်းများ သတ်မှတ်ခြင်း - - | ၁၀၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁၂)** | |
| ၁၂။ | ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ - - | ၁၀၉ |
| | **အခန်း (၁၃)** | |
| ၁၃။ | ပညာရေးဆိုင်ရာလုပ်ငန်းများ - - | ၁၁၀ |
| | **အခန်း (၁၄)** | |
| ၁၄။ | **သာသနာ့အလံတော်** - - | ၁၁၂ |
| | (က) အရောင်တော် ၆-မျိုး - - | ၁၁၂ |
| | (ခ) အရောင်တော်ခြောက်မျိုးခြယ်နည်း - | ၁၁၃ |
| | (ဂ) အလံတော်၏ ပမာဏ - - | ၁၁၃ |
| | (ဃ) အလံတော် သုံးစွဲနည်း - - | ၁၁၃ |
| | **အခန်း (၁၅)** | |
| ၁၅။ | **အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်** - - | ၁၁၆ |
| | (က) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ တံဆိပ် - - | ၁၁၆ |
| | (ခ) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ဆိုင်းဘုတ် - - | ၁၁၇ |
| | (ဂ) တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့များ၏ တံဆိပ် - - | ၁၁၈ |
| | - တံဆိပ်သုံးစွဲခွင့် - - | ၁၁၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဃ) တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့များ၏ ဆိုင်းဘုတ် - - | ၁၂၀ |
| | - ဆိုင်းဘုတ်ထားနည်း - - | ၁၂၁ |
| | **အခန်း (၁၆)** | |
| ၁၆။ | **အခြေခံစည်းမျဉ်း ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ခြင်း** - - | ၁၂၅ |
| | (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးက အတည်ပြု | ၁၂၅ |
| | (ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြု - - | ၁၂၆ |
| | (ဂ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု - - | ၁၂၆ |
| | **အခန်း (၁၇)** | |
| ၁၇။ | လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ခြင်း - - | ၁၂၈ |
| | (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးက အတည်ပြု | ၁၂၈ |
| | (ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြု - - | ၁၂၉ |

| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- | --- |
| | **အခန်း (၁၈)** | | | |
| ၁၈။ | ထုတ်ပြန်ခြင်းနှင့် ဖွဲ့စည်းခြင်း | - | - | ၁၃၀ |
| | လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း | | - | ၁၃၀ |
| | **အခန်း (၁၉)** | | | |
| ၁၉။ | အထွေထွေ | - | - | ၁၃၂ |
| | (က) သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်း | | - | ၁၃၂ |
| | (ခ) ဆန္ဒပေးခွင့်နှင့် အရွေးချယ်ခံခွင့် | - | - | ၁၃၅ |
| | (ဂ) ခရိုင်များ ဖော်ပြခြင်း | - | - | ၁၃၆ |
| ၂၀။ | နောက်ဆက်တွဲများ | - | - | ၁၃၇ |

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ
# ဒုတိယအကြိမ်နိဒါန်း

## ၁၀၃-ခုနှစ် ဘုရားပွင့်

ကမ္ဘာဦးအစ မဟာသမ္မတ အသမ္ဘိန္န ခတ္တိယမျိုးမှ ဆင်းသက်၍ ကပိလဝတ်မင်းအဖြစ်သို့ ရောက်လာခဲ့သော သိဒ္ဓတ္ထ မင်းသား ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သမ္မာသမ္ဗုဒ္ဓအစစ် လောကသခင်နှင်း တရားမင်းအဖြစ်သို့ ရောက်တော်မူလာခဲ့လေသည်။

## သာသနာတော်တည်ထောင်

ဂေါတမနွယ်ဖွား သဗ္ဗညုတရှင်တော်မြတ်ဘုရားသည် မိမိကိုယ်တိုင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူ ပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမျှ ကာလပတ်လုံး ပါရမီထိုထို မြတ်ကုသိုလ်အနန္တတို့ကို ဖြည့်ကျင့် ဆည်းပူးပြီးမှ ရရှိတော် မူလာခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကြီးဖြင့် လူ,နတ်,ဗြဟ္မာ သတ္တဝါအများတို့၏ အစီးအပွားအလို့ငှါ ပရိယတ်,ပဋိပတ်,ပဋိဝေဓ သုံးထွေသော သာသနာတော်မြတ်ကြီးကို ဦးစီးခေါင်းဆောင် တည်ထောင်တော်မူခဲ့လေသည် ။

## သံဃာ့အဖွဲ့အစည်းဖန်တီး

သုံးလောကစောထီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိမိဦးစီးခေါင်းဆောင် တည်ထောင်တော် မူလာခဲ့သော သာသနာတော်မြတ်ကြီးကို နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် လက်ဆင့်ကမ်းကာ ထမ်းဆောင်နိုင်ကြမည့် အရှင်ကောဏ္ဍညစသော ပုဂ္ဂိုလ်တို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့မှစ၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူလျက် သံဃာ့အဖွဲ့အစည်းကို ဖန်တီးပေးတော်မူခဲ့ပေသည်။

## လက်ဆင့်ကမ်း ထမ်းဆောင်လာခဲ့ကြ

သံဃာ့အဖွဲ့အစည်းဝင် ထေရ်မဟာအရှင်သူမြတ်တို့သည် မိမိတို့ဆရာ မြတ်စွာဘုရား တည်ထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးကို ယနေ့ (၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁-ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁-ရက်၊ သောကြာနေ့)တိုင် နှစ်ပေါင်း ၂၅၆၈-နှစ် ကြာအောင် ဆရာမှတပည့်သို့ လက်ဆင့်ကမ်းကာ ထမ်းဆောင်လာခဲ့ကြလေသည်။

မှတ်ချက်။ ။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ၄၅-နှစ်နှင့် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ၂၅၂၃-နှစ်ကို ပေါင်းတွက်ထားသည် ။

## အဆိုးလောကဓံနှင့် ရင်ဆိုင်ရ

ထိုမျှကြာအောင် ထမ်းဆောင်လာခဲ့ကြရာတွင် မြန်မာနိုင်ငံ၌မူ ဘာသာအယူဝါဒ မတူမျှသော လူမျိုးခြား အစိုးရတို့၏ အုပ်ချုပ်မှုကို နှစ်ပေါင်းများစွာခံခဲ့ရခြင်း, ကြောက်မက်ဖွယ်ကောင်းလှသော စစ်ဘေးစစ်ဒဏ်တို့ကို အကြိမ်ကြိမ် အဖန်ဖန် ခံခဲ့ရခြင်းစသော အဆိုးလောကဓံတရားတို့နှင့် ရင်ဆိုင်ရဖန်များသောကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံသား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ အများတို့သည် တဖြည်းဖြည်းသာသနာစိတ်ဓာတ် လျော့ပါး လာခဲ့ကြ ရလေသည်။

## ဝိနည်းဒေသနာ ပြည့်စုံစွာမကျင့်သုံးနိုင်ကြ

အချို့ အချို့သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ များသည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားဆုံးမတော်မူထားခဲ့သော ဝိနည်းတရားတော်များကို ပြည့်စုံစွာ မကျင့်သုံးနိုင်ကြတော့ဘဲ ကုလဒူသန, အနေသန, မိစ္ဆာဇီဝ စသော အမှုတို့ကို ပြုလုပ်လာ ကြသဖြင့် သာသနာတော်ကို မှီခို၍ ကြည်ညိုလေးစား အားထားရင်း ရှိခဲ့ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ ဒကာမများတို့၏ စေတနာ, သဒ္ဓါတရားကို ထိန်းမထားနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့ကြပေသည်။

## သမဏသညာ ကင်းကွာ

ဤမျှလောက်မကသေး စစ်ဘေးစစ်ဒဏ် အထိခံကြရသော အချို့ ဒကာ ဒကာမများသည် မိမိတို့မှီခို အားထားကိုးစားရာ

ဆရာသမား ရဟန်းတော်များ၏ ကျောင်းသင်္ခမ်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်ကာ အသီးသီး ခိုအောင်းလာခဲ့ကြရလေသည်။ လူဝတ်ကြောင်များနှင့် နှစ်ရှည်လများ နီးနီးကပ်ကပ် ဆက်ဆံနေထိုင်လာခဲ့ကြရသော အချို့အချို့သော ရဟန်းတော်များသည် သမဏသညာ ကင်းကွာကြလျက် ယင်းတို့၏ ရင့်ကျက်ပြီးသော ဣန္ဒြေ အသီးသီးတို့ အပျက်အစီးကြီး ပျက်စီးခဲ့ကြရလေသည်။

## လူပြိန်းကြိုက် အဓမ္မဝါဒ ဟောကြား

အချို့ အချို့သော ရဟန်းတော်များသည် မိမိတို့စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော လူပြိန်းကြိုက် အဓမ္မဝါဒများကို ဗုဒ္ဓဝါဒအမည်တင်ကာ တွင်တွင်ကြီး ဟောကြားလာခဲ့ကြလေသည်။

## သာသနာတော်နှင့် မထိုက်တန်သော အလုပ်ပြုလုပ်

အချို့ အချို့သော ရဟန်းတော်များသည်လည်း တန်ခိုးကြီးသော ဘုရားပရိဝုဏ်အနီး၌ နေထိုင်ကြပြီး ယင်းတို့ကိုယ်တိုင် ဘိုးတော်အမည်ကိုခံယူကြရုံမျှမက များစွာသော ဘိုးတော် ဘတော်အမည်ခံ မလျော်ကန်သော လူရုပ်တို့ကိုလည်းကောင်း မယ်တော်ကြီး မယ်တော်ငယ်, မင်းကြီး, မင်းကလေး, ကိုးမြို့ရှင်, နယ်ပိုင်ရှင်စသော အမျိုးမျိုးသော နတ်ရုပ်တို့ကိုလည်းကောင်း ပြသလျက် သာသနာတော်နှင့် မထိုက်တန်သော အလုပ်တို့ကို သာသနာပြုအမည်တပ်ကာ ရဲဝံ့စွာ လုပ်ကိုင်လာကြလေသည် ။

## အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ယူ

အချို့ အချို့သော လူပုဂ္ဂိုလ်တို့ကလည်း ပရိက္ခရာသင်္ကန်း ဌါးရမ်းကြပြီး သိက္ခာမတင် သိမ်မဝင်ဘဲ မိမိတို့ အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ယူကြလျက် မြို့ရွာရပ်ကွက်အတွင်း အိမ်ပေါက်စေ့အောင် လှည့်လည်ကြ၍ လည်းကောင်း, ဘုရားဖူးသူ လူစည်ကားရာ ဘုရားစောင်းတန်း လှေကားပေါ်မှာ အမြင်မတော်အောင် စောင့်မျှော်ထိုင်နေကြ၍လည်းကောင်း တောင်းခံစားသောက်လာခဲ့ကြလေသည်။

## နိုင်ငံခေါင်းဆောင်များနှင့် သာသနာ့ဦးသျှောင်တို့ ဆွေးနွေးညှိနှိုင်း

ယင်းသို့ဖြင့် သာသနာနှစ်-၂၅၂၃၊ ကောဇာသက္ကရာဇ် ၁၃၄၁-ခုနှစ်သို့ ရောက်လာသောအခါ ထိုဖော်ပြပြီး အခြေအနေအမျိုးမျိုးကို သိရှိတော်မူကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ပြည်နယ်/တိုင်းအသီးသီး ဂိုဏ်းအသီးသီးရှိ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ အကြိမ်ကြိမ်တွေ့ဆုံတော်မူကြလျက် သာသနာတော်အရေး ဆွေးနွေးညှိနှိုင်းတော်မူခဲ့ကြလေသည်။

## ဆရာ ဒကာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

ဆွေးနွေးညှိနှိုင်းမှုများအရ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဦးတည်ချက်ထားလျက် ဆရာဒကာ ပူးပေါင်း

ဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည့် အားလျော်စွာ သာသနာနှစ် ၂၅၁၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁)(၁၂)(၁၃) ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၄)(၂၅)(၂၆) နေ့များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ ကိုယ်စားလှယ်ဆရာတော် (၁၂၁၈)ပါး တက်ရောက်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းကို ပြဋ္ဌာန်းခဲ့ပေသည်။

## သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအတည်ပြု

ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်နိုင်ကြစေရန် သာသနာနှစ် ၂၅၂၄-ခု၊ ကောဇာ သက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၆)ရက် တနင်္လာနေ့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။

## လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်

အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးသော အခြေခံစည်းမျဉ်းနှင့် သံဃာ့ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအရ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကို ရွေးချယ်ဖွဲ့စည်းကြပြီး

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြလေသည်။

## ပြဿနာတွေ့ရ၍ ပြင်ဆင်ရန်လိုအပ်

ထိုသို့ ဆောင်ရွက်ကြရာတွင် အချိန်အခါအရလည်းကောင်း၊ အခြေအနေအရလည်းကောင်း တွေ့ကြုံခဲ့ရသော အချို့သော ပြဿနာများကို ဖြေရှင်းရာ၌ ရှင်းလင်းတိကျသော အဖြေကို ရနိုင်ဖို့ရာ အခက်အခဲများစွာကို တွေ့ရှိကြရလေသည်။ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင်၊ မွမ်းမံဖို့ရာ လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်မိခဲ့ကြပေသည်။

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အား တာဝန်ပေးအပ်

ယင်းသို့ သုံးသပ်မိခဲ့ကြသည့်အလျောက် ၁၃၄၆-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်၊ (၉. ၆. ၈၄) စနေနေ့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေးက ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး ကျင်းပသောအခါ အတည်ပြု ပြဋ္ဌာန်းနိုင်ဖို့ရာ ပြင်ဆင်၊ မွမ်းမံသင့်သော အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ပြင်ဆင် မွမ်းမံထားနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား တာဝန်ပေးအပ်ခဲ့လေသည်။

## မဟာနာယက (၇)ပါးအား တာဝန်ခွဲပေး

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်ခဲ့သော တာဝန်ကို ထမ်းဆောင်ရမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၁၃၄၆-ခုနှစ်၊ ဝါဆိုလဆန်း (၉)ရက်၊ ၁၉၈၄-ခုနှစ်၊ ဇူလိုင်လ (၆)ရက်၊ သောကြာနေ့တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ သတ္တရသမ အစည်းအဝေး၌ ပြင်ဆင်မွမ်းမံသင့်သော အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများစသည်တို့ကို ပြင်ဆင်မွမ်းမံရန် နိုင်ငံတော်သံဃမဟာနာယကဆရာတော် (၇)ပါးတို့အား တာဝန်ခွဲပေးခဲ့လေသည်။

## အဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်

ဆရာတော် (၇)ပါးတို့သည် ၁၃၄၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅)ရက်၊ ၁၉၈၄-ခုနှစ်၊ ဇူလိုင်လ (၁၇)ရက် အင်္ဂါနေ့တွင် ဇမ္ဗူဒီပကျောင်းဆောင် အပေါ်ဆုံးထပ် အမှတ် (၅၃)အခန်းကို အဖွဲ့ရုံးခန်းအဖြစ် သတ်မှတ်ကြလျက် ထိုရုံးခန်း၌ပင် စည်းဝေးတော်မူကြပြီး အဖွဲ့အစည်းပုံစံဖြင့် လုပ်ဆောင်ရန် သဘောတူတော်မူကြသည့်အားလျော်စွာ ပြင်ဆင်မွမ်းမံရေး အဖွဲ့ငယ်ကို ဖွဲ့စည်း၍ဆောင်ရွက်တော်မူခဲ့လေသည်။

## မူ (၈)ရပ် ချမှတ်ဆောင်ရွက်

အဖွဲ့ဝင်ဆရာတော်တို့သည် အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းစသည်တို့ကို ပြင်ဆင် မွမ်းမံရာတွင် အယူအဆတူညီ၍

ပြင်ဆင်မှု လွယ်ကူစေရန် အလို့ငှါ ဖော်ပြလတ္တံ့ပါ ပြင်ဆင် မွမ်းမံရေး မှု(၈)ရပ်ကို ချမှတ် ဆောင်ရွက်တော်မူကြလေသည် ။

## ပြင်ဆင်, မွမ်းမံရေးမှုများ

အဖွဲ့ငယ်၏ ပြင်ဆင်, မွမ်းမံမှုသည် -

(၁) အချက်အလက်ပိုမို ပြည့်စုံစေရန် ဖြစ်သည်၊

(၂) စကားဝါကျ သိပ်သည်းကျစ်လျစ်စေရန် ဖြစ်သည်၊

(၃) စကားလုံးအဓိပ္ပာယ် ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်၊

(၄) စကားလုံး အသုံးအနှုန်း ခန့်ညားထည်ဝါမှု ရှိစေရန် ဖြစ်သည်၊

(၅) ရှေ့နောက် အသုံးအနှုန်း ဝေါဟာရ တူမျှစေရန် ဖြစ်သည်၊

(၆) အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ နာယက လက်စွဲ ညွှန်ကြားလွှာ စာအုပ်များပါဆိုင်ရာ စကား ဝါကျ အချင်းချင်း အဓိပ္ပါယ် အယူအဆ တူမျှမှု ရှိစေရန် ဖြစ်သည်၊

(၇) ပထမအကြိမ် တာဝန်ကာလအတွင်း၌ သံဃာ့အဖွဲ့ အစည်း အသီးသီးတို့ တွေ့ကြုံခဲ့ကြရသော ခက်ခဲသည့် ပြဿနာအဖြာဖြာတို့ကို လွယ်ကူစွာ ဖြေရှင်းနိုင်စေရန် ဖြစ်သည်၊

(၈) ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးကျင်းပရေးဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဆန့်ကျင်မှု မရှိစေရန်ဖြစ်သည်။

## စက်တင်ပုံနှိပ်စေနိုင်ခဲ့

အဖွဲ့ဝင်ဆရာတော်တို့သည် ဖော်ပြပါ ပြင်ဆင် မွမ်းမံရေးမူ (၈)ရပ် ချမှတ်ပြီး ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြရာ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင် ဖြည့်စွက်ချက်မူကြမ်း)ကို ၁၃၄၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ ၁၉၈၄-ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် စတင်ပုံနှိပ်စေနိုင်ခဲ့လေသည်။

## နိုင်ငံတော်သံဃမဟာနာယကနှင့် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး ၂-ခုက အတည်ပြု

ယင်းမွမ်းမံပြင်ဆင်ထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ၁၃၄၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်၊ ၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်၊ အင်္ဂါနေ့တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ အစည်းအဝေးသို့လည်းကောင်း၊ ၁၃၄၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆)ရက်၊ ၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်၊ သောကြာနေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအထူးအစည်းအဝေးသို့

လည်းကောင်း တင်ပြ၍ လိုအပ်သလို ပြင်ဆင်မွမ်းမံမှု ထပ်မံပြုလုပ်ပြီးလျှင် ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးသို့ တင်သွင်းလျက် ဝေဖန်ဆွေးနွေးပြီး အတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပြဋ္ဌာန်း

ယင်းသို့ အစည်းအဝေးကြီး ၂-ခုက လက်ခံ၍ လိုအပ်သလို ပြင်ဆင်မွမ်းမံမှု ထပ်မံပြုလုပ်ပြီးသော ဤသံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်ကို ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ ၁၉၈၅-ခုနှစ်၊ မေလ (၃၀)ရက်၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက ဝေဖန်ဆွေးနွေးပြီး အတည်ပြု ပြဋ္ဌာန်းသည်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
# သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ
## မူလနိဒါန်း

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ရည်မှန်းထားရှိ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာနှစ် ၂၅၂၄၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁၊၁၂၊၁၃၊၁၄) ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၄၊၂၅၊၂၆၊၂၇) ရက်နေ့များတွင် ကျင်းပသော တစ်နိုင်ငံလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် (၁၂၁၈)ပါး တက်ရောက်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

ယင်းအခြေခံစည်းမျဉ်းပါ အပိုဒ်များနှင့်အညီ ဆောင်ရွက်နိုင်ကြစေရန်အတွက် သာသနာနှစ် ၂၅၂၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်၊ ၁၉၈၀-ပြည့်နှစ်၊ မေလ (၂၆)ရက်၊ တနင်္လာနေ့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

# စတုတ္ထအကြိမ် နိဒါန်း

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတည်း ဟူသော ဦးတည်ချက်(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အခြေအနေနှင့် အချိန်အခါအလိုက် ပြင်ဆင် ဖြည့်စွက်၊ ဖြုတ်ပယ်ခြင်းများကို ပြုလုပ်ပြီး ယင်းပြင်ဆင် ဖြည့်စွက်ချက်များကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာနှစ် ၂၅၃၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း (၁၁၊၁၂၊၁၃)ရက်နေ့များတွင် ကျင်းပသော တစ်နိုင်ငံလုံးမှ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်ဆရာတော် တစ်ထောင့်ခုနစ်ရာကျော် တက်ရောက်သော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည် ။

ယင်းအခြေခံစည်းမျဉ်းပါ ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ်များနှင့်အညီ လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ကြစေရန်အတွက် သာသနာနှစ် ၂၅၃၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်၊ (၁၉၉၅-ခုနှစ်၊ မတ်လ ၉-ရက်) ကြာသပတေးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေးနှင့် စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒုတိယအစည်းအဝေးတို့က သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း (ပြင်ဆင်၊ ဖြည့်စွက်ချက်)များကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ"ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါဝင်သော ဝေါဟာရများအနက် အခြေခံစည်းမျဉ်းတွင် ဖော်ပြထားသော ဝေါဟာရများသည် အခြေခံ စည်းမျဉ်းပါအတိုင်း အဓိပ္ပာယ်သက်ရောက်ရမည်၊ အခြေခံစည်းမျဉ်းတွင် ဖော်ပြမထားသော ဝေါဟာရများ၏ အဓိပ္ပာယ်သက်ရောက်မှုသည် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည် -

(က) ကျောင်းထိုင် ဆိုသည်မှာ အသိအမှတ်ပြုအပ်ပြီးသော ကျောင်း/ကျောင်းတိုက်၏ ပဓာနနာယကပုဂ္ဂိုလ်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်လျက် ကျောင်းထိုင်အင်္ဂါနှင့် ပြည့်စုံသည်ဟု သက်ဆိုင်ရာ သံဃနာယကအဖွဲ့၏ အသိအမှတ်ပြုခြင်းခံရသည့် ရဟန်းတော်ကို ဆိုသည်၊

(ခ) - သံဃာ့အစည်းအဝေး ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ အစည်းအဝေး၊

- ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ အစည်းအဝေး၊

- မြို့နယ်သံဃာ့ဝန်ဆောင်များ အစည်းအဝေး၊
- မြို့နယ်သံဃနာယကအဖွဲ့ အစည်းအဝေး၊
- တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များ အစည်းအဝေး၊
- တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ အစည်းအဝေး၊
- နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး၊
- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အစည်းအဝေး၊
- ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးများကို ဆိုသည်။

# အခန်း (၂)

## အခြေခံမူများ

> သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
> အခန်း (၂) အပိုဒ်-၄

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဖွဲ့စည်းခွင့်တောင်းခံလာသည့် ဘာသာရေးဆိုင်ရာ သံဃာ့အဖွဲ့အစည်းများကို သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုကို ခံယူစေပြီး ခွင့်ပြုနိုင်သည်။ သို့သော် ၄င်းအဖွဲ့အစည်းများသည် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ရောထွေးမှုမရှိစေရ၊

(ခ) သံဃနာယကအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုကို မခံယူသော ဘာသာရေးဆိုင်ရာ သံဃာ့အဖွဲ့အစည်းများကို ခွင့်မပြုရ။

# အခန်း (၃)

## နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့အတွက် အရေအတွက် သတ်မှတ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၃) အပိုဒ်-၁၄ (က)(ခ) |

၄။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်လာသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များထဲမှ ဆရာတော် ၂၀၀-ပါးမှ ၃၀၀-ပါးအထိ ပါဝင်စေ၍ ဖွဲ့စည်းရမည်။

၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် (၄၇)ပါးဖြင့် ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့ကို ဆရာတော်ကြီး ၅၅-ပါးမှ ၁၁၁-ပါးအထိ ပါဝင်စေ၍ ရွေးချယ်ဖွဲ့စည်းရမည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ သံဃာ့ဂိုဏ်း အသီးသီးရှိသော်လည်း ထိုဂိုဏ်းအသီးသီးသည် ဂိုဏ်းအလိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယ အဖွဲ့များကို ဖွဲ့စည်းခွင့်မရှိ။

# အခန်း (၄)

## ရွေးချယ်ဖွဲ့စည်းခြင်း

## (က) သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ်-၂၁။ |

၈။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ရန် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က သတ်မှတ်ပေးသော နည်းလမ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ရမည်။

၉။ အပိုဒ်-၈ အရ ရွေးချယ်ရမည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ၏ အရေအတွက်ကို ၁၂၀၀-ပါး မှ ၁၃၀၀-ပါး အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က သတ်မှတ်ပေးရမည်။

၁၀။ အပိုဒ်-၉ အရ သတ်မှတ်ထားသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အရေအတွက်ကို ဂိုဏ်းများရှိ ဂိုဏ်းဝင်သံဃာဦးရေနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ်များရှိ ရဟန်းတော်ဦးရေကို အခြေခံ၍ အချိုးကျ ခွဲဝေသတ်မှတ် ပေးရမည်။

၁၁။ အပိုဒ်(၁၀) အရ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဦးရေကို အချိုးကျခွဲဝေရာတွင် အချိုးမမီသော အချို့သောမြို့နယ်များ၌ ရဟန်းတော်ဦးရေ(၁၀)ပါးရှိမှသာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် (၁)ပါး သတ်မှတ်ရမည်။

၁၂။ မြို့နယ်အတွင်းရှိ ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်များသည် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ အပိုဒ်(၁၀) အပိုဒ်(၁၁)အရ သတ်မှတ်ထားသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များကို များရာသံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြရမည်။

၁၃။ သီးခြားဂိုဏ်းများသည် မိမိတို့ဂိုဏ်းအတွက် သတ်မှတ်ထားသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များကို မိမိတို့ဂိုဏ်း၏ အစီအစဉ်အရ ရွေးချယ်ခွင့် ရှိကြသည်။

## သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၏ အရည်အချင်းများ

၁၄။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) သိက္ခာတော်အနည်းဆုံး(၁၀)ဝါမှ (၅၀)ဝါ ရှိရမည်၊

(ခ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊

(ဂ) အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သက္ကသီဟဓမ္မာစရိယ၊ တက္ကသီလဓမ္မာစရိယ၊ ဝိနယဝိဒူတစ်ခုခုကို အောင်မြင်ရမည်။ ယင်းဘွဲ့ရပုဂ္ဂိုလ်များမရှိပါက သင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။

(ဃ) ယုတ္တိ ရှိ-မရှိ၊ သဘာဝ ကျ-မကျ ဝေဖန်စိစစ်နိုင်သည့် (ဝိဘဇ္ဇဝိစာရဏ)ဉာဏ်နှင့် ပြည့်စုံရမည်။

(င) လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံရမည်၊

(စ) သံဃာတော်များ၏ ယုံကြည်လေးစား အားထား ကြည်ညိုမှုကို ခံထိုက်ရမည်၊

(ဆ) သည်းခံခြင်း ခမာဂုဏ်နှင့် ပြည့်စုံ၍ သူခပ်သိမ်း တို့နှင့် ဆက်ဆံရာ၌ ချိုသာသိမ်မွေ့နူးညံ့ပြေပြစ်မှု ရှိရမည်၊

(ဇ) သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရာ ကာလအတွင်း အန္တိမဝတ္ထုဖြင့် စွပ်စွဲမခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဈ) ဂုဏ်အင်္ဂါ အရည်အချင်း ပျက်ယွင်းခြင်းစသော အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့အစည်းမှ ထုတ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည် ၊

(ည) အကြောင်းတစ်စုံတစ်ရာကြောင့် သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်၌ ပါဝင်ခွင့်မှ တားမြစ်ထားခြင်း/ နာယကအစုမှ ကြဉ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဋ) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေး မခံရဖူးသော ပုဂ္ဂိုလ် ဖြစ်ရမည်၊

(ဌ) ရွေးချယ်ရာ မြို့နယ်အတွင်း၌ ဝါကပ်သီတင်းသုံး သော ပုဂ္ဂိုလ်ဖြစ်ရမည်။

မှတ်ချက်။ ။(၁) သီးခြားဂိုဏ်းများ၏ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အတွက် အရည်အချင်း သတ်မှတ်ရာ၌လည်း ဖော်ပြပြီး အတိုင်းပင် ဖြစ်သည်၊

(၂) တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ဖြစ်ပါက အလိုအလျောက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဖြစ်သည်။

## (ခ)ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကသတ်မှတ် ရွေးချယ်ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ်-၂၂၊ ၂၅ |

၁၅။ ကျောင်းထိုင်ဆရာတော်အားလုံးသည် ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်ဆရာတော်များ ဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း၌ ကျောင်း(၁) ကျောင်း/(၂)ကျောင်း/ (၃)ကျောင်းသာရှိလျှင် ထိုကျောင်းများရှိ ကျောင်းထိုင်ဆရာတော်အားလုံးကို စုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖြစ် သင့်လျော်သလို လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ရမည်။

၁၇။ ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း၌ ကျောင်း (၄)ကျောင်း/(၄)ကျောင်းအထက်ရှိလျှင် ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ကို နောက်ဆက်တွဲ ဇယား(၁)အရ ရပ်ကွက်/ ကျေးရွာအုပ်စုသံဃာ့ဝန်ဆောင် ဆရာတော်များဖြင့် ဖွဲ့စည်းရမည်။

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက၏ အရည်အချင်းများ

၁၈။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး (၁၀)ဝါ ရှိပြီးဖြစ်ရမည်၊

(ခ) ဝိနည်း၌ ကျွမ်းကျင်လိမ္မာရမည်၊

(ဂ) ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်ရမည်၊

(ဃ) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊

(င) ခမာ, ဇာဂရိယ စသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်၊

(စ) ရွေးကောက်တင်မြှောက်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု အတွင်း၌ ဝါကပ်သီတင်းသုံးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဆ) မိမိအပေါ် ကျရောက်လာသော တာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဇ) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ သံဃာများ, ဂိုဏ်းများကို စုစည်းညီညွတ်စေလိုသော ဆန္ဒရှိရမည်၊

(ဈ) အဂတိတရား လိုက်စားခြင်းမှ ကင်းရမည်၊

(ည) ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းခြင်း စသော အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့အစည်းမှ ထုတ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

## (၄) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေးမခံရဖူးသော ပုဂ္ဂိုလ် ဖြစ်ရမည်။

၁၉။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များသည် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ များရာသံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြရမည်။

မှတ်ချက်။ ။ရွေးချယ်သည့်အခါ သံဃာစည်းလုံးညီညွတ်မှု အင်အားကို ပျက်ပြားစေနိုင်သည့် အပြိုင်တင်သွင်းမှုကို ရှောင်ကြဉ်ရမည်။

၂၀။ ဥက္ကဋ္ဌနေရာအတွက် ဘွဲ့အမည်စာရင်း တင်သွင်းခံရသော ဆရာတော်သည် များရာသံဃဆန္ဒ မရရှိပါက အခြားဆရာတော် တစ်ပါး၏ ဘွဲ့အမည်စာရင်းကို တင်သွင်းရွေးချယ်ရမည်။

၂၁။ ဥက္ကဋ္ဌဆရာတော်သည် အကျိုးတော်ဆောင် ဆရာတော်၏ ဘွဲ့အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက် ရယူရမည်။

၂၂။ ဥက္ကဋ္ဌဆရာတော်သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ ဝန်ဆောင်ဆရာတော်များနှင့် ကြိုတင်ညှိနှိုင်းပြီးနောက် ကျောင်း/ ကျောင်းတိုက်များမှ ဆရာတော်များ ဖြစ်နိုင်သမျှ စုံလင်စွာ ပါဝင်စေ လျက် ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ဝင် ဆရာတော်

များ၏ ဘွဲ့အမည်စာရင်းကို ပြုစု၍ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်။

၂၃။ ဥက္ကဋ္ဌဆရာတော် တင်သွင်းသော ဘွဲ့အမည်စာရင်းကို ဖော်ပြလတ္တံ့ပါ နည်းလမ်းတစ်ခုခုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေးက များရာသံဃဆန္ဒရယူ၍ အတည်ပြု ကြေညာရမည် -

(က) သံဃဆန္ဒကို အတိအလင်း ရယူသည့်နည်းလမ်း၊

(ခ) သံဃဆန္ဒကို လျှို့ဝှက် ရယူသည့်နည်းလမ်း။

၂၄။ အဖွဲ့ဝင် အရေအတွက် မပြည့်သေးပါက လိုအပ်သောနေရာ အတွက် ဘွဲ့အမည်သစ်စာရင်းကို အပိုဒ်(၂၂)အတိုင်း ဥက္ကဋ္ဌ ဆရာတော်က ဒုတိယနှင့် တတိယအကြိမ် တင်သွင်းပြီး များရာ သံဃဆန္ဒရယူ၍ အတည်ပြု ကြေညာရမည်။

၂၅။ တတိယအကြိမ် တင်သွင်းသော်လည်း သံဃဆန္ဒ ထက်ဝက် ကျော် မရသော ထိုနေရာကိုချန်လှပ်၍ ရရှိသည့် အဖွဲ့ဝင် ဆရာတော် များ အရေအတွက်ဖြင့်ပင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ကို ဖွဲ့စည်းရမည်။

၂၆။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သို့) အကျိုးတော်ဆောင် ဆရာတော်ကို မြို့နယ် သံဃာ့ဝန်ဆောင်အဖြစ် ရွေးချယ်ရမည်။

၂၇။ (က) သံဃနာယက ၄-ပါးမျှသာ ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုမှ သံဃနာယကဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်သံဃနာယက အဖြစ် ရွေးချယ်တင်မြှောက်ခံရပါက ထိုရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ကို ပျက်ပြယ်သည်ဟု မှတ်ယူရမည်၊

(ခ) ပျက်ပြယ်သွားသော သံဃနာယကအဖွဲ့ကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၈-နှင့်အညီ ဖွဲ့စည်းရမည် ။

## ရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်း

၂၈။ မြို့နယ်သံဃနာယကအဖွဲ့သည် သတ်မှတ်ထားသော သံဃာ့ဝန်ဆောင်အရေအတွက် မပြည့်မီသဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ မဖွဲ့စည်းနိုင်သော မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ဆရာတော်များကို ပြည့်မီသော ရပ်ကွက်/ကျေးရွာအုပ်စု၌ တွဲဖက်၍သော်လည်းကောင်း၊ နီးစပ်သင့်လျော်ရာ မပြည့်မီသော ရပ်ကွက်/ကျေးရွာအုပ်စုချင်း ပူးပေါင်း၍သော်လည်းကောင်း ရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယကအဖွဲ့ အဖြစ် သတ်မှတ်ဖွဲ့စည်းပေးရမည်။

၂၉။ မြို့နယ်ကွဲသော ရပ်ကွက်/ကျေးရွာအုပ်စုများကို စုပေါင်းဖွဲ့စည်းခြင်း မပြုရ ။

၃၀။ သီးခြားဂိုဏ်းများသည် ရပ်ကွက်/ကျေးရွာအုပ်စုများ သံဃနာယကအဖွဲ့ ပူးပေါင်းဖွဲ့စည်းခြင်းကို ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ စုပေါင်းသတ်မှတ် ထားရှိနိုင်ကြသည် ။

၃၁။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဆရာတော်သည် အထက်သံဃနာယကအဖွဲ့များက ပေးအပ်သောတာဝန်နှင့် ညွှန်ကြားချက်များကို မိမိ သံဃနာယက စုပေါင်းအဖွဲ့ဝင် သံဃနာယကဆရာတော်များ သိရှိလိုက်နာအောင် ဆောင်ရွက်ရမည် ။

၃၂။ (က) သီးခြားဂိုဏ်းများသည် ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကများကို အဆင့်တူ သတ်မှတ်ထားခွင့်ရှိသည်၊

(ခ) အဆင့်တူ သတ်မှတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် အပိုဒ်(၁၈)လာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်၏ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

## (ဂ) မြို့နယ်သံဃာ့ဝန်ဆောင်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ် - ၂၃၊ ၂၆။ |

၃၃။ ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း၌ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များကို ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း သတ်မှတ်/ရွေးချယ်ကြရမည် -

ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်း၌ -

(က) ကျောင်း (၁)ကျောင်းသာရှိလျှင် ကျောင်းထိုင် ဆရာတော်၊ ထိုကျောင်းထိုင်ဆရာတော် မစွမ်းဆောင်နိုင်သဖြင့် တာဝန်လွှဲအပ်ခံရသော ခန်းနေရဟန်းတော်သည် အလိုအလျောက် မြို့နယ်သံဃာ့ဝန်ဆောင်ဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) ကျောင်း (၂)ကျောင်း/ (၃)ကျောင်းရှိလျှင် ထိုကျောင်းထိုင် ဆရာတော်များထဲမှ သိက္ခာအကြီးဆုံး ဆရာတော်/စွမ်းဆောင်နိုင်သော ဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် ဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) ကျောင်း (၄)ကျောင်း/ (၄)ကျောင်းအထက်ရှိလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏

ဥက္ကဋ္ဌ/အကျိုးတော်ဆောင် ဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် ဖြစ်သည်ဟု မှတ်ယူရမည်၊

(ဃ) အပိုဒ် (၂၆)အရ ရွေးချယ်ခံရသော ဆရာတော်သည် မြို့နယ်သံဃနာယကအဖြစ် ရွေးချယ်ခြင်း ခံရပါက ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့မှ အလိုအလျောက်နုတ်ထွက်ပြီး ဖြစ်သည်၊

(င) ကျောင်းထိုင်နှင့်တကွ ခန်းနေ ရဟန်းအရေအတွက် ၅-ပါး/၅-ပါးအထက်ရှိလျှင် နောက်ဆက်တွဲ ဇယား (၂)အရ မြို့နယ်သံဃာ့ဝန်ဆောင်ကို အချိုးကျ ရွေးချယ်ကြရမည်။

၃၄။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များသည် ကြီးကြပ်ရေး အဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ မြို့နယ် သံဃနာယကအဖွဲ့ကို မိမိတို့ အထဲမှ နောက်ဆက်တွဲဇယား (၃)အရ ရွေးချယ်ဖွဲ့စည်းကြရမည်။

## မြို့နယ်သံဃနာယက၏ အရည်အချင်းများ

၃၅။ (က) မြို့နယ်သံဃနာယကဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) သိက္ခာတော် အနည်းဆုံး (၁၅)ဝါ မှ (၅၀)ဝါ အထိ ရှိရမည်၊

(ခ) ဝိနည်း၌ ကျွမ်းကျင်လိမ္မာရမည်၊

(ဂ) ရဟန်းရှင်လူအများတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်ရမည်၊

(ဃ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊

(င) ခမာ, ဇာဂရိယ စသော နာယကဂုဏ် များနှင့် ပြည့်စုံရမည်၊

(စ) ရွေးချယ်တင်မြှောက်ရာ မြို့နယ်အတွင်း၌ ဝါကပ်သီတင်းသုံးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဆ) မိမိအပေါ် ကျရောက်လာသော တာဝန်များကို ဇောက်ချ ဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂိုလ် ဖြစ်ရမည်၊

(ဇ) မြို့နယ်အတွင်းရှိ သံဃာများ ဂိုဏ်းများကို စုစည်းညီညွတ်စေလိုသော ဆန္ဒရှိရမည်၊

(ဈ) အဂတိတရား လိုက်စားခြင်းမှ ကင်းရမည်၊

(ည) ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းခြင်း စသော အကြောင်းတစ်ခုတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့အစည်းမှ ထုတ်ပယ်ထားခြင်းမခံရသော ပုဂ္ဂိုလ် ဖြစ်ရမည်၊

(ဋ) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေး မခံရဖူးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဃ) **အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ တက္ကသီလ ဓမ္မာစရိယ၊ ဝိနယဝိဒူ တစ်ခုခုကို အောင်မြင်ရမည်။ ယင်းဘွဲ့ရ ပုဂ္ဂိုလ်များ မရှိပါက သင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။**

(ခ) မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်သည် အထက် အပိုဒ်-၃၅ (က)တွင် ဖော်ပြထားသည့် အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် စာသင်တိုက်ရှိသော မြို့နယ်များ၌ စာသင်တိုက်တစ်ခု၏ နာယကအဖွဲ့ဝင်ဖြစ်ရမည်။

၃၆။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကို မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များ၏ များရာသံဃဆန္ဒဖြင့် ရွေးချယ်ကြရမည်။

မှတ်ချက်။ ။ ရွေးချယ်သည့်အခါ သံဃာစည်းလုံး ညီညွတ်မှုအင်အားကို ပျက်ပြားစေနိုင်သည့် အပြိုင်တင်သွင်းမှုကို ရှောင်ကြဉ်ရမည်။

၃၇။ ဥက္ကဋ္ဌနေရာအတွက် ဘွဲ့အမည်စာရင်း တင်သွင်းခံရသောဆရာတော်သည် များရာသံဃဆန္ဒကို မရရှိပါက အခြားဆရာတော်တစ်ပါး၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ ရွေးချယ်ကြရမည်။

၃၈။ ဥက္ကဋ္ဌဆရာတော်သည် အကျိုးတော်ဆောင်ဆရာတော်၏ ဘွဲ့အမည်စာရင်းကို မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၃၉။ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ၉-ပါး၊ ၉-ပါးထက် ပိုခဲ့သော် ဥက္ကဋ္ဌဆရာတော်သည် ဒုတိယ ဥက္ကဋ္ဌဆရာတော်တစ်ပါးနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်တစ်ပါး၏ ဘွဲ့အမည်စာရင်းကိုလည်း မြို့နယ် သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၄၀။ ဥက္ကဋ္ဌဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ကြိုတင်ညှိနှိုင်းပြီးနောက် ရပ်ကွက်/ ကျေးရွာ အုပ်စုများမှ ဆရာတော်များ ဖြစ်နိုင်သမျှ စုံလင်စွာပါဝင်စေလျက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို ပြုစု၍ မြို့နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးသို့ တင်သွင်းရမည်။

၄၁။ ဥက္ကဋ္ဌဆရာတော် တင်သွင်းသော ဘွဲ့အမည်စာရင်းကို မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးက ဖော်ပြ လတ္တံ့ပါနည်းလမ်း တစ်ခုခုဖြင့် များရာသံဃဆန္ဒရယူ၍ အတည်ပြုကြေညာရမည် -

(က) သံဃဆန္ဒကို အတိအလင်းရယူသည့်နည်းလမ်း၊

(ခ) သံဃဆန္ဒကို လျှို့ဝှက်ရယူသည့်နည်းလမ်း၊

၄၂။ အဖွဲ့ဝင်အရေအတွက် မပြည့်သေးပါက လိုအပ်သောနေရာ အတွက် ဘွဲ့အမည်သစ်စာရင်းကို အပိုဒ် (၄၁)အတိုင်း ဥက္ကဋ္ဌ ဆရာတော်က ဒုတိယနှင့် တတိယအကြိမ် တင်သွင်းပြီး များရာ သံဃဆန္ဒရယူ၍ အတည်ပြု ကြေညာရမည်။

၄၃။ တတိယအကြိမ် တင်သွင်းသော်လည်း သံဃဆန္ဒ ဆက်ဝက် ကျော် မရသောနေရာကို ချန်လှပ်၍ ရရှိသည့် အဖွဲ့ဝင်ဆရာတော် အရေအတွက်ဖြင့်ပင် မြို့နယ်သံဃနာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၄။ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးကို တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်အဖြစ် ရွေးချယ်ထား ရမည်။

၄၅။ (က) အပိုဒ် (၄၄)အရ ရွေးချယ်ခံရသော ဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက ဆရာတော်အဖြစ် ရွေးချယ်ခံရပါက မြို့နယ်သံဃနာယကအဖြစ်မှ အလိုအလျောက် နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) မြို့နယ်သံဃနာယကအဖြစ်မှ အနားယူသွားသည့် မြို့နယ်သံဃနာယကအဖွဲ့ ကိုယ်စားပြု တိုင်းဒေသကြီး/ ပြည်နယ် သံဃာ့ဝန်ဆောင် ဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်မှလည်း အလိုအလျောက် အနားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ သီးခြားဂိုဏ်းများသည် မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော် နှင့် အပိုဒ် (၃၅)လာ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသော မြို့နယ်သံဃနာယက ဆရာတော်ကိုအဆင့်တူ သတ်မှတ်ပေးထား နိုင်ကြသည်။

## မြို့နယ်ဩဝါဒါစရိယ ရွေးချယ်သတ်မှတ်ခြင်း

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
အခန်း (၃) အပိုဒ်-၁၉ - အပိုဒ်ခွဲ (က) (ခ)

၄၇။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်သံဃာ့ဝန်ဆောင်များထဲမှသော်လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသော ဆရာတော်များထဲမှသော်လည်းကောင်း အများဆုံး ၅-ပါးအထိ ပါဝင်သော မြို့နယ်ဩဝါဒါစရိယဆရာတော်များ၏ ဘွဲ့အမည်စာရင်း တစ်စောင်ကို ပြုစု၍ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်။

၄၈။ မြို့နယ်သံဃနာယကအဖွဲ့က တင်သွင်းသော မြို့နယ်ဩဝါဒါစရိယ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို မြို့နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးက များရာသံဃဆန္ဒဖြင့် အတည်ပြုရမည်။

## မြို့နယ်ဩဝါဒါစရိယ၏ အရည်အချင်းများ

၄၉။ မြို့နယ်ဩဝါဒါစရိယဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး (၃၅)ဝါရှိပြီးဖြစ်ရမည်။
(ခ) ဝိနည်းတရားတော်၌ ကျွမ်းကျင်လိမ္မာရမည်၊
(ဂ) မြို့နယ်အတွင်းရှိ ရဟန်းရှင်လူ အများတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဃ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊
(င) ခမာ, ဇာဂရိယ စသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်၊
(စ) ရွေးချယ်တင်မြှောက်ရာ မြို့နယ်အတွင်း၌ ဝါကပ် သီတင်းသုံးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊
(ဆ) တွေ့ကြုံလာသော ပြဿနာများကို ပြေလည် အေးငြိမ်းအောင် ဖြေရှင်းပေးနိုင်သော စွမ်းရည်သတ္တိ ရှိရမည်၊
(ဇ) မိမိမြို့နယ်အတွင်းရှိ သံဃာများ ဂိုဏ်းများကို စုစည်းညီညွတ်စေလိုသော ဆန္ဒရှိရမည်၊
(ဈ) အဂတိတရား လိုက်စားခြင်းမှ ကင်းရမည်၊
(ည) ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းခြင်းစသော အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့စည်းမှ ထုတ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊
(ဋ) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေးမခံရဖူးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

မှတ်ချက်။ ။သီးခြားဂိုဏ်းများ၌ မြို့နယ်ဩဝါဒါစရိယ ဆရာတော်ကို ဤလုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ် ထားရှိနိုင်သည်။

# (ဃ) တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်နှင့် တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ် - ၂၄၊ ၂၇ |

၅၀။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များသည် ကြီးကြပ်ရေး အဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ ဝန်ဆောင်ဆရာတော်များကို မိမိတို့အထဲမှ နောက်ဆက်တွဲ ဇယား (၄)အရ ရွေးချယ် တင်မြှောက်ကြရမည်။

၅၁။ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် ဆရာတော်များ သည် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ကို မိမိတို့အထဲမှ နောက်ဆက်တွဲ ဇယား (၅)အရ ရွေးချယ်ဖွဲ့စည်းရမည်။

## တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက၏ အရည်အချင်းများ

၅၂။ (က) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကဆရာတော် သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) သိက္ခာတော် အနည်းဆုံး (၂၀)ဝါမှ (၅၅)ဝါရှိရမည်၊

(ခ) ပရိယတ္တိဝိသာရဒ, ပိဋကတ္တယဆောက ဂုဏ်နှင့် ပြည့်စုံရမည်၊

(ဂ) ရဟန်းရှင်လူအများတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်ရမည်၊

(ဃ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊

(င) ခမာ, ဇာဂရိယ စသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်၊

(စ) ရွေးကောက်တင်မြှောက်ရာ တိုင်းဒေသကြီး/ပြည်နယ် အတွင်း၌ ဝါကပ်သီတင်းသုံးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဆ) မိမိအပေါ် ကျရောက်လာသော တာဝန်ဝတ္တရားများကို ဇေကန်မုချ ဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဇ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ သံဃာများ ဂိုဏ်းများကို စည်းလုံးညီညွတ်စေလိုသော ဆန္ဒရှိရမည်၊

(ဈ) အဂတိတရား လိုက်စားခြင်းမှ ကင်းရမည်၊

(ည) ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းခြင်းစသော အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့အစည်းမှ ထုတ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဋ) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာဥပဒေ တစ်ရပ်ရပ်ဖြင့် အပြစ်ပေးမခံရဖူးသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(၄) အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ တက္ကသီလဓမ္မာစရိယ၊ ဝိနယဝိဒူတစ်ခုခုကို အောင်မြင်ရမည်။

(ခြွင်းချက်) ယင်းဘွဲ့ရ ပုဂ္ဂိုလ်များမရှိပါက သင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်တို့သည် အပိုဒ် ၅၂(က)တွင် ဖော်ပြထားသည့် ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် -

(၁) ဥက္ကဋ္ဌဆရာတော်သည် သိက္ခာတော် (၃၀)ဝါရှိ၍ အကျိုးတော်ဆောင် ဆရာတော်သည် (၂၅)ဝါ ရှိရမည်၊

(၂) အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ တက္ကသီလဓမ္မာစရိယ၊ ဝိနယဝိဒူ၊ တစ်ခုခုကို အောင်မြင်ရမည်ဖြစ်ပြီး စာသင်တိုက်ရှိသော မြို့နယ်များ၌ စာသင်တိုက် တစ်ခုခု၏ နာယကအဖွဲ့ဝင် ဖြစ်ရမည်။

၅၃။ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် ဆရာတော်များသည် ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုကိုခံယူ၍ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကို တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် ဆရာတော်များ၏ များရာသံဃဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြရမည်။

မှတ်ချက်။ ။ ရွေးချယ်သည့်အခါ သံဃာစည်းလုံးညီညွတ်မှု အင်အားကို ပျက်ပြားစေနိုင်သည့် အပြိုင်တင်သွင်းမှုကို ရှောင်ကြဉ်ရမည်။

၅၄။ ဥက္ကဋ္ဌနေရာအတွက် ဘွဲ့အမည်စာရင်း တင်သွင်းခံရသော ဆရာတော်သည် များရာသံဃဆန္ဒကို မရရှိပါက အခြားဆရာတော် တစ်ပါး၏ ဘွဲ့အမည်စာရင်းကို တင်သွင်းရွေးချယ်ရမည်။

၅၅။ ဥက္ကဋ္ဌဆရာတော်သည် အကျိုးတော်ဆောင် ဆရာတော်၏ ဘွဲ့အမည်စာရင်းကို တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြပြီး များရာသံဃဆန္ဒဖြင့် အတည်ပြုချက် ရယူရမည်။

၅၆။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ၉-ပါး/၉-ပါးထက် ပိုခဲ့သော် ဥက္ကဋ္ဌ ဆရာတော်သည် ဒုတိယဥက္ကဋ္ဌ ဆရာတော် တစ်ပါးနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် တစ်ပါး၏ ဘွဲ့အမည်စာရင်းကိုလည်း တိုင်းဒေသကြီး/ ပြည်နယ် သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြပြီး များရာသံဃဆန္ဒဖြင့် အတည်ပြုချက်ရယူရမည်။

၅၇။ ဥက္ကဋ္ဌဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ ဝန်ဆောင် ဆရာတော်များနှင့် ကြိုတင်ညှိနှိုင်း ပြီးနောက် မြို့နယ်အလိုက် ဖြစ်နိုင်သမျှ စုံလင်စွာပါဝင်စေလျက် တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၏ ဘွဲ့အမည် စာရင်းကိုပြုစု၍ တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်။

၅၈။ ဥက္ကဋ္ဌဆရာတော် တင်သွင်းသော ဘွဲ့အမည်စာရင်းကို တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးက ဖော်ပြလတ္တံ့ပါ နည်းလမ်းတစ်ခုခုဖြင့် များရာသံဃဆန္ဒရယူ၍ အတည်ပြုကြေညာရမည်။

(က) သံဃဆန္ဒကို အတိအလင်း ရယူသည့်နည်းလမ်း၊
(ခ) သံဃဆန္ဒကို လျှို့ဝှက်ရယူသည့် နည်းလမ်း၊

၅၉။ အဖွဲ့ဝင် အရေအတွက် မပြည့်သေးပါက လိုအပ်သော နေရာအတွက် ဘွဲ့အမည်သစ်စာရင်းကို အပိုဒ်(၄၂) အတိုင်း ဥက္ကဋ္ဌဆရာတော်က ဒုတိယနှင့် တတိယအကြိမ် တင်သွင်းပြီး များရာသံဃဆန္ဒရယူ၍ အတည်ပြု ကြေညာရမည်။

၆၀။ တတိယအကြိမ် တင်သွင်းသော်လည်း သံဃဆန္ဒ ထက်ဝက်ကျော်မရသော နေရာကို ချန်လှပ်၍ ရရှိသည့် အဖွဲ့ဝင်ဆရာတော် အရေအတွက်ဖြင့်ပင် တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆၁။ သီးခြားဂိုဏ်းများသည် တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ ဝန်ဆောင်နှင့် အပိုဒ် (၅၂)လာ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံသော တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက ဆရာတော် များကို မိမိတို့ဂိုဏ်းဖွဲ့စည်းပုံအရ အဆင့်တူ သတ်မှတ်ထားနိုင် ကြသည်။

## တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ ရွေးချယ်သတ်မှတ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၃) အပိုဒ် - ၁၉၊ အပိုဒ်ခွဲ (က) (ခ) |

၆၂။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် ဆရာတော်များထဲမှသော် လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသော အခြားဆရာတော်များထဲမှသော်လည်းကောင်း အများဆုံး ၉-ပါး အထိပါဝင်သော တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းတစ်စောင်ကို ပြုစု၍ တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်အစည်းအဝေးသို့ တင်သွင်းရမည်။

၆၃။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့က တင်သွင်းသော တိုင်းဒေသကြီး/ပြည်နယ်ဩဝါဒါစရိယ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးက များရာသံဃဆန္ဒဖြင့် အတည်ပြုရမည်။

## တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ၏
## အရည်အချင်းများ

၆၄။ တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ ဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံ ရမည် -

(က) သိက္ခာတော်အနည်းဆုံး (၄၀)ဝါ ရရှိပြီးသူ ဖြစ်ရမည်၊

(ခ) ပရိယတ္တိဝိသာရဒ, ပိဋကတ္တယဆေကဂုဏ်နှင့် ပြည့်စုံရမည်၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ရဟန်းရှင်လူ အများတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဃ) သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားစေလို သော ဆန္ဒရှိရမည်၊

(င) ခမာ, ဇာဂရိယ စသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်၊

(စ) ရွေးချယ်တင်မြှောက်ရာ တိုင်းဒေသကြီး/ ပြည်နယ် အတွင်း၌ ဝါကပ်သီတင်းသုံးသော ပုဂ္ဂိုလ် ဖြစ်ရမည်၊

(ဆ) တွေ့ကြုံလာသော ပြဿနာများကို ပြေလည် အေးငြိမ်းအောင် ဖြေရှင်းပေးနိုင်သော စွမ်းရည် သတ္တိရှိရမည်၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ် အတွင်းရှိ သံဃာများ၊ ဂိုဏ်းများကို စည်းလုံးညီညွတ်စေလိုသော ဆန္ဒရှိရမည်၊

(ည) အဂတိတရား လိုက်စားခြင်းမှ ကင်းရမည်၊

(ဋ) ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းခြင်းစသော အကြောင်းတစ်စုံတစ်ရာကြောင့် မိမိဆောင်ရွက်ရာ သံဃာ့အဖွဲ့အစည်းမှ ထုတ်ပယ်ထားခြင်း မခံရသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဌ) အကျင့်စာရိတ္တနှင့် စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေးမခံရဖူးသော ပုဂ္ဂိုလ်ဖြစ်ရမည်။

မှတ်ချက်။ ။ သီးခြားဂိုဏ်းများ၌ တိုင်းဒေသကြီး/ ပြည်နယ် ဩဝါဒါစရိယ ဆရာတော်ကို ဤလုပ်ထုံး လုပ်နည်းနှင့်အညီ သတ်မှတ် ထားရှိနိုင်သည်။

## (င) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ်-၂၈ (က)(ခ) |

၆၅။ သက်ဆိုင်ရာအခြေခံဒေသ/သက်ဆိုင်ရာမြို့နယ်မှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်လာသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များထဲမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဂိုဏ်းအလိုက် သတ်မှတ်ပေးသော အချိုးအတိုင်း နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဝင်များကို ရွေးချယ်၍ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူရမည်။

၆၆။ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဂိုဏ်းအလိုက် ရွေးချယ်ရမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အချိုးအစားကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့ ပူးတွဲကျင်းပသည့် အစည်းအဝေးက သတ်မှတ်ရမည်။

၆၇။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အချိုးအစားကို သတ်မှတ်ရာတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် နည်းပါးမှုကြောင့် အချိုးမမီပါက တစ်ဂိုဏ်းလျှင်(၁)ပါး၊ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုလျှင် (၁)ပါးကျစီ သတ်မှတ် ရွေးချယ်ရမည် ။

## နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၏ အရည်အချင်းများ

၆၈။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်သည် အပိုဒ် (၁၄)လာ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့်လည်း ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး (၂၀)ဝါ မှ (၅၅)ဝါရှိရမည်၊

(ခ) မိမိအပေါ်ကျရောက်လာသော တာဝန်များကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အမြဲသီတင်းသုံးနေထိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဃ) သာသနာတော်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ရမည်၊

(င) လောက, ဓမ္မနှစ်ဌာနတို့တွင် ဓမ္မကိုသာ အလေးပေး ဆောင်ရွက်လေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(စ) သံဃာ့ဂိုဏ်း အားလုံးကို စုစည်းညီညွတ်စေလိုသော ဆန္ဒရှိရမည်၊

(ဆ) အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ တက္ကသီလဓမ္မာစရိယ၊ ဝိနယဝိဒူ၊ တစ်ခုခုကို အောင်မြင်ရမည် ။

(ခြွင်းချက်) ယင်းဘွဲ့ရပုဂ္ဂိုလ်များမရှိပါက အခြားသင့်လျော်သော ပုဂ္ဂိုလ်ကို ရွေးချယ်ရမည်။

၆၉။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များသည် ဥက္ကဋ္ဌ ဆရာတော်တစ်ပါးကို မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

**မှတ်ချက်။** ။ရွေးချယ်သည့်အခါ သံဃာစည်းလုံး ညီညွတ်မှု အင်အားကို ပျက်ပြားစေနိုင်သည့် အပြိုင်တင်သွင်းမှုကို ရှောင်ကြဉ်ရမည်။

၇၀။ ဥက္ကဋ္ဌဆရာတော် ရွေးချယ်ရာ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်များ၏ များရာသံဃဆန္ဒကို ရရှိမှသာ အတည်ဖြစ်ရမည်။

၇၁။ ဥက္ကဋ္ဌနေရာအတွက် ဘွဲ့အမည်စာရင်း တင်သွင်းခံရသော ဆရာတော်သည် များရာသံဃဆန္ဒ မရရှိပါက နောက်ထပ် အခြားဆရာတော်တစ်ပါး၏ ဘွဲ့အမည်စာရင်းကို တင်သွင်းရွေးချယ်ရမည်။

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အရည်အချင်းများ

၇၂။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် အပိုဒ်(၆၈)လာ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်လည်း ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး(၄၅)ဝါ ရှိရမည်၊

(ခ) လောက, ဓမ္မ နှစ်ဌာနတို့၌ တတ်သိလိမ္မာရမည်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းကြီးကို ခေါင်းဆောင်နိုင်ရသော အရည်အချင်း ရှိရမည်၊

(ဃ) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာစီမံကွပ်ကဲနိုင်ရမည်၊

(င) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ဦးစားပေးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရမည်၊

(စ) စာသင်တိုက်တစ်ခု၏ ပဓာန နာယကဖြစ်ရမည်။

၇၃။ ဥက္ကဋ္ဌဆရာတော်သည် ဒုတိယဥက္ကဋ္ဌဆရာတော်(၆)ပါး၊ အကျိုးတော်ဆောင်ဆရာတော်(၁)ပါး၊ တွဲဖက် အကျိုးတော်ဆောင်ဆရာတော်(၆)ပါးတို့၏ ဘွဲ့အမည်စာရင်းကို ပြုလုပ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းပြီး များရာသံဃဆန္ဒဖြင့် အတည်ပြုချက် ရယူရမည်။

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၏ အရည်အချင်းများ

၇၄။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော်များသည် အပိုဒ်(၆၈)လာ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံကြရမည့်အပြင် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်လည်း ပြည့်စုံကြရမည်။

(က) သိက္ခာတော် အနည်းဆုံး(၄၂)ဝါရှိရမည်၊
(ခ) လောက, ဓမ္မ နှစ်ဌာနတို့၌ တတ်သိလိမ္မာရမည်၊
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းကြီးကို ခေါင်းဆောင်နိုင်သော အရည်အချင်း ရှိရမည်၊
(ဃ) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ စီမံကွပ်ကဲနိုင်ရမည်၊
(င) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ဦးစားပေးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရမည်။

## နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင်၏ အရည်အချင်းများ

၇၅။ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များသည် အပိုဒ်(၆၈)လာ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့်လည်း ပြည့်စုံကြရမည်-

(က) သိက္ခာတော် အနည်းဆုံး (၄၀)ဝါ ရှိရမည်၊
(ခ) လောက, ဓမ္မ နှစ်ဌာနတို့၌ တတ်သိလိမ္မာရမည်၊
(ဂ) ပေါ်ပေါက်လာသော ပြဿနာကို ပြေလည်အေးငြိမ်းအောင် ဖြေရှင်းပေးနိုင်သော စွမ်းရည်သတ္တိ ရှိရမည်၊

(ဃ) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ စီမံဆောင်ရွက်နိုင်ရမည်၊

(င) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ဦးစားပေးဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရမည်၊

(စ) စာသင်တိုက်တစ်ခု၏ ပဓာနနာယက ဆရာတော် ဖြစ်ရမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# ရွေးချယ်ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၄) အပိုဒ်-၂၈။ |

၇၆။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို မိမိတို့အထဲမှ ဆရာတော်(၄၇)ပါး ပါဝင်စေ၍ ရွေးချယ်ဖွဲ့စည်းပေးရမည်။

၇၇။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ, ဒုတိယဥက္ကဋ္ဌများ, အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌ, ဒုတိယဥက္ကဋ္ဌများ၊ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များလည်း ဖြစ်ကြသည်ဟု မှတ်ယူရမည်။

၇၈။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးတို့နှင့် ညှိနှိုင်းပြီးနောက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီး တို့မှ ဆရာတော်များ အဖြစ်နိုင်ဆုံး စုံလင်စွာပါဝင်စေလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် (၃၃)ပါး၏ ဘွဲ့အမည်စာရင်း တစ်စောင်ကိုပြုစု၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူရမည်။

၇၉။ အပိုဒ် ၇၈-အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် တင်သွင်းသည့် ဘွဲ့အမည်စာရင်းကို ဖော်ပြလတ္တံ့ပါ နည်းလမ်းတစ်ခုခုဖြင့် အစည်းအဝေးတက်ရောက်သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များ၏ များရာသံဃဆန္ဒရယူ၍ အတည်ပြု ကြေညာရမည် ။

(က) သံဃဆန္ဒကို အတိအလင်းရယူသည့်နည်းလမ်း၊

(ခ) သံဃဆန္ဒကို လျှို့ဝှက်ရယူသည့်နည်းလမ်း၊

၈၀။ အဖွဲ့ဝင် အရေအတွက် မပြည့်သေးပါက လိုအပ်သောနေရာ အတွက် ဘွဲ့အမည်သစ်စာရင်းကို အပိုဒ်(၇၈) အတိုင်း ဥက္ကဋ္ဌ ဆရာတော်က ဒုတိယနှင့် တတိယအကြိမ် တင်သွင်းပြီး များရာ သံဃဆန္ဒရယူ၍ အတည်ပြုကြေညာရမည်။

၈၁။ (က) တတိယအကြိမ် တင်သွင်းသော်လည်း သံဃဆန္ဒ ထက်ဝက်ကျော် မရသောနေရာကို ချန်လှပ်၍ ရရှိသည့် အဖွဲ့ဝင်ဆရာတော်များဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ချန်လှပ်ခဲ့ရသော နေရာအတွက် ဒုတိယ, တတိယ စသောနှစ်ပတ်လည် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အစည်းအဝေးတို့၌ အပိုဒ် (၇၉၊ ၈၀) တို့နှင့်အညီ ဆောင်ရွက်ရမည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၏
## အရည်အချင်းများ

၈၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်သည် အပိုဒ် (၆၈)ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်လည်း ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး (၃၀)ဝါ ရှိရမည်၊

(ခ) လောက, ဓမ္မ နှစ်ဌာနတို့၌ တတ်သိလိမ္မာရမည်၊

(ဂ) သံဃာ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ဦးစားပေး ဆောင်ရွက်လိုသော စိတ်ဆန္ဒရှိရမည်။

**သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း**
**အခန်း (၄) အပိုဒ်-၃၀**

၈၃။ (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ညှိနှိုင်းပြီးနောက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များထဲမှသော်လည်းကောင်း, ပြင်ပဆရာတော်များထဲမှသော်လည်းကောင်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်း တစ်စောင်ကို ပြုစု၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်၊

(ခ) အခြေခံဒေသရှိ ရဟန်းတော်များ အရေအတွက်ပေါ်မူတည်၍ နိုင်ငံတော် ဩဝါဒါစရိယ အရေအတွက်ကို အချိုးကျ သတ်မှတ်ရမည်၊

(ဂ) အချိုးမမီသဖြင့် ဩဝါဒါစရိယ လုံးဝမရသော သီးခြားဂိုဏ်းများအတွက် အများဆုံးရသော သုဓမ္မာဂိုဏ်းမှ တစ်ပါးစီမျှ၍ ရွေးချယ်ရမည်။

၈၄။ တင်သွင်းသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးက များရာသံဃဆန္ဒဖြင့် အတည်ပြုရမည်။

## နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်၏ အရည်အချင်းများ

၈၅။ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်သည် ဖော်ပြလတ္တံ့ပါ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) သိက္ခာတော် အနည်းဆုံး (၄၅)ဝါ ရှိရမည်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အမြဲသီတင်းသုံးနေထိုင်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဂ) ပရိယတ္တိဝိသာရဒ, ပိဋကတ္တယဆေကဂုဏ်နှင့် ပြည့်စုံရမည်၊

(ဃ) ရဟန်းရှင်လူ အများပြည်သူတို့၏ ကြည်ညိုလေးစားခြင်းကို ခံထိုက်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊

(င) သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားစေလိုသော ဆန္ဒရှိရမည်၊

(စ) ခမာ, ဇာဂရိယစသော နာယကဂုဏ်များနှင့် ပြည့်စုံရမည်၊

(ဆ) ပေါ်ပေါက်လာသော ပြဿနာများကို ပြေလည်အေးငြိမ်းအောင် ဖြေရှင်းပေးနိုင်သော စွမ်းရည်သတ္တိရှိရမည်၊

(ဇ) သံဃာ့ဂိုဏ်းများကို စည်းလုံးညီညွတ်စေလိုသော ဆန္ဒရှိရမည်။

# အခန်း (၅)

## ကြီးကြပ်ကွပ်ကဲခြင်း

## ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၅) အပိုဒ် - ၃၇ မှ ၄၂ |

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်ဖွဲ့စည်း/ သတ်မှတ်မှုနှင့် မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်/သတ်မှတ်မှု

၈၆။ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယက ဆရာတော် ၁-ပါး၊ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော် ၂-ပါး ပါဝင်သော ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်/ဖွဲ့စည်း သတ်မှတ်မှုနှင့် မြို့နယ်သံဃာ့ ဝန်ဆောင် ရွေးချယ်/သတ်မှတ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးရမည်။

## မြို့နယ်ဩဝါဒါစရိယ/သံဃနာယက ရွေးချယ်ဖွဲ့စည်းမှုနှင့် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် ရွေးချယ်မှု

၈၇။ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ခရိုင်အတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက ဆရာတော် ၁-ပါး၊ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်

ဆရာတော် ၂-ပါး ပါဝင်သော မြို့နယ်ဩဝါဒါစရိယ ရွေးချယ်မှု၊ မြို့နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းမှုနှင့် တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ ဝန်ဆောင်ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု

၈၈။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် တို့ကို လိုအပ်သလို ပါဝင်စေလျက် တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကဆရာတော် ၁-ပါး ပါဝင်သော သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို မြို့နယ်အလိုက် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ/ သံဃနာယကရွေးချယ်ဖွဲ့စည်းမှုနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစားထိုးရွေးချယ်မှု

၈၉။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၁-ပါး၊ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော် ၂-ပါး ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ ရွေးချယ်မှု၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက ရွေးချယ်ဖွဲ့စည်းမှုနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစားထိုး ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

## နိုင်ငံတော်သံဃမဟာနာယကနှင့်
## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မူလရွေးချယ်မှု

၉၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သင့်လျော်သည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ၃-ပါး မှ ၁၅-ပါးအထိ ပါဝင်သော နိုင်ငံတော်သံဃမဟာနာယကနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မူလရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်လျက် ကြီးကြပ်ပေးတော်မူရန် လျှောက်ထားတောင်းပန်ရမည်။

## နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက
## အစားထိုး လျာထားရွေးချယ်မှု

၉၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် (၁)ပါး၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော် (၂)ပါး ပါဝင်သော နိုင်ငံတော် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယက အစားထိုးလျာထားရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍လုပ်ငန်းတာဝန်များကို သတ်မှတ်လျက် ကြီးကြပ် ပေးတော်မူပါရန် လျှောက်ထားတောင်းပန်ရမည်။

မှတ်ချက်။ ။ သံဃနာယကအဖွဲ့အသီးသီးသည် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များကို သတ်မှတ်ပေးရမည်။

# ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၉၂။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ဖွဲ့စည်း/သတ်မှတ်မှုကို သတ်မှတ်ထားသည့်ရက်အတွင်း ပြီးမြောက်အောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(က) ကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံတော်ဩဝါဒါစရိယ လျာထားရွေးချယ်ပွဲသို့ သက်ဆိုင်ရာ ခရိုင် အတွင်းရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကို တက်ရောက်လျာထားခွင့်ပြု၍ "ယင်းလျာထားချက်ကို သဘောတူကြောင်း" သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဆန္ဒပြုလက်မှတ်များကို ရယူထားရမည်၊

(ခ) (၁) နိုင်ငံတော်ဩဝါဒါစရိယ လျာထားရွေးချယ်ရာတွင် အစားထိုးမှုဖြစ်ပါက လစ်လပ်သည့် အခြေခံဒေသမှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကို ဦးစားပေး ရွေးချယ်ရမည်၊

(၂) ထိုဆရာတော်မရှိလျှင် နိုင်ငံတော်သံဃမဟာနာယကတာဝန်ကို ဆောင်ရွက်ဖူးသော ဆရာတော်ကို ဦးစားပေး ရွေးချယ်ရမည်၊

(၃) ထိုဆရာတော် မရှိလျှင် အခြေခံဒေသ အတွင်းရှိ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်များကို ဦးစားပေး ရွေးချယ်ရမည်၊

(၄) ဖော်ပြပါ ဆရာတော်များမရှိပါက နိုင်ငံတော်အဆင့်မရှိသော မြို့နယ်များကို ဦးစားပေး ရွေးချယ်ရမည်၊

(၅) နိုင်ငံတော်အဆင့် ဆရာတော်မရှိခြင်း တူနေလျှင်ဖြစ်စေ၊ ရှိနေပါကလည်း အရေအတွက်ချင်း တူနေလျှင်ဖြစ်စေ၊ ဝါဆိုသံဃာများရာ မြို့နယ်ကိုဦးစားပေး ရွေးချယ်ရမည်၊

(၆) အစားထိုးမှုမဟုတ်ပါက သင့်လျော်သည့် အခြေခံဒေသမှ ဆရာတော်ကို ဦးစားပေး လျာထားရွေးချယ်ရမည်၊

(၇) တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ အစားထိုးရွေးချယ်ပွဲသို့ သက်ဆိုင်ရာ အခြေခံဒေသ အတွင်းရှိ တိုင်းဒေသကြီး/ ပြည်နယ် သံဃာ့ဝန်ဆောင်ဆရာတော် များကို သာ တက်ရောက်ခွင့်ပြုပြီး ယင်းဆရာတော်များထဲမှသော်လည်းကောင်း၊

ယင်းအခြေခံဒေသအတွင်းရှိ အသက်၊ သိက္ခာဝါတော်ကြီးမားသော အခြား ဆရာတော်များ ထဲမှသော် လည်းကောင်း ရွေးချယ်ရမည်

(င) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ရွေးချယ်ဖွဲ့သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထဲမှ တက်ရောက်ခွင့် ပြုရမည်

(စ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ရွေးချယ်ဖွဲ့သည့် သက်ဆိုင်ရာ အခြေခံဒေသအတွင်းရှိ သံဃသမ္မုတိဖြင့် သံဃာ့တိုင်ပင်ဖော်သည့် ဆရာတော် များထဲမှ တက်ရောက်ခွင့်ပြုရမည်

(ဆ) သံဃသမ္မုတိဖြင့် သံဃာ့တိုင်ပင်ဖော်သည့် ရွေးချယ်ဖွဲ့သည့် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဆန္ဒပေးပိုင် ခွင့်ရှိသော ရဟန်းတော်များထဲမှ တက်ရောက်ခွင့် ပြုရမည်

(ဇ) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ တက်ရောက်ခွင့်ပြုရမည်

(ဆ) တိုင်းဒေသကြီး / ပြည်နယ်သံဃာ့ဝန်ဆောင် ရွေးချယ်ပွဲနှင့် မြို့နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းပွဲသို့ သက်ဆိုင်ရာ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်များကိုသာ တက်ရောက်ခွင့်ပြုရမည်၊

(ဇ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်ဖွဲ့စည်းပွဲသို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုသံဃာ့ဝန်ဆောင် ဆရာတော်များကိုသာ တက်ရောက်ခွင့်ပြုရမည်၊

(ဈ) မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်ပွဲသို့ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဆန္ဒပေးပိုင်ခွင့်ရှိသော ရဟန်းတော်များကိုသာ တက်ရောက်ခွင့် ပြုရမည်၊

(ည) (၁) ဖော်ပြပါ အပိုဒ်ခွဲ(ဂ)မှ အပိုဒ်ခွဲ (ဇ) အထိ ရွေးချယ်ဖွဲ့စည်းပွဲများအတွက် အစည်းအဝေးတက်ရောက်သော ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ခံခွင့်၊ အဆိုတင်သွင်းခွင့်၊ ထောက်ခံခွင့် ပြုရမည်၊

(၂) အပိုဒ်ခွဲ (ဈ)ပါ ရွေးချယ်ပွဲ၌ ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းတိုက်နာယက၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်

များကိုသာ ရွေးချယ်ခံခွင့်ပြု၍ အဆိုတင်သွင်းခြင်း၊ ထောက်ခံ ခြင်းတို့ကိုမူ အစည်းအဝေးတက်ရောက်သော ပုဂ္ဂိုလ်အားလုံးကိုပင် ခွင့်ပြုရမည်။

## အစီရင်ခံစာနှင့် မိတ္တူပေးပို့ခြင်း

၉၃။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲ ပြီးစီးကြောင်း အစီရင်ခံစာနှင့် ရွေးချယ်ပွဲ အစည်းအဝေးမှတ်တမ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ပေးပို့၍ -

မိတ္တူကို (၁) သာသနာရေးဝန်ကြီးဌာန၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အာဏာပိုင်အဖွဲ့

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးဦးစီးဌာန

(၅) သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊

(၆) သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့၊

(၇) သက်ဆိုင်ရာ မြို့နယ်သာသနာရေးဦးစီးဌာန သို့ ပေးပို့ရမည်။

**မှတ်ချက်။** ။ ဤအခန်း (၅)အတွင်း တည်ရှိသော အပိုဒ်များတွင် "မူလရွေးချယ်မှု" ဟူ၍ဖြစ်စေ၊ "အစားထိုးရွေးချယ်မှု" ဟူ၍ဖြစ်စေ၊ ထူးခြားစွာ မဖော်ပြဘဲ သာမန် "ရွေးချယ်မှု" ဟူသာ ဖော်ပြထားသည့် အပိုဒ်များသည် မူလရွေးချယ်မှုနှင့်လည်းကောင်း၊ အစားထိုးရွေးချယ်မှုနှင့် လည်းကောင်း သက်ဆိုင်သော အပိုဒ်များဖြစ်သည်ဟု မှတ်ယူရမည်။

# အခန်း (၆)

## လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

## (က) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကနှင့် သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၆) အပိုဒ် ၄၃ |

၉၄။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကနှင့် သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်သည် -

(က) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြားဆုံးဖြတ်ချက်များနှင့် ညွှန်ကြားချက်များအရ မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရမည်၊

(ဂ) အထက်သံဃနာယကအဖွဲ့များ၏ ညွှန်ကြားချက်များကို မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းနေ ရဟန်းသာမဏေများ သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်၊

(ဃ) မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ရဟန်းသာမဏေများ၏ ဝါဆိုသံဃာစာရင်းကို နှစ်စဉ်ကောက်ယူပြုစုပြီး မြို့နယ်သံဃနာယက အဖွဲ့သို့ပေးပို့ရမည်၊

(င) မိမိတို့၏ ဆောင်ရွက်ချက်များကို မြို့နယ်သံဃနာယကအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံရမည်၊

(စ) မိမိရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ ရဟန်းသာမဏေများကို သက်ဆိုင်ရာကျောင်း/ကျောင်းတိုက်၏ အုပ်ချုပ်ရေးကို မထိခိုက်စေဘဲ အခါအားလျော်စွာ ဆုံးမ ဩဝါဒပေးရမည်၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယဆရာတော်သည် ဒိဋ္ဌ , သုတ, ပရိသင်္ကိတ စောဒနာဖွယ်ရှိသော မိမိနာယကအုပ်စုဝင် ရဟန်းသာမဏေများကို စောဒကမရှိသော်လည်း မိမိကိုယ်တိုင် ရှေးဦးစွာခေါ်ယူဆုံးမရမည်၊

(ဈ) မလိုက်နာလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက(၂)ပါး (၃)ပါးကိုပင့်၍ ယင်း ဆရာတော်များ၏ ရှေ့မှောက်၌ ဒုတိယအကြိမ် ခေါ်ယူဆုံးမရမည်၊

(ဈ) မလိုက်နာသေးလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ ခေါ်ယူ၍ တတိယအကြိမ် ဆုံးမရမည်။

(ည) မလိုက်နာခဲ့သော် ဝန်ချတောင်းပန်သည်အထိ နာယကအစုမှ ကြဉ်ပယ်ထား၍ ထိုသို့ကြဉ်ပယ်ထားသောပုဂ္ဂိုလ်၏ အကြောင်းအရာ အပြည့်အစုံကို ဖော်ပြလျက် မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်၊

(ဋ) မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့နှင့် ကြဉ်ပယ်ခံရသော ရဟန်းသာမဏေတို့က လိုက်နာဆောင်ရွက်ရမည်၊

(ဌ) ကြဉ်ပယ်ခံရသော ပုဂ္ဂိုလ်သည် မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာ ဆောင်ရွက်ခြင်း မပြုလျှင် ရပ်ကွက်/ကျေးရွာအုပ်စု အာဏာပိုင်အဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့သို့ အကြောင်းကြား အစီရင်ခံရမည်၊

(၃) ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့/ သံဃနာယက ဆရာတော်သည် မိမိရပ်ကွက်/ ကျေးရွာ အုပ်စုအတွင်းမှ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်, ဝိနည်းဓိုရ်, သံဃာ့ဝန်ဆောင်, သံဃနာယက ဆရာတော်နှင့် ဩဝါဒါစရိယ ဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့လျှင် သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ လစ်လပ်ကြောင်း သိရှိပြီးနောက် (၅)ရက်အတွင်း အကြောင်းကြား ရမည်။

၉၅။ သီးခြားဂိုဏ်းမှ အဆင့်တူ သတ်မှတ်ထားသော ရပ်ကွက်/ ကျေးရွာအုပ်စုသံဃနာယကနှင့် သံဃနာယကအဖွဲ့များသည် ဂိုဏ်းစည်းကမ်းအရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ခွင့် ရှိကြသည်။

၉၆။ သီးခြားစည်းကမ်းများ ပြုလုပ်ထားသော ကျောင်း/ ကျောင်းတိုက်များသည် မိမိတို့၏ စည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်ခွင့်ရှိကြသည်။

## (ခ) မြို့နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
အခန်း(၆) အပိုဒ် ၄၃။

၉၇။ မြို့နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည် -

(က) ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြားဆုံးဖြတ်ချက်များနှင့် ညွှန်ကြားချက်များအရ မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရမည်၊

(ဂ) အထက်သံဃနာယကအဖွဲ့၏ ညွှန်ကြားချက်များကို မိမိမြို့နယ်အတွင်းနေ ရဟန်း သာမဏေများ သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်၊

(ဃ) မိမိမြို့နယ်အတွင်းရှိ ရဟန်းသာမဏေများ၏ ဝါဆိုသံဃာအသေးစိတ်စာရင်းကို နှစ်စဉ် ကောက်ယူ ပြုစုထားရှိ၍ ဝါဆိုသံဃာစာရင်းချုပ် ကိုသာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့နှင့် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့တို့သို့ ပေးပို့ရမည်၊

(င) မိမိဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံရမည်၊

(စ) မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များသို့ လိုအပ်သလို ညွှန်ကြားချက် များ ထုတ်ပြန်နိုင်သည်၊

(ဆ) အပိုဒ်(၉၄)၊ အပိုဒ်ခွဲ (ည)နှင့် (ဋ)တို့အရ တင်ပြလျှောက်ထားခဲ့သော စုံစမ်း၍သင့်လျော်သည့် အဆုံးအဖြတ်ကို ပေးရမည်၊ ထိုဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သံဃ နာယကအဖွဲ့သို့ အစီရင်ခံရမည်၊

(ဇ) သာသနာဝင်မှတ်တမ်းနှင့် သာသနာနွယ်ဝင်မှတ်တမ်း အသစ်ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြန်လည်သိမ်းဆည်းခြင်းတို့ကို အထက်သံဃာ့အဖွဲ့အစည်းများ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဈ) ပရိယတ်၊ ပဋိပတ် စိစစ်ခြင်းစသော သာသနာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်ရမည်၊

(ည) မိမိမြို့နယ်အတွင်း၌ ဖြစ်ပွားသောမှုခင်းများကို သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ရန် သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊ ဆုံးဖြတ်ချက်ကို လိုက်နာအောင် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့သို့ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ရမည်၊

(ဋ) ဝိနည်းမိုရ်ရွေးချယ်မှု၊ မြို့နယ်သံဃာ့ဝန်ဆောင်ရွေးချယ်/သတ်မှတ်မှု၊ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကရွေးချယ်ဖွဲ့စည်း/သတ်မှတ်မှုများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဋ) သက်ဆိုင်ရာကျောင်း/ကျောင်းတိုက်၏ အုပ်ချုပ်ရေးကို မထိခိုက်စေဘဲ မိမိမြို့နယ်နာယက အစုဝင် ရဟန်းသာမဏေများကို အခါအားလျော်စွာ ဆုံးမဩဝါဒပေးရမည်။

(ဌ) သာသနာရေးဆောင်ရွက်ရာ၌ မြို့နယ်အာဏာပိုင်နှင့် သက်ဆိုင်သည့် ကိစ္စများကို လိုအပ်ပါက မြို့နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဍ) မိမိတို့အဖွဲ့၏ တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ကိစ္စများထဲမှ လိုအပ်သည့်ကိစ္စများကို နှစ်ပတ်လည် မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ဎ) မိမိမြို့နယ်အတွင်းမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဝိနည်းဓိုရ်၊ သံဃာ့ဝန်ဆောင်၊ သံဃနာယကနှင့် ဩဝါဒါစရိယဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့သို့ လစ်လပ်ကြောင်း သိရှိပြီးနောက် (၅)ရက်အတွင်း အကြောင်းကြားရမည်၊

၉၈။ ဂိုဏ်းအသီးသီးမှ အဆင့်တူသတ်မှတ်ထားသော ဆရာတော်များကို လိုအပ်သလို ဖိတ်ခေါ်၍ ဆွေးနွေး နိုင်သည်။

၉၉။ မြို့နယ် ဂိုဏ်းပေါင်းစုံသံဃနာယကအစည်းအဝေးကိုလည်း လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၁၀၀။ သီးခြားဂိုဏ်းများမှ အဆင့်တူသတ်မှတ်ထားသော မြို့နယ်သံဃနာယကနှင့် သံဃနာယကအဖွဲ့များသည် မိမိတို့ ဂိုဏ်းစည်းကမ်းအရ လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်နိုင်ခွင့် ရှိကြသည်။

## မြို့နယ်ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များ

၁၀၁။ မြို့နယ်ဩဝါဒါစရိယဆရာတော်သည် မြို့နယ် သံဃာ့ဝန်ဆောင်အစည်းအဝေးသို့ ကြွရောက်ပြီး အစည်းအဝေး၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသော ဩဝါဒကို စာဖြင့်ရေးသား၍ ပေးနိုင်သည်။

# (ဂ) တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

> သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
> အခန်း(၆) အပိုဒ် ၄၃။

၁၀၂။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည် -

(က) ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြားဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များအရ မိမိတို့နှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်များကို မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ရဟန်း၊ သာမဏေများ သိရှိလိုက်နာကြစေရန် ဆောင်ရွက်ရမည်၊

(ဃ) မိမိတိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အစီရင်ခံရမည်၊

(င) မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များသို့ လိုအပ်သလို ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်၊

(စ) မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်း၌ ဖြစ်ပွားသော ပရိယတ်၊ ပဋိပတ်အငြင်းပွားမှုများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းပေးရမည်၊

(ဆ) မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်း၌ မြို့နယ်ဩဝါဒါစရိယရွေးချယ်မှု၊ မြို့နယ်သံဃနာယကရွေးချယ် ဖွဲ့စည်း/သတ်မှတ်မှုနှင့် တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်ရွေးချယ်မှုများကို ကြီးကြပ် ဆောင်ရွက်ရမည်၊

(ဓ) သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ၌ တိုင်းဒေသကြီး/ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(န) မိမိတို့အဖွဲ့၏ တစ်နှစ်အတွင်းဆောင်ရွက်ပြီးစီးသောကိစ္စများထဲမှ လိုအပ်သည့်ကိစ္စများကို နှစ်ပတ်လည် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

၁၀၃။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက အဖွဲ့သည် လိုအပ်လျှင် ဂိုဏ်းအသီးသီးမှ အဆင့်တူ သတ်မှတ်ထားသော ဆရာတော်များကို ဖိတ်ခေါ်၍ ဆွေးနွေးနိုင်သည်။

၁၀၄။ တိုင်းဒေသကြီး/ပြည်နယ် ဂိုဏ်းပေါင်းစုံ သံဃနာယက အစည်းအဝေးကိုလည်း လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၁၀၅။ သီးခြားဂိုဏ်းများမှ အဆင့်တူသတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကနှင့် သံဃနာယကအဖွဲ့များသည် ဂိုဏ်းဖွဲ့စည်းပုံအရ လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်နိုင်ခွင့်ရှိကြသည်။

၁၀၆။ သီးခြားဂိုဏ်းများမှ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ အသီးသီးသည် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှ

ဝိနည်းမိုရ်နှင့် နိုင်ငံတော်အဆင့် ဆရာတော်တစ်ပါးပါးလစ်လပ်ခဲ့လျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လစ်လပ်ကြောင်း သိရှိပြီး နောက် (၅)ရက်အတွင်း အကြောင်းကြားရမည်။

## တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များ

၁၀၇။ တိုင်းဒေသကြီး/ပြည်နယ် ဩဝါဒါစရိယဆရာတော်သည် တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်ပြီး အစည်းအဝေး၏ ဩဝါဒါစရိယအဖြစ်ဆောင်ရွက်၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီသော ဩဝါဒကို စာဖြင့်ရေးသား၍ ပေးနိုင်သည်။

## (ဃ)နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၆) အပိုဒ် ၄၃။ |

၁၀၈။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်း သာမဏေအားလုံးကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှတဆင့် တာဝန်ခံရမည်။

၁၀၉။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန် များမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်သည် -

(က) ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး တစ်ခုနှင့် တစ်ခုအကြား သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာ့စည်းလုံးညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) သက်တမ်းပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးကို တာဝန်ယူကျင်းပရမည်၊

(ဂ) ထိုသို့ကျင်းပသည့်အခါ သာသနာရေးဝန်ကြီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဃ) ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေး အဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အပါအဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကို လိုအပ်သလိုထည့်သွင်း၍ ဖွဲ့စည်း ပေးရမည်၊

(င) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပသည့်အခါ မိမိတို့အဖွဲ့၏ ဆောင်ရွက်ချက် များကို တင်ပြအစီရင်ခံရမည်၊

(စ) ဤလုပ်ထုံးလုပ်နည်းများ အခန်း(၄) အပိုဒ်(၇၆)တွင် သတ်မှတ်ထားသည့်အတိုင်း နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ကို ရွေးချယ်ဖွဲ့စည်း ပေးရမည်၊

(ဆ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တင်သွင်း သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ စာရင်းကို အတည်ပြုပေးရမည်၊

(ဇ) လစ်လပ်သွားသော နိုင်ငံတော်သံဃမဟာနာယက နေရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အစားထိုးရွေးချယ်တင်ပြသော ဆရာတော်ကို အတည်ပြုပေးရမည်၊

(ဈ) လစ်လပ်သွားသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်၏နေရာတွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့က အစားထိုးရွေးချယ်တင်ပြသော ဆရာတော်ကို အတည်ပြုပေးရမည်၊

(ည) သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းမှတပါး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ, လုပ်ထုံး လုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းခြင်း, ပြင်ဆင်ခြင်း, ဖြည့်စွက်ခြင်း, နုတ်ပယ်ခြင်းများကို ပြုလုပ်နိုင်သည်၊

(ဋ) ဓမ္မဝိနယဆိုင်ရာ အမိန့်ပြန်တမ်းများ အခါ အားလျော်စွာ ထုတ်ပြန်နိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ညွှန်ပြနိုင်သည်၊

(ဌ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေး ကျင်းပရမည်၊

(ဍ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က တင်ပြသည့် ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် အကြံပြု ဝေဖန်ဆွေးနွေးခြင်း၊ လိုအပ်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းများကို ပြုလုပ်နိုင်သည်၊

(ဎ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ယုံကြည်စွာ တာဝန်ပေးအပ်သော သာသနာတော်ဆိုင်ရာကိစ္စ များကို ကျေပွန်အောင် ဆောင်ရွက်ရမည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏
# လုပ်ငန်းတာဝန်များ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၆) အပိုဒ် ၄၃။ |

၁၁၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကို တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၁၁၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည် -

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာ့စည်းလုံးညီညွတ်ရေးကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်အတွင်းရှိ ထေရဝါဒသံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ညွှန်ကြားရမည်၊

(ဂ) အတည်ပြုပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြား

ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များအရ မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရမည်၊

(ဃ) အထက်အပိုဒ်ခွဲ (က) (ခ) (ဂ)တို့၌ ဖော်ပြထားသော လုပ်ငန်းတာဝန်များကို ဤလုပ်ထုံး လုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေရန် အောက်အဆင့် သံဃနာယကအဖွဲ့များကို ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်းများပြုလုပ်ရမည်၊

(င) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ စီမံအုပ်ချုပ်မှု လုပ်ငန်းကိစ္စများကို ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်းများ ပြုလုပ်ရမည်၊

(စ) သံဃာတော်အားလုံးနှင့် သက်ဆိုင်သော ဓမ္မဝိနယ ပြန်တမ်းများကို အခါအားလျော်စွာ ထုတ်ပြန် ရမည်၊

(ဆ) နိုင်ငံတော်က ကျင်းပသည့် ပရိယတ္တိ စာမေးပွဲများနှင့် ပတ်သက်၍ အကြံဉာဏ်များပေးခြင်း, ကျမ်းစာများ ပြဋ္ဌာန်းပေးခြင်း, သင်ရိုးညွှန်းတမ်းများရေးဆွဲပေးခြင်း ကြီးကြပ်ခြင်း, စာမေးပွဲစနစ် ပြင်ဆင်ခြင်း စသည် များကို ပြုလုပ်နိုင်သည်၊

(ဇ) ဗုဒ္ဓတရားတော်နှင့် စပ်လျဉ်း၍ အယူဝါဒ ကွဲပြားမှု များကို စိစစ်ခြင်း, အဆုံးအဖြတ်ပေးခြင်း, ခွင့်ပြုခြင်း, တားမြစ်ခြင်း ပြုလုပ်နိုင်သည်၊

(ဈ) ပိဋကတ်တော်နှင့်မညီသော ဟောပြောခြင်း၊ ရေးသားခြင်း၊ သင်ကြားပေးခြင်း၊ ပြသခြင်းများကို စိစစ်ခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ တားမြစ်ခြင်း ပြုလုပ်နိုင်သည်၊

(ည) ပိဋကတ်တော်နှင့်မညီသော ပဋိပတ်အကျင့်များကို စိစစ်ခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ တားမြစ်ခြင်း ပြုလုပ်နိုင်သည်၊

(ဋ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလာ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု မရှိပါက ထိုဆောင်ရွက်ချက်ကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၁၃)အရ နိုင်ငံတော်သံဃမဟာနာယက စုံညီအစည်းအဝေး၌ တက်ရောက်သည့် ပုဂ္ဂိုလ်တို့၏ လျှို့ဝှက်ဆန္ဒမဲ အနည်းဆုံး ၇၅%ရာခိုင်နှုန်း သဘောတူညီချက်ဖြင့်သာ ပယ်ဖျက်နိုင်သည်၊

မှတ်ချက်။ ။ ဤအပိုဒ်-၁၁၁၊ အပိုဒ်ခွဲ (ဋ)အရ ဆောင်ရွက်ရာ၌ သံဃဆန္ဒ အတိအလင်း ရယူသည့် နည်းလမ်းကို အသုံးမပြုရ။

ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ဆရာတော်တို့၏ အထူးတာဝန်များ-

၁၁၂။ (က) ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့သည်-

(၁) ကျန်းမာရေးကောင်းမွန်ပါက အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစည်းအဝေးသို့ အနည်းဆုံး တစ်လ တစ်ကြိမ် တက်ရောက်တော်မူကြရမည်၊

(၂) နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပသော အခမ်းအနားကြီးများသို့လည်းကောင်း၊ အသင်းအဖွဲ့များက အလားတူကြီးကျယ်စွာ ကျင်းပသောအခမ်းအနားကြီးများသို့ လည်းကောင်း လိုအပ်၍ ပင့်လျှောက် တောင်းပန်ပါက တာဝန်ကျ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် အတူ တက်ရောက် ချီးမြှောက်မှု ပေးတော်မူကြ ရမည်၊

(၃) အရေးကြီးသောကိစ္စ ကြုံတွေ့ဖြစ်ပေါ် လာပါက ကောင်းမွန်ပြည့်စုံစွာ စုပေါင်း ဆုံးဖြတ်နိုင်စေခြင်း အကျိုးငှာ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်(၂)ပါးလုံးကို ဖြစ်စေ၊ တစ်ပါးပါးကိုဖြစ်စေ မဟာနာယက ကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် တာဝန်ကျနိုင်ငံတော် သံဃမဟာနာယက အဖွဲ့က တောင်းပန်ပင့်လျှောက်ပါက ကြွရောက်ရမည်၊

(ဃ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ပွဲတို့၌ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့၏ ဩဝါဒကို ခံယူဆောင်ရွက်မှသာ အဆင်ပြေမည်ဟု ထင်မြင်ယူဆ၍ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်(၂)ပါးလုံးကိုဖြစ်စေ၊ တစ်ပါးပါးကိုဖြစ်စေ ရွေးချယ်ပွဲကျင်းပရာဌာနသို့ ကြွရောက်ပါရန် ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့က တောင်းပန်ပင့်လျှောက်ပါက ကြွရောက်ရမည်၊

(ခ) နိုင်ငံတော်သံဃမဟာနာယက ၄၇-ပါးထဲမှ ဥက္ကဋ္ဌဆရာတော်ကြီး (၁)ပါးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီး(၁)ပါးတို့ကို ချန်ထား၍ ကျန် ၄၅-ပါးကို အဖွဲ့ခွဲတစ်ခုလျှင် ၁၅ ပါးစီဖြင့် အဖွဲ့ခွဲ (၃)ခု ဖွဲ့စည်းပြီး ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်၌ တစ်ဖွဲ့လျှင် (၄)လစီ အလှည့်ကျ သီတင်းသုံးနေထိုင်လျက် နိုင်ငံတော် သံဃမဟာနာယကတစ်ဖွဲ့လုံးကို တာဝန်ခံ၍ လုပ်ငန်း တာဝန်များ ဆောင်ရွက်ရမည်၊

၁၁၃။ အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ၏ အစည်းအဝေးများကို (၇)ရက်တစ်ကြိမ် ကျင်းပရမည်။

၁၁၄။ ကိစ္စရပ်အလိုက် လိုအပ်လျှင် အထူးအစည်းအဝေး ကျင်းပနိုင်သည်။

၁၁၅။ (က) ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးတို့သည် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ခွဲ(၃)ခုလုံးကို ဦးဆောင်ကြီးကြပ် ကွပ်ကဲကြရမည်၊

(ခ) အပိုဒ် ၁၁၂-အရ အဖွဲ့ခွဲ(၃)ခု ဖွဲ့စည်းရာ၌ အဖွဲ့ခွဲ တစ်ခု တစ်ခုကို ဒုတိယဥက္ကဋ္ဌဆရာတော်(၂)ပါး၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်(၂)ပါးစီ ဦးဆောင်ပါဝင်စေ၍ ဖွဲ့စည်းရမည်၊

မှတ်ချက်။ ။လုပ်ငန်းဆောင်ရွက်သောအခါ ချမ်းသာ လွယ်ကူစေရန် ဒုတိယဥက္ကဋ္ဌဆရာတော် (၂)ပါးကို သက်ဆိုင်ရာအဖွဲ့ခွဲ၏ ဒုတိယ ဥက္ကဋ္ဌ(၁)ဆရာတော်၊ ဒုတိယဥက္ကဋ္ဌ (၂)ဆရာတော်ဟူ၍ လည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ၂-ပါးကို သက်ဆိုင်ရာအဖွဲ့ခွဲ၏ တွဲဖက် အကျိုးတော်ဆောင် (၁)ဆရာတော်၊ တွဲဖက်အကျိုးဆောင်(၂)ဆရာတော်ဟူ၍ လည်းကောင်း ခွဲခြားသတ်မှတ်ထားရမည်၊

(ဂ) အဖွဲ့ခွဲတစ်ခု တစ်ခုစီ၏ ဒုတိယဥက္ကဋ္ဌ(၁)ဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင်(၁) ဆရာတော်တို့သည် အကြောင်းတစ်ခုခုကြောင့် တာဝန်ကို မထမ်းဆောင်နိုင်ခဲ့လျှင် ထိုမထမ်းဆောင်နိုင်သော ကာလအတွင်း ဒုတိယဥက္ကဋ္ဌ(၂)ဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင်(၂)ဆရာတော်တို့က ယင်းအဖွဲ့ခွဲကို ခေါင်းဆောင်၍ တာဝန်ယူထမ်းဆောင်ကြရမည်၊

(ဃ) အဖွဲ့ခွဲတစ်ခုတစ်ခု၌ ဝိနိစ္ဆယရေးရာအဖွဲ့ငယ်၊ သာသနာရေးရာအဖွဲ့ငယ်၊ ပညာရေးရာအဖွဲ့ငယ် ဟူ၍ အဖွဲ့ငယ်သုံးခုဖွဲ့စည်းပြီးလျှင် အဖွဲ့ငယ်သုံးခုသည် ရုံးပိတ်ရက်မှတစ်ပါးနေ့စဉ်ရုံးထိုင်လျက် မဟာနာယက အဖွဲ့ခွဲတစ်ခုလုံးကို တာဝန်ခံ၍ ဆိုင်ရာလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်၊

(င) အဖွဲ့ငယ်သုံးခုသည် မိမိတို့အသီးအသီး ဆောင်ရွက်ပြီးစီးသော ကိစ္စများထဲမှ လိုအပ်သည့်ကိစ္စများကို သက်ဆိုင်ရာအဖွဲ့ခွဲ၏ အနီးကပ်ဆုံး အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

(စ) အဖွဲ့ခွဲ တစ်ခုတစ်ခု၏ ဒုတိယဥက္ကဋ္ဌ ဆရာတော် (၂)ပါး၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် (၂)ပါးတို့ စုံညီစွာ တာဝန်ယူဆောင်ရွက်နိုင်လျှင် ဒုတိယဥက္ကဋ္ဌ(၂)ဆရာတော်၊ တွဲဖက်အကျိုး

တော်ဆောင်(၂)ဆရာတော်တို့သည် အဖွဲ့ခွဲအတွင်း ဖွဲ့စည်းထားသော အဖွဲ့ငယ်တစ်ခုခုကို ခေါင်းဆောင်ကြရမည်။

၁၁၆။ အဖွဲ့ခွဲအားလုံးတို့သည် မိမိတို့အလှည့်ကျ တာဝန်ထမ်းဆောင်ချိန်၌ အစည်းအဝေး ဆုံးဖြတ်ချက်များကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်အားလုံးထံသို့ ပေးပို့ကြရမည်။

၁၁၇။ (က) သာသနာတော်အတွက် အရေးကြီးသည့်ကိစ္စကိုမူ အဖွဲ့ခွဲအသီးသီးက ဆုံးဖြတ်ခြင်းမပြုဘဲ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့စုံညီ/အထူးအစည်းအဝေးသို့သာ တင်ပြဆုံးဖြတ်ရမည်၊

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီအစည်းအဝေးက တင်လွှာနှင့်တကွ နှစ်ကြိမ်ဆုံးဖြတ်ပြီးသော ကိစ္စများကို ထပ်မံ၍ ဆုံးဖြတ်ခြင်း မပြုရ။

၁၁၈။ သာသနာတော်အတွက် အရေးကြီးသည့်ကိစ္စ လတ်တလောပေါ်ပေါက်လာပါက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၁၁၉။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် (၄)လ(၁)ကြိမ်စုံညီအစည်းအဝေးကျင်းပ၍ အလှည့်ကျသည့် အဖွဲ့ခွဲအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ရမည်။

၁၂၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ အသီးသီးသည် မိမိတို့ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး နိုင်ငံတော်သံဃမဟာနာယကစုံညီ အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၂၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မိမိတို့အဖွဲ့၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၂၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်အဆင့် ဆရာတော်တစ်ပါးပါး နေရာလစ်လပ်သွားလျှင် လုပ်ထုံးလုပ်နည်း များနှင့်အညီ အစားထိုးရွေးချယ်ပြီး အနီးကပ်ဆုံး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၂၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော် ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည်ဟု ယူဆပါက သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၂၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မိမိဆောင်ရွက်ချက် များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့သို့ အစီရင်ခံ၍ ဩဝါဒခံယူရမည်။

# နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များ

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
အခန်း(၆) အပိုဒ် ၄၃။

၁၂၅။ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များသည် အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ပါးချင်းသော် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား သာသနာတော်နှင့် စပ်လျဉ်း၍ ဩဝါဒပေးနိုင်သည်။

၁၂၆။ ဩဝါဒပေးရာတွင် ကိုယ်တိုင်ကြွရောက်၍သော် လည်းကောင်း၊ စာဖြင့်ရေးသား၍သော်လည်းကောင်း ပေးနိုင်သည်။

၁၂၇။ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တက်ရောက်လိုပါက တက်ရောက်၍ အစည်းအဝေး၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ရန် တောင်းပန်မှုကို လက်ခံဆောင်ရွက်နိုင်သည်။

# အခန်း(၇)

## အရည်အချင်း ပျက်ယွင်းခြင်းနှင့် နုတ်ထွက်ခွင့်ပြုခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၇) အပိုဒ် ၄၄၊ ၄၅ |

### အရည်အချင်း ပျက်ယွင်းခြင်း

၁၂၈။ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဆရာတော်သည် ဖော်ပြလတ္တံ့ပါ အကြောင်းတစ်ခုခုကြောင့် အရည်အချင်း ပျက်ယွင်းလျှင် မိမိဆိုင်ရာ သံဃာ့ဝန်ဆောင်အဖြစ်မှလည်းကောင်း၊ သံဃနာယကအဖြစ်မှလည်းကောင်း၊ ဩဝါဒါစရိယအဖြစ်မှ လည်းကောင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း ရပ်စဲသည်ဟု မှတ်ယူရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ပျံလွန်တော်မူခြင်း၊

(ဂ) လူဝတ်လဲခြင်း၊

(ဃ) အန္တိမဝတ္ထုဖြင့် ဆုံးဖြတ်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရခြင်း၊

(စ) တာဝန်မှနုတ်ပယ်ခံရခြင်း၊

(ဆ) စိတ်ပုံ့လွင့်ရူးသွပ်ခြင်း၊

(ဇ) တာဝန်မဆောင်ရွက်နိုင်အောင် မကျန်းမာခြင်း၊
(ဈ) ကူးစက်နိုင်သော ရောဂါစွဲကပ်ခြင်း၊
(ည) ရွေးချယ်တင်မြှောက်ခံရရာ ရပ်ကွက် /ကျေးရွာ အုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်/ နိုင်ငံတော်၏ ပြင်ပသို့ ပြောင်းရွှေ့ဝါကပ်နေထိုင်ခြင်း၊
(ဋ) မိမိအပေါ် ကျရောက်သောတာဝန်ကို အကြောင်း မလုံလောက်ဘဲ(၃)ကြိမ်မဆောင်ရွက်၊ ပျက်ကွက် ခြင်း၊
(ဌ) တာဝန်ထက်ကျော်လွန်၍ ဆောင်ရွက်ခြင်း၊
(ဍ) အကြောင်းမလုံလောက်ဘဲ (၃)ကြိမ်တစ်ဆက်တည်း အစည်းအဝေးသို့ မတက်ရောက်ခြင်း၊
(ဎ) အယူတစ်ပါးပြောင်းရွှေ့ခြင်း၊
(ဏ) လာဘ်ယူမှုထင်ရှားခြင်း၊
(တ) အဂတိတရား လိုက်စားခြင်း၊
(ထ) ပင့်ခေါ်သော်လည်း မလာရောက်ခြင်း၊ ညွှန်ကြားချက် အတိုင်း မဆောင်ရွက်ခြင်း စသည်ဖြင့် အထက် သံဃာ့အဖွဲ့အစည်းကို မလေးစားသည့်သဘော ထင်ရှားခြင်း၊
(ဒ) ဂိုဏ်းကူးပြောင်းခြင်း၊
(ဓ) ထေရဝါဒနှင့် ဆန့်ကျင်၍ ဟောပြောခြင်း၊ ရေးသားခြင်း၊ ဘိုးတော်ဂိုဏ်း၊ ဗေဒင်ယတြာ၊ ပယောဂဆေးဝါး ကုသခြင်း၊ ပြုလုပ်ခြင်း။

မှတ်ချက်။ (က) အပိုဒ်(က)မှ အပိုဒ်ခွဲ(စ)တိုင်အောင် ကိစ္စများကို စုံစမ်းရန်မလို။

(ခ) အပိုဒ်ခွဲ(ဆ)မှ အပိုဒ်ခွဲ (ဓ)တိုင်အောင် ကိစ္စများကို စုံစမ်းပြီး မှန်ကန်ကြောင်း တွေ့ရှိမှသာလျှင် အရေးယူရမည်။

## နုတ်ထွက်ခွင့်ပြုခြင်း

၁၂၉။ သံဃာ့ဝန်ဆောင်၊ သံဃနာယက၊ ဩဝါဒါစရိယ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဝိနည်းဓိုရ်ဆရာတော်က နုတ်ထွက်ခွင့်တင်သွင်းလျှင် ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ရမည်။

(က) သက်ဆိုင်ရာသံဃနာယကအဖွဲ့သည် ထို ဆရာတော်၏ နုတ်ထွက်လိုသည့် အကြောင်း များကို စုံစမ်း၍ ခိုင်လုံကြောင်းတွေ့ရှိပါက နုတ်ထွက်ခွင့်ပြုရမည်။

(ခ) အကယ်၍ အကြောင်းခိုင်လုံစွာ မတွေ့ရှိရပါက ဆက်လက်တာဝန်ထမ်းဆောင်ပါရန် တိုက်တွန်း လျှောက်ထားရမည်။

(ဂ) ထိုဆရာတော်သည် တိုက်တွန်းမှုကို လက်ခံပါက မိမိ၏ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်း၍ မိမိ၏တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

(ဃ) တိုက်တွန်းမှုကို လက်မခံပါက ထိုဆရာတော်အား နုတ်ထွက်ခွင့်ပေးရမည်။

(င) နုတ်ထွက်ခွင့်ပြုပြီးပါက ထိုနုတ်ထွက်ခွင့်ပြုခဲ့ကြောင်းနှင့် အစားထိုးရွေးချယ်ရန် လိုအပ်ကြောင်းကို အထက်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြရမည်။

(စ) အစားထိုးရွေးချယ်ပြီးပါက ထိုအစားထိုးရွေးချယ်ပြီးကြောင်းကို အနီးကပ်ဆုံး သက်ဆိုင်ရာ သံဃာ့ဝန်ဆောင်အစည်းအဝေးသို့ တင်ပြရမည်။

# အခန်း (၈)

## အရေးယူခြင်းများ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၈) အပိုဒ် ၄၆-မှ-၄၉ |

### အရေးယူခြင်း

### (၁) တိုင်ကြားခြင်း

၁၃၀။ နိုင်ငံတော်အဆင့်မဟုတ်သော သံဃာ့အဖွဲ့အစည်း တစ်ဆင့်ဆင့်၌ ပါဝင်သောပုဂ္ဂိုလ်သည် အရည်အချင်း ပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းလျှင် တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သို့ မည်သူမဆို မိမိ၏နာမည်၊ နေရပ်ဖော်ပြ၍ လက်မှတ်ရေးထိုး တိုင်ကြား လျှောက်ထားနိုင်သည်။

၁၃၁။ နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းတစ်ခုခု၌ ပါဝင်သော ဆရာတော်သည် အရည်အချင်းပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းလျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ မည်သူမဆို မိမိ၏နာမည် နေရပ်ဖော်ပြ၍ လက်မှတ်ရေးထိုး တိုင်ကြားလျှောက်ထားနိုင်သည်။

၁၃၂။ သံဃာ့အဖွဲ့အစည်းတစ်ဆင့်ဆင့်၌ ပါဝင်သော ပုဂ္ဂိုလ်သည် အရည်အချင်းပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းသည်ဟု သိရှိသော သံဃာ့အဖွဲ့အစည်းတစ်ဆင့်ဆင့်၌ ပါဝင်သည့်ပုဂ္ဂိုလ်က သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ တရားဝင် တိုင်ကြားလျှောက်ထားရမည်။

## (၂) ပဏာမစုံစမ်းခြင်း

၁၃၃။ သံဃာ့အဖွဲ့အစည်း တစ်ဆင့်ဆင့်၌ ပါဝင်သောပုဂ္ဂိုလ်သည် ဂုဏ်အင်္ဂါအရည်အချင်း ပျက်ယွင်းမှု တစ်ခုခုနှင့် ငြိစွန်းသည်ဟု တစ်ဦးဦးက စာဖြင့်စွပ်စွဲတိုင်ကြားလျှင် သက်ဆိုင်ရာ သံဃနာယက အဖွဲ့သည် စွပ်စွဲတိုင်ကြား သူ၏နာမည်၊ နေရပ်ကို လိုအပ်ပါက လျှို့ဝှက်ထား၍ တိုင်ကြားစာပါ လိုရင်းအကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလျက် စွပ်စွဲခံရသော ပုဂ္ဂိုလ်ထံမှ ရှင်းလင်းချက် တောင်းခံရမည်။

၁၃၄။ (က) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ထိုပုဂ္ဂိုလ်၏ ရှင်းလင်းချက်ကို ကျေနပ်လက်ခံပါက ဆက်လက်အရေးယူရန်မလို၊ အရေးယူရန်မလိုသည့် အကြောင်းကို တိုင်ကြားသူထံ စာဖြင့် အသိပေးရမည်၊

(ခ) တိုင်ကြားသူက မကျေနပ်လျှင် တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သို့ ထပ်မံတိုင်းကြားနိုင်သည်၊

(ဂ) သက်ဆိုင်ရာသံဃနာယကအဖွဲ့က ကျေနပ်လက်ခံဖွယ်ရာမရှိဟု ယူဆပါက ပဏာမစုံစမ်းရေး အဖွဲ့ကို စွပ်စွဲခံရသော ပုဂ္ဂိုလ်နှင့် အဆင့်တူပုဂ္ဂိုလ် (၃)ပါးဖြင့်သော်လည်းကောင်း၊ တစ်ဆင့်မြင့် သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်(၃)ပါးဖြင့်သော် လည်းကောင်း လိုအပ်သလို ဖွဲ့စည်း၍ စုံစမ်းရန် တာဝန်ပေးရမည်။

၁၃၅။ ပဏာမစုံစမ်းရေးအဖွဲ့သည် တိုင်ကြားစာပါ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်မှတင်ပြသည့် သက်သေနှင့် အထောက်အထားများကို လေ့လာစုံစမ်းရမည်။

၁၃၆။ ထိုပဏာမ စုံစမ်းရေးအဖွဲ့ဖြင့် စုံစမ်းနေစဉ်တွင် စွပ်စွဲခံရသော ပုဂ္ဂိုလ်ကို တာဝန်မှရပ်ဆိုင်းထားခြင်းမပြုရ။

၁၃၇။ (က) "စွပ်စွဲချက်သည် မခိုင်လုံ" ဟု ပဏာမစုံစမ်းရေးအဖွဲ့က အစီရင်ခံစာ တင်သွင်းလျှင် စွပ်စွဲခံရသော ပုဂ္ဂိုလ်ကို ဆက်လက်စုံစမ်းစစ်ဆေးရန်နှင့် တစ်စုံတစ်ရာ အရေးယူရန် မလို၊

(ခ) စွပ်စွဲတိုင်ကြားသော ပုဂ္ဂိုလ်ကိုမူ ရဟန်း/သာမဏေ ဖြစ်ပါက စွပ်စွဲမှုအားလျော်စွာ -

(၁) စွပ်စွဲခံရသော ပုဂ္ဂိုလ်အား တောင်းပန်ဝန်ချစေခြင်း၊

(၂) ပြင်းထန်စွာ သတိပေးဆုံးမခြင်း၊

(၃) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ထုတ်ပယ်ခြင်း၊

(၄) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်ခွင့်မပြုခြင်းတို့ဖြင့် လိုအပ်သလို အရေးယူရမည်။

(ဂ) ရဟန်း သာမဏေမှတပါး အခြားပုဂ္ဂိုလ်ဖြစ်ပါက စွပ်စွဲမှုအားလျော်စွာ သာသနာရေးဦးစီးဌာနက လိုအပ်သလို အရေးယူနိုင်သည်။

၁၃၈။ ပဏာမစုံစမ်းရေးအဖွဲ့က " စွပ်စွဲချက်မှန်ကန်ကြောင်း" ခိုင်လုံသော အထောက်အထားများနှင့်တကွ သုံးသပ်ချက်၊ ထင်မြင်ချက်များကို ထည့်သွင်းဖော်ပြလျက် အစီရင်ခံစာ တင်သွင်းလျှင် သက်ဆိုင်ရာသံဃနာယကအဖွဲ့သည် ထိုအစီရင်ခံစာ အပေါ် မူတည်၍ စွပ်စွဲခံရသော ပုဂ္ဂိုလ်ကို ပြစ်မှုအားလျော်စွာ -

(က) ပြင်းထန်စွာသတိပေး ဆုံးမခြင်း၊

(ခ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ထုတ်ပယ်ခြင်း တို့ဖြင့် လိုအပ်သလို အရေးယူရမည်။

## (၃) စုံစမ်းစစ်ဆေးခြင်း

၁၃၉။ ပဏာမစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာဖြင့် မလုံလောက်သေး ဟု ယူဆပါက သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် "စုံစမ်းစစ်ဆေးရေးအဖွဲ့ကို" စွပ်စွဲခံရသော ပုဂ္ဂိုလ်နှင့်အဆင့်တူ ပုဂ္ဂိုလ်များဖြင့်သော်လည်းကောင်း၊ တစ်ဆင့်မြင့် သံဃာ့ အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြင့်သော်လည်းကောင်း ၃ ပါး/၅ ပါး ပါဝင်စေလျက် ဖွဲ့စည်း၍ ထပ်မံစုံစမ်းစစ်ဆေးစေနိုင်သည်။

၁၄၀။ (က) ထိုသို့စုံစမ်းစစ်ဆေးနေစဉ် ကာလအတွင်း တစ်ဆင့်မြင့်သံဃနာယကအဖွဲ့က ထိုစွပ်စွဲခံရသော ပုဂ္ဂိုလ်ကို တာဝန်မှ ခေတ္တရပ်ဆိုင်းထားရမည်၊

(ခ) ပြစ်မှုဥပဒေဖြင့်လည်းကောင်း၊ အနုဝါဒါ မိကရုဏ်းမှုဖြင့် လည်းကောင်း စွပ်စွဲခံရသော ပုဂ္ဂိုလ်များအား (အကျင့်စာရိတ္တ) ဂုဏ်အင်္ဂါ

အရည်အချင်း ပျက်ယွင်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာရုံးများတွင် အမှုရင်ဆိုင်နေစဉ် ကာလအတွင်း တာဝန်မှ ယာယီရပ်ဆိုင်းထားရမည်။

၁၄၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်စာကို အဖွဲ့ဝင်ပုဂ္ဂိုလ်အသီးသီးသို့ ပေးပို့ရမည်။

၁၄၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌအား သက်ဆိုင်ရာ အမှုတွဲနှင့်တကွ စာရွက်စာတမ်း အထောက်အထားများကို ပေးအပ်ရမည်။

၁၄၃။ အဖွဲ့ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ပုဂ္ဂိုလ်အားလုံးနှင့် ညှိနှိုင်းစည်းဝေး၍ စစ်ဆေးရန် နေ့ရက်၊ အချိန်၊ နေရာ သတ်မှတ်ပြီးလျှင် စွပ်စွဲခံရသူအပေါ် စွဲချက်တင်ရမည်။

၁၄၄။ စွပ်စွဲသော ပုဂ္ဂိုလ်၊ စွပ်စွဲခံရသော ပုဂ္ဂိုလ်နှင့် သက်သေများကို လာရောက်စစ်ဆေးခံရန် နေ့ရက်၊ အချိန် နေရာကို ဖော်ပြလျက် ပင့်လျှောက်/ဆင့်ခေါ်ရမည်။

၁၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို နှစ်ဖက်ပုဂ္ဂိုလ်များအနေဖြင့် ကန့်ကွက်ရန် ရှိ/မရှိ ရှေးဦးစွာမေးမြန်း၍ ကန့်ကွက်ရန်မရှိဆိုပါက အမှုကို ဆက်လက်စစ်ဆေးရမည်။

၁၄၆။ (က) ကန့်ကွက်ပါက ကန့်ကွက်သူကို စုံစမ်းစစ်ဆေးရေးအဖွဲ့က ချက်ချင်းစာဖြင့် ရေးသားတင်သွင်းစေ၍ စစ်ဆေးမှုကို ရပ်ဆိုင်းထားပြီးလျှင် သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ ပြန်လည်လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် ကန့်ကွက်ချက် မခိုင်လုံပါက အမှုကို ဆက်လက်စစ်ဆေးစေရမည်။

(ဂ) ကန့်ကွက်ချက် ခိုင်လုံပါက ကန့်ကွက်ခံရသော အဖွဲ့ဝင်တစ်ပါးပါးကိုသော်လည်းကောင်း၊ တစ်ဖွဲ့လုံးကို သော်လည်းကောင်း နုတ်ပယ်၍ လိုအပ်သလို အစားထိုးဖွဲ့စည်း စစ်ဆေးစေရမည်။

၁၄၇။ စွပ်စွဲသောပုဂ္ဂိုလ်နှင့် ယင်း၏ သက်သေများကို ရှေးဦးစွာ စစ်ဆေးပြီးနောက် စွပ်စွဲခံရသော ပုဂ္ဂိုလ်နှင့် ယင်း၏ သက်သေများကို စစ်ဆေးရမည်။

၁၄၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များ သုံးသပ်ချက်၊ ထင်မြင်ချက်၊ အကြံပြုချက်များနှင့်တကွ အစီရင်ခံစာကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ တင်သွင်းရမည်။

၁၄၉။ (က) သက်ဆိုင်ရာသံဃနာယကအဖွဲ့သည် မိမိတို့ ကိုယ်တိုင် တွေ့ရှိချက်များ၊ ပဏ္ဏာမစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာ တင်ပြချက်များနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့၏ အစီရင်ခံတင်ပြချက်များအပေါ် မူတည်၍ သံဃနာယကအဖွဲ့ဝင် များရာဆန္ဒဖြင့် ဖော်ပြ လတ္တံ့ပါအတိုင်း အရေးယူရမည်၊

(ခ) စွပ်စွဲချက် မမှန်ကန် မခိုင်လုံလျှင် စွပ်စွဲတိုင်ကြား သော ပုဂ္ဂိုလ်ကို ရဟန်း/သာမဏေဖြစ်ပါက -

(၁) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှ ထုတ်ပယ်ခြင်း၊

(၂) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်ခွင့်မပြုခြင်းတို့ဖြင့် လိုအပ်သလို အရေးယူရမည်။

(ဂ) ရဟန်း/သာမဏေမှတပါး အခြားပုဂ္ဂိုလ်ဖြစ်ပါက စွပ်စွဲမှုအားလျော်စွာ သာသနာရေးဦးစီးဌာနက လိုအပ်သလို အရေးယူနိုင်သည်၊

(ဃ) စွပ်စွဲချက်မှန်ကန်ခိုင်လုံလျှင် စွပ်စွဲခံရသော ပုဂ္ဂိုလ်ကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ထုတ်ပယ်ခြင်းဖြင့်သာ အရေးယူရမည်။

၁၅၀။ နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုခု၌ ပါဝင်သော ဆရာတော်တစ်ပါးပါး စွပ်စွဲခံရသော မှုခင်းဖြစ်လျှင်မူ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၅- ပါး/ ၇-ပါး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရမည်။

၁၅၁။ (က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်များ၊ သုံးသပ်ချက်၊ ထင်မြင်ချက်၊ အကြံပြုချက်များနှင့် တကွ အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်သွင်းရမည်။

(ခ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မိမိတို့ ကိုယ်တိုင် တွေ့ရှိချက်များ၊ ပဏာမ စုံစမ်းရေးအဖွဲ့၏

အစီရင်ခံစာတင်ပြချက်များနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့၏ အစီရင်ခံတင်ပြချက်များ အပေါ် မူတည်၍ မိမိတို့အဖွဲ့၏ သဘောထား မှတ်ချက်ပါဝင်စေလျက် အနီးကပ်ဆုံး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်။

၁၅၂။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ထိုအမှုကို များရာ သံဃဆန္ဒဖြင့်ဆုံးဖြတ်ရမည်။

၁၅၃။ သံဃနာယကဆရာတော်တစ်ပါးသည် ပေးအပ်သော တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်ခြင်း၊ တာဝန်ထက် ကျော်လွန်၍ ဆောင်ရွက်ခြင်း၊ သံဃနာယကအဖွဲ့အတွင်း၌ဖြစ်စေ၊ မိမိတို့နယ်မြေအတွင်း၌ဖြစ်စေ အုပ်စုဖွဲ့ခြင်း၊ သင်းခွဲဂိုဏ်းခွဲပြုလုပ်ခြင်း၊ သံဃာတော်များ၏ ညီညွတ်မှုပျက်ပြားအောင် ပြုလုပ်ခြင်းများကို ဖြစ်ပွားစေသော် အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့က စုံစမ်းစစ်ဆေး အရေးယူရမည်။

၁၅၄။ သံဃနာယကအဖွဲ့တစ်ခုအတွင်း၌ အုပ်စုကွဲပြားမှု ဖြစ်ပေါ်နေခဲ့သော် အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့က ညီညွတ်အောင် စေ့စပ်ပေးရမည်။

၁၅၅။ သံဃနာယကအဖွဲ့သည် အဖွဲ့လိုက် အဂတိလိုက်စားခြင်း၊ တာဝန်ကိုကျေပွန်အောင်မဆောင်ရွက်ခြင်း၊ တာဝန်ထက်ကျော်လွန်၍ ဆောင်ရွက်ခြင်း၊ စေ့စပ်၍ မရအောင် အုပ်စုကွဲပြားနေခြင်းကို

ပြုလုပ်ဖြစ်ပေါ်စေခဲ့သော် အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့က စုံစမ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အထိ အဆင့်ဆင့်တင်ပြရမည်။

မှတ်ချက်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာနှင့် အခြားစည်းမျဉ်းစည်းကမ်းတို့၌-

(က) တားမြစ်ထားသော ကိစ္စမျိုးနှင့်

(ခ) ခွင့်ပြုချက်မရှိသော လျော်ကန်သင့်မြတ်မှုလည်း မရှိသော ကိစ္စမျိုးကို ပြုလုပ်သော ပုဂ္ဂိုလ်/အဖွဲ့ကို "တာဝန်ထက်ကျော်လွန်၍ ဆောင်ရွက်သော ပုဂ္ဂိုလ်/အဖွဲ့ဖြစ်သည်" ဟု မှတ်ယူရမည်။

၁၅၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အထက်အပိုဒ် (၁၅၅)အရ တင်ပြချက်ကို သုံးသပ်ဝေဖန်၍ ထိုသံဃနာယကအဖွဲ့ကို လိုအပ်ပါက ဖျက်သိမ်းပြီး ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို ဤလုပ်ထုံးလုပ်နည်း များနှင့်အညီ ကျင်းပနိုင်သည်။

## (၄) အယူခံခြင်း

၁၅၇။ တာဝန်မှရပ်သိမ်းခြင်းခံရသော ဆရာတော်/အဖွဲ့သည် " မိမိအား တာဝန်မှရပ်သိမ်းခြင်းသည် တရားမျှတမှုမရှိ" ဟု ယူဆလျှင် အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သို့ ကျိုးကြောင်းဖော်ပြချက်နှင့်တကွ အယူခံလွှာကို တာဝန်ရပ်သိမ်းသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း တင်သွင်းခွင့်ရှိသည်။

၁၅၈။ အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သည် အယူခံလွှာပါ ကျိုးကြောင်းဖော်ပြချက်များကို လေ့လာပြီး ခိုင်လုံသည်ဟု ယူဆလျှင် အယူခံလွှာကို လက်ခံကြောင်း၊ သို့မဟုတ် မခိုင်လုံဟုယူဆလျှင် အယူခံလွှာကို ပယ်ချကြောင်းကို သက်ဆိုင်ရာအယူခံလွှာ တင်သွင်းသည့် ဆရာတော်/အဖွဲ့နှင့် မူလဆောင်ရွက်ခဲ့သည့် သံဃနာယကအဖွဲ့အား စာဖြင့်အကြောင်းကြားရမည်။

၁၅၉။ အယူခံလွှာကို လက်ခံပါက အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သည် မိမိတို့အဖွဲ့ ကိုယ်တိုင်သော် လည်းကောင်း၊ သင့်လျော်သောဆရာတော်များပါဝင်သည့် အဖွဲ့ငယ်ကို ဖွဲ့စည်း၍ သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နိုင်သည်။

၁၆၀။ အထက်တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သည် မိမိတို့ ကိုယ်တိုင် စုံစမ်းစစ်ဆေးမှုပြုလုပ်ပါက တွေ့ရှိချက်များအပေါ် မူတည်၍ များရာသံဃဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်၊ ထိုဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

၁၆၁။ (က) အဖွဲ့ငယ်ဖြင့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပါက ထို အဖွဲ့ငယ်သည် တွေ့ရှိချက်များကို မိမိတို့ သဘောထား မှတ်ချက်များနှင့်တကွ သက်ဆိုင်ရာ သံဃနာယကအဖွဲ့သို့ တင်ပြရမည်၊

(ခ) သက်ဆိုင်ရာ သံဃနာယကအဖွဲ့သည် အဖွဲ့ငယ်၏ တင်ပြချက်အပေါ် မူတည်၍ များရာ သံဃဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်၊ ထိုဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။

၁၆၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်/ နိုင်ငံတော်အဆင့် အဖွဲ့အစည်း တစ်ခုခု၌ ပါဝင်သော ဆရာတော်တစ်ပါးပါး အနေဖြင့် "မိမိကို အရေးယူခြင်းသည် တရားမျှတမှုမရှိ" ဟု ယူဆလျှင် အနီးကပ်ဆုံးကျင်းပသည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြောင်းကျိုးပြည့်စုံစွာ ဖော်ပြလျက် အယူခံလွှာ တင်သွင်း လျှောက်ထား ခွင့်ရှိသည်။

၁၆၃။ အယူခံလွှာတင်သွင်းပါက အစည်းအဝေးတက်ရောက်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် များရာသံဃဆန္ဒဖြင့် မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း, ပြင်ဆင်ခြင်း, ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်၊ ထိုဆောင်ရွက်ချက် သည် နောက်ဆုံးအတည်ဖြစ်သည်။

# အခန်း(၉)

## အစားထိုးရွေးချယ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၉) အပိုဒ် ၅၀ |

### လစ်လပ်၍ အစားထိုးရန်လိုအပ်ကြောင်း တင်ပြ

၁၆၄။ သံဃနာယကအဆင့်ဆင့်သည် မိမိတို့အုပ်ချုပ်ရာ နယ်မြေအတွင်းရှိ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်၊ ဝိနည်းဓိုရ်ဆရာတော်၊ အဆင့်အသီးသီးမှ သံဃာ့ဝန်ဆောင်၊ သံဃနာယက ဆရာတော်နှင့် ဩဝါဒ စရိယဆရာတော်တစ်ပါးပါး လစ်လပ်လျှင် ထိုသို့ လစ်လပ်ကြောင်းနှင့် အစားထိုးရွေးချယ်ပေးရန် လိုအပ်ကြောင်းကို သက်ဆိုင်ရာ အထက်သံဃနာယကအဖွဲ့ အသီးသီးသို့ လစ်လပ်ကြောင်း သိရှိပြီးနောက် (၅)ရက်အတွင်း တင်ပြလျှောက်ထားရမည်။

### ကြီးကြပ်ရေးအဖွဲ့၊ တာဝန်ပေး

၁၆၅။ သက်ဆိုင်ရာ အထက်သံဃနာယကအဖွဲ့သည် ထို လျှောက်လွှာကို ရရှိပြီးနောက် (၁၀)ရက်အတွင်း လိုအပ်သော ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန်များကို သတ်မှတ် ပေးရမည်။

## ရက်(၃၀)အတွင်း ရွေးချယ်

၁၆၆။ ထိုကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်မှုကို ရက်ပေါင်း(၃၀) အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၁၆၇။ သီးခြားဂိုဏ်းများမှ သတ်မှတ်ထားသော အဖွဲ့အစည်း အသီးသီးမှ ဆရာတော်တစ်ပါးပါး လစ်လပ်လျှင် ရက်ပေါင်း (၃၀) အတွင်း အစားထိုးသတ်မှတ် ပေးရမည်။

## ရွေးချယ်နည်း

၁၆၈။ သံဃနာယကအဖွဲ့အဆင့်ဆင့်၏ ဥက္ကဋ္ဌဆရာတော် လစ်လပ်ခဲ့သော် မူလရွေးချယ်နည်းအတိုင်း သက်ဆိုင်ရာ သံဃာ့ဝန်ဆောင်များဖြင့် အစားထိုးရွေးချယ်တင်မြှောက်ရမည်။

## လက်ရှိတာဝန်မစွန့်ဘဲ ရွေးချယ်ခံခွင့်ရှိ

၁၆၉။ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် စသော နာယကဆရာတော်များသည်လည်း မိမိ၏ လက်ရှိတာဝန်ကို စွန့်လွှတ်ခြင်းမပြုဘဲ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံပိုင်ခွင့် ရှိကြသည်။

## ဤအစည်းအဝေး၌ပင် ဆက်လက်ရွေးချယ်

၁၇၀။ (က) သံဃနာယကတစ်ပါးသည် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော် ထိုလစ်လပ်သောနေရာအတွက် ယင်းအစည်းအဝေး၌ပင်လျှင် မူလရွေးချယ်နည်းအတိုင်း ဆက်လက်ရွေးချယ်ရမည်၊

(ခ) ယင်းသို့ ရွေးချယ်လျာထားခြင်းခံရသော သံဃနာယက ဆရာတော်ကို အနီးဆုံးသက်ဆိုင်ရာ သံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

# အခန်း(၁၀)

## အစည်းအဝေးများဆိုင်ရာ
## ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း(၁၀) အပိုဒ် ၅၁-မှ-၈၀ |

### (က) ဂိုဏ်းပေါင်းစုံအစည်းအဝေး

၁၇၁။ (က) သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အရေးကြီးသော သာသနာရေးကိစ္စ ပေါ်ပေါက်လာသည့်အတွက် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကျင်းပသင့်သည်ဟု ယူဆလျှင် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ် (၈၀)အရ တာဝန်ကျ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ခွဲသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အရေးပေါ်စုံညီ အစည်းအဝေးသို့ တင်ပြရမည်။

(ခ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီ အစည်းအဝေးက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး ကျင်းပသင့်သည်ဟု ဆုံးဖြတ်လျှင် အနီးကပ်ဆုံး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ သံဃာ့အဖွဲ့အစည်း

အခြေခံစည်းမျဉ်း အခန်း (၁၀)၊ အပိုဒ်(၅၁၊ ၅၂၊ ၅၃)တို့နှင့် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့် လည်းကောင်း အညီ ဆောင်ရွက်ရမည်။

၁၇၂။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပမည့် နေ့ရက်ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က သာသနာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

၁၇၃။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်ခွင့် ရှိသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အရေအတွက်ကို သတ်မှတ်ပေးရမည်။

၁၇၄။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ထူးခြားသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသဖြင့် သီးခြားပင့်ဆောင် သင့်သော ပုဂ္ဂိုလ်များကို စာရင်းပြုစု၍ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပြီး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် ပင့်ဆောင်ရမည်။

၁၇၅။ ဂိုဏ်းပေါင်စုံ သံဃာ့အစည်းအဝေးပွဲကြီးကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ဦးဆောင်၍ ဂိုဏ်းအလိုက်၊ မြို့နယ် အလိုက် ရွေးချယ်ခံရသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များနှင့် သီးခြားပင့်ဆောင်ရန် သတ်မှတ်ထားသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြင့် ကျင်းပ ရမည်။

၁၇၆။ (က) တက်ရောက်ခွင့်ရှိသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် အနည်းဆုံး ၇၅%ရာခိုင်နှုန်း တက်ရောက်မှသာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်ထမြောက်သည်၊

(ခ) တက်ရောက်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များကို မှတ်တမ်းတင်ထားရှိရန် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင်စာအုပ်တွင် ဘွဲ့တော်များနှင့် ယှဉ်လျက် လက်မှတ်ရေးထိုးထားရှိ စေရမည်။

၁၇၇။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို အောင်မြင်စွာကျင်းပရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန် ၁၅-ပါး ပါဝင်သော သဘာပတိအဖွဲ့နှင့် အခမ်းအနားမှူးဆရာတော် ၁-ပါးကို အစည်းအဝေးပွဲကြီးသို့ တက်ရောက်သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ၏ များရာဆန္ဒဖြင့် ရွေးချယ်တင်မြောက်ရမည်။

၁၇၈။ အခမ်းအနားမှူးသည် အစည်းအဝေးကို အလှည့်ကျသဘာပတိဆရာတော်၏ ခွင့်ပြုချက်ဖြင့် စတင်လျက် အစည်းအဝေးတက်ရောက်သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီးနောက် အစည်းအဝေးထမြောက်အောင်မြင်မှု ရှိသည်/မရှိသည်ကို ကြေညာရမည်။

၁၇၉။ အခမ်းအနားမှူးသည် အစည်းအဝေး အစီအစဉ်များကို ရေးဆွဲခြင်း၊ အစည်းအဝေးအချိန်သတ်မှတ်ခြင်း၊ တင်ပြရန်ရှိသည့် ကိစ္စများကို စီစဉ်ခြင်း၊ စာရွက်စာတမ်းများ ဖြန့်ဝေခြင်း၊ မှတ်တမ်းများပြုစုခြင်း အစရှိသည့် အစည်းအဝေးနှင့်စပ်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၁၈၀။ (က) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး နှစ်ရပ်အတွင်း ဆောင်ရွက်ခဲ့သော သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းရမည်၊

(ခ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်သည့် သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်များသည် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့၏ အစီရင်ခံစာကို ကြားနာခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများကို ပြုလုပ်ကြရမည်။

၁၈၁။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ဝေဖန်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရမည်။

၁၈၂။ သံဃာသမ္မုတိရသံဃာ့ကိုယ်စားလှယ်များသည် မိမိတို့ဒေသရှိ သံဃာတော်များ၏ အကြံပေးတင်ပြချက်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့ထံသို့ (၁)လကြိုတင် ပေးပို့၍ ဆွေးနွေးခွင့်တောင်းခံပြီး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး၌ ဆွေးနွေးနိုင်ကြသည်။

၁၈၃။ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးတွင် အဖွဲ့ဝင်ဦးရေ ၂၀၀-ပါးမှ ၃၀၀-ပါးအထိ ပါဝင်သော နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်များကို သတ်မှတ်၊ ရွေးချယ်၊ အတည်ပြုရမည်။

## (ခ) အရေးပေါ် အစည်းအဝေး

၁၈၄။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို အရေးပေါ် ကျင်းပလိုလျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၈၅။ အရေးပေါ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များထံသို့ အနည်းဆုံး(၁၅)ရက် ကြိုတင်အကြောင်းကြား ပင့်ဆောင်၍ ဤလုပ်ထုံးလုပ်နည်းများနှင့် အညီ ကျင်းပရမည်။

၁၈၆။ အရေးပေါ်အစည်းအဝေး၌ ထိုအရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပရသည့် အကြောင်းကိစ္စကိုသာ ဆွေးနွေးဆုံးဖြတ်ရမည်၊ သာမန်အစည်းအဝေး၌ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို ဆွေးနွေးဆုံးဖြတ်ခြင်းမပြုရ။

# သံဃာ့ဝန်ဆောင်များ
# နှစ်ပတ်လည်အစည်းအဝေး

၁၈၇။ သံဃာ့ဝန်ဆောင်အဆင့်ဆင့်၏ သာမန်အစည်းအဝေးကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့က ဦးဆောင်၍ အနည်းဆုံး(၁)နှစ် (၁)ကြိမ် ကျင်းပရမည်။

၁၈၈။ သံဃာ့ဝန်ဆောင်အဆင့်ဆင့်၏ သာမန်အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့က အနည်းဆုံး (၃) လကြိုတင်၍ သတ်မှတ်ပေးရမည်။

၁၈၉။ သံဃာ့ဝန်ဆောင် အဆင့်ဆင့် အစည်းအဝေးသို့ သက်ဆိုင်ရာ ဩဝါဒါစရိယဆရာတော်များ၊ သံဃနာယက ဆရာတော်များနှင့် သံဃာ့ဝန်ဆောင်ဆရာတော်များသာ တက်ရောက်ခွင့်ရှိသည်။

၁၉၀။ (က) သံဃာ့ဝန်ဆောင်အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်သည် မိမိဆွေးနွေးလိုသည့် အကြောင်းအရာကို သက်ဆိုင်ရာသံဃနာယက အဖွဲ့ထံသို့ (၁)လ ကြိုတင်ပေးပို့၍ ဆွေးနွေးခွင့် တောင်းခံနိုင်သည်၊

(ခ) ယင်းဆွေးနွေးခွင့်တောင်းခံလာသော အကြောင်းအရာကို အချိန်အခါ အခြေအနေအရ သက်ဆိုင်ရာ သံဃနာယကအဖွဲ့က စိစစ်၍ ခွင့်ပြုနိုင်သည်။

## သံဃနာယကအဖွဲ့များ စုံညီအစည်းအဝေး

၁၉၁။ (က) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီအစည်းအဝေးကို (၄)လ (၁) ကြိမ်ကျင်းပရမည်၊ ကျန် သံဃနာယကအဖွဲ့အဆင့်ဆင့် စုံညီအစည်းအဝေးကို အနည်းဆုံး(၃)လ(၁)ကြိမ် ကျင်းပရမည်၊

(ခ) လိုအပ်ပါက အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၁၉၂။ သံဃနာယကအဖွဲ့အဆင့်ဆင့် စုံညီအစည်းအဝေးသို့ သက်ဆိုင်ရာ သံဃနာယကဆရာတော်များသာ တက်ရောက်ခွင့်ရှိသည်။

## သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့များ စည်းဝေးပုံ

၁၉၃။ အစည်းအဝေးတက်ရောက်ခွင့်ရှိသော သံဃာတော်များ၏ အနည်းဆုံး ၇၅% ရာခိုင်နှုန်း တက်ရောက်မှသာ အစည်းအဝေးထမြောက်အောင်မြင်သည်၊ အစည်းအဝေးတက်ရောက်သော သံဃာ့ဝန်ဆောင်/သံဃနာယကဆရာတော်များကို မှတ်တမ်းတင်စာအုပ်၌ ယင်း၏ ဘွဲ့တော်နှင့်ယှဉ်တွဲလျက် လက်မှတ်ရေးထိုးစေရမည်။

၁၉၄။ ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌဆရာတော်သည် အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်၍ အကျိုးတော်ဆောင်/ တွဲဖက်

အကျိုးတော်ဆောင်ဆရာတော်သည် **အခမ်းအနားမှူးအဖြစ်** ဆောင်ရွက်ရမည်။

၁၉၅။ ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌဆရာတော် အစည်းအဝေး မတက်ရောက်လျှင် သင့်လျော်ရာ အဖွဲ့ဝင်ဆရာတော် တစ်ပါးပါးက သဘာပတိအဖြစ် ဆောင်ရွက်၍ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အစည်းအဝေး မတက်ရောက်လျှင် သင့်လျော်ရာ အဖွဲ့ဝင်ဆရာတော်တစ်ပါးပါးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၉၆။ အခမ်းအနားမှူးသည် အစည်းအဝေးအစီအစဉ်ရေးဆွဲခြင်း၊ အစည်းအဝေးအချိန်သတ်မှတ်ခြင်း၊ အစည်းအဝေး၌ တင်ပြသင့်သောကိစ္စများကို စီစဉ်ထည့်သွင်းခြင်း၊ စာရွက်စာတမ်းဖြန့်ဝေခြင်း၊ မှတ်တမ်းများ ပြုစုခြင်းစသည့် အစည်းအဝေးနှင့်စပ်လျဉ်းသမျှကိစ္စများကို ဆောင်ရွက်ရမည်။

၁၉၇။ အခမ်းအနားမှူးသည် သဘာပတိ၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးဖွင့်လှစ်ခြင်း၊ အစည်းအဝေးအစီအစဉ် ဖတ်ကြားခြင်း၊ အစည်းအဝေးရုပ်သိမ်းခြင်းများကို ပြုလုပ်ရမည်။

၁၉၈။ အခမ်းအနားမှူးသည် အစည်းအဝေးတက်ရောက်သည့် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ခြင်းရှိသည်-မရှိသည်ကို ကြေညာရမည်။

၁၉၉။ (က) သံဃနာယကအဖွဲ့အသီးသီးသည် တစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးသော သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာ သံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်သွင်းရမည်၊

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ အသီးသီးသည် အလှည့်ကျရာ ကာလအတွင်း ဆောင်ရွက်ပြီးစီးသော သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အနီးကပ်ဆုံး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ စုံညီ အစည်းအဝေးသို့ တင်သွင်းရမည်၊

(ဂ) သံဃာ့ဝန်ဆောင်/သံဃနာယကဆရာတော်များသည် သက်ဆိုင်ရာ/တာဝန်ရှိ သံဃနာယကအဖွဲ့က တင်သွင်းသည့် အစီရင်ခံစာများကို ကြားနာခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ အတည်ပြုခြင်းများကို ပြုလုပ်ကြရမည်။

၂၀၀။ သံဃာ့ဝန်ဆောင်/သံဃနာယကဆရာတော်တစ်ပါးပါးသည် သံဃာအများ၏ ကိုယ်စား သာသနာတော်နှင့် စပ်လျဉ်းသည့် ကိစ္စများကို သက်ဆိုင်ရာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစည်းအဝေးတွင် တင်ပြလျှောက်ထားနိုင်သည်။ ယင်းဆရာတော်၏ တင်ပြချက်ကို အစည်းအဝေးကြားနာခြင်း၊ ဝေဖန်ဆွေးနွေးခြင်းများကို ပြုလုပ်နိုင်သည်။

၂၀၁။ သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့အဆင့်ဆင့်သည် အောက်သံဃာ့အဖွဲ့အစည်းများ၏ တင်ပြချက်များ၊ အထက်သံဃာ့အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို ကြားနာပြီး ယင်းတို့နှင့် စပ်လျဉ်းသည့် မိမိအဖွဲ့၏ ဆောင်ရွက်ချက်များကို ဝေဖန်ဆွေးနွေး၍ လိုအပ်သလို ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊ လမ်းညွှန်ချက်ပေးခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ထားခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၀၂။ လိုအပ်သည့် သာမန်ကိစ္စရပ်များကို ဆုံးဖြတ်သောအခါ အစည်းအဝေးတက်ရောက်လာသည့် ဆရာတော် အနည်းဆုံး ၅၁%ရာခိုင်နှုန်း၏ သဘောတူညီချက်ဖြင့်သာ ဆုံးဖြတ်ဆောင်ရွက်ရမည်။

## သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့များ<br>အရေးပေါ်အစည်းအဝေး

၂၀၃။ သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့အဆင့်ဆင့်၏ အရေးပေါ်အစည်းအဝေးကို ကျင်းပလိုလျှင် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အာဏာပိုင်အဖွဲ့နှင့် လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့နှင့် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အာဏာပိုင် အဖွဲ့နှင့် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာရေးဝန်ကြီးဌာနနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀၄။ သံဃာ့ဝန်ဆောင်/သံဃနာယကအဖွဲ့အဆင့်ဆင့် အရေးပေါ်အစည်းအဝေးကို သက်ဆိုင်ရာ ဆရာတော်များထံ အချိန်မီကြိုတင်အကြောင်းကြား ပင့်ဆောင်၍ ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပရမည်။

၂၀၅။ အရေးပေါ်အစည်းအဝေး၌ ထိုအရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပရသည့် အကြောင်းကိစ္စကိုသာ ဆွေးနွေး ဆုံးဖြတ်ရမည်၊ အခြားကိစ္စများကို ဆွေးနွေးဆုံးဖြတ်ခြင်းမပြုရ။

## ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်များ သက်တမ်းပြည့် အစည်းအဝေး

၂၀၆။ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့သည် သက်တမ်းပြည့် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင်များ အစည်းအဝေးကို သက်ဆိုင်ရာ သံဃနာယကအဖွဲ့ဟောင်းက ဦးဆောင်၍ သက်ဆိုင်ရာသံဃနာယကအဖွဲ့သစ်ပါဝင်သော သက်ဆိုင်ရာ သံဃာ့ဝန်ဆောင်သစ်များဖြင့် ကျင်းပရမည်။

၂၀၇။ သက်တမ်းပြည့် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး၌ နောက်တစ်ကြိမ်အတွက် လျာထားသတ်မှတ် ရွေးချယ်ဖွဲ့စည်းထားသည့် မိမိတို့နှင့် သက်ဆိုင်ရာ ဝိနည်းဓိုရ်များ၊ သံဃာ့ဝန်ဆောင်

များ၊ သံဃနာယကအဖွဲ့များကို အတည်ပြုကြောင်း ထုတ်ပြန်ကြေညာသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သစ်၏ ကြေညာချက်စာတမ်းကို ဖတ်ကြားကြေညာရမည်။

၂၀၈။ သက်တမ်းပြည့် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်/တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့သစ်အား သံဃနာယက တာဝန်နှင့် သက်ဆိုင်ရာ ပစ္စည်းအရပ်ရပ်ကို သက်ဆိုင်ရာသံဃနာယက အဖွဲ့ဟောင်းက လွှဲအပ်ပေးရမည်။

# အခန်း (၁၁)

## သက်တမ်းများ သတ်မှတ်ခြင်း

> သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
> အခန်း(၁၁)၊ အပိုဒ် ၈၁-မှ ၉၀-အထိ

၂၀၉။ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း(၁၅)ရက်၊ ၂၀၁၄ ခုနှစ်၊ မေလ(၁၄)ရက်နေ့၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသစ်အရ အဖွဲ့အစည်းအဆင့်ဆင့်သို့ ဝင်ရောက်လာမည့် အဖွဲ့အစည်းဝင်အဆင့်ဆင့်များကို ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသစ်အရ သာ ရွေးချယ်ရမည်။

မှတ်ချက်။ ။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် သက်တမ်းသည် အခြေခံစည်းမျဉ်းတွင် ပါပြီးဖြစ်သည်။

- ၂၅% (ရာခိုင်နှုန်း)မူအရ သက်တမ်းကျန်ရှိနေသော လက်ရှိတာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်များ၊ ကတိကဝတ်အရ တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်များသည် ယင်းမူများကို ၂၀၂၂-ခုနှစ်၊ မတ်လ အထိသာ ကျင့်သုံးခွင့်ရှိကြသည်၊

- ခွင့်ပြုသက်တမ်းအရဖြစ်စေ၊ ကတိကဝတ်အရ ဖြစ်စေ၊ မိမိတာဝန်ထမ်းဆောင်ပြီးသော အဆင့်၌ (ခြွင်းချက်ဖြင့်)ခွင့်ပြုထားသည်မှအပ မည်သူမှ ပိုမို၍ တာဝန် ထမ်းဆောင်ခြင်း မရှိစေရ။

# အခန်း(၁၂)

## ဝိနိစ္ဆယဆိုင်ရာလုပ်ငန်းများ

| |
|---|
| သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း<br>အခန်း(၁၂)၊ အပိုဒ် ၉၁ |

၂၁၀။ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို သီးခြားပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယအဖွဲ့များကသာ စစ်ဆေး ဆုံးဖြတ်ရမည်။

# အခန်း (၁၃)

## ပညာရေးဆိုင်ရာလုပ်ငန်းများ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၁၃) အပိုဒ် - ၉၃ |

၂၁၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပရိယတ္တိသာသနာတော်နှင့် ပဋိပတ္တိသာသနာတော် တိုးတက် စည်ပင်ပြန့်ပွားစေရန် နိုင်ငံတော်က ကျင်းပသည့် စာမေးပွဲများကိစ္စ, ပဋိပတ္တိဌာနများကိစ္စ, သာသနာပြု, အခြားကိစ္စစသည်တို့နှင့် ပတ်သက်၍ အခြေခံစည်းမျဉ်းအခန်း (၂)၊ အပိုဒ် (၁၂)၊ အပိုဒ်ခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ) တို့နှင့်အညီ ဖြစ်စေရန် ဖော်ပြလတ္တံ့ပါ လုပ်ငန်းတို့ကို ဆောင်ရွက်ရမည် -

(က) ပထမပြန်၊ ဓမ္မာစရိယ၊ နိကာယ် စာမေးပွဲဆိုင်ရာ စည်းမျဉ်းရေးဆွဲခြင်း, ကျမ်းစာများ ပြဋ္ဌာန်း သတ်မှတ်ပေးခြင်း, သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊

(ခ) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဆိုင်ရာ စီမံချက်စည်းမျဉ်းများ ရေးဆွဲခြင်း, လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်စေခြင်း၊

(ဂ) တိပိဋကဓရရွေးချယ်ရေး စာမေးပွဲဆိုင်ရာ စည်းမျဉ်းရေးဆွဲခြင်း, လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်စေခြင်း၊

(ဃ) အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ, အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း, ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ ကျင်းပနိုင်ရန် စီစဉ်ညွှန်ကြားခြင်း၊

(င) တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီတို့၌ ကျောင်းထိုင် ဘုန်းတော်ကြီး သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲဆောင်ရွက် စေခြင်း, အကြောင်းအားလျော်ညီစွာ ညွှန်ကြားခြင်း၊

(စ) ပိဋကတ်တော်နှင့် မညီသော ပဋိပတ်အကျင့်များကို စိစစ်ခြင်း, အဆုံးအဖြတ်ပေးခြင်း, တားမြစ်ခြင်း, ညွှန်ကြားခြင်း၊

(ဆ) ပဋိပတ္တိဌာနဆိုင်ရာ ထောက်ပံ့ရေး စည်းမျဉ်းများ ရေးဆွဲခြင်း, လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်စေခြင်း၊

(ဇ) ပြည်တွင်းပြည်ပ သာသနာတော်ကို တိုးတက် စည်ပင် ပြန့်ပွားထွန်းကားစေရေးအတွက် သာသနာ ပြုဆိုင်ရာ စည်းမျဉ်းများ ရေးဆွဲခြင်း, လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်စေခြင်း၊

(ဈ) ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားစေရန်နှင့် ပဋိဝေဓ သာသနာ ရရှိခံစားနိုင်စေရန် အခါအားလျော်စွာ ညွှန်ကြားခြင်း, စီမံဆောင်ရွက်ခြင်း၊

# အခန်း (၁၄)

## သာသနာ့အလံတော်

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၁၄) အပိုဒ် - ၉၄ |

### (က) အရောင်တော် ၆-မျိုး

၂၁၂။ သာသနာ့အလံတော်၌

(က) နီလ = အပြာရင့်ရောင်၊

(ခ) ပီတ = အဝါရင့်ရောင်၊

(ဂ) လောဟိတ = အနီရင့်ရောင်၊

(ဃ) ဩဒါတ = အဖြူရောင်၊

(င) မဉ္ဇိဋ္ဌ = ပန်းနုရောင်၊

(စ) ပဘဿရ = ပြိုးပြိုးပြက် (ပြာ,ဝါ, နီ, ဖြူ, ပန်းနု-ငါးမျိုးရောသော) အရောင်တို့ကို ခြယ်ရမည်။

ရည်ညွှန်းချက်။ ။ ဤအရောင်ခြောက်မျိုးသည် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ရောင်ခြည်တော် ခြောက်သွယ်ကို ရည်ညွှန်းပါသည်။

## (ခ) အရောင်တော်ခြောက်မျိုးခြယ်နည်း

၂၁၃။ အလံတော်၏ အလျားကို ကန့်လန့်ဖြတ် (ဒေါင်လိုက်) အညီအမျှ ၆-ချိုး ချိုး၍ ဝဲဘက်မှ ယာဘက်သို့ အစဉ်အတိုင်း ပထမအချိုး၌ အပြာရင့်ရောင်၊ ဒုတိယအချိုး၌ အဝါရင့်ရောင်၊ တတိယအချိုး၌ အနီရင့်ရောင်၊ စတုတ္ထအချိုး၌ အဖြူရောင်၊ ပဉ္စမအချိုး၌ ပန်းနုရောင်ခြယ်ပြီးလျှင် ဆဋ္ဌမအချိုးကို အထက်အောက် အညီအမျှ ၅-ချိုး ချိုး၍ အထက်မှ အောက်သို့ အစဉ်အတိုင်း ပထမအချိုး၌ အပြာရင့်ရောင် ဒုတိယအချိုး၌ အဝါရင့်ရောင်၊ တတိယအချိုး၌ အနီရင့်ရောင်၊ စတုတ္ထအချိုး၌ အဖြူရောင်၊ ပဉ္စမအချိုး၌ ပန်းနုရောင်ခြယ်ရမည်။

## (ဂ) အလံတော်၏ ပမာဏ

၂၁၄။ အလံတော်၏ အရွယ်ပမာဏကို (အလျား ၉-ပေ၊ အနံ ၅-ပေ/အလျား ၉-လက်မ၊ အနံ ၅-လက်မ စသည်ဖြင့်) အလျားကိုးဆ၊ အနံငါးဆထားရှိ၍ ကြီးငယ်မဟူ သင့်လျော်သလို ချုပ်လုပ်သုံးစွဲနိုင်ခွင့်ရှိသည်။

## (ဃ) အလံတော်သုံးစွဲနည်း

၂၁၅။ သာသနာ့အလံတော်ကို ယင်း၏ဂုဏ်သရေနှင့်အညီ ရှိသေစွာ စည်းကမ်းတကျ အသုံးပြုရမည် -

(က) သာသနာ့အလံတော်ကို လွှင့်ထူသည့်အခါ အပြာရင့်ရောင်ကို လွှင့်ထူသူ၏ လက်ဝဲဘက်၌

ရှိစေ၍ အရောင်ငါးပါးရောနှောသော လက်ယာဘက် အကွက်ရှိ အပြာရင့်ရောင်ကို အပေါ်ဆုံး၌သာ ရှိစေရမည်၊

(ခ) သာသနာ့အလံတော်ကို အထက်သို့ လွှင့်တင်ရာတွင် တိုင်ထိပ်အရောက် သွက်လက်စွာ ဆွဲတင်ရမည်၊ အလံတော်ကို အောက်သို့ချသောအခါမူ ဖြည်းညင်းစွာ ချရမည်၊

(ဂ) အလံတော်ကို နေထွက်မှ နေဝင်အထိသာ လွှင့်ထားရမည်။ ကြီးကျယ်သော ဘာသာရေး အခမ်းအနား၌မူ ညအချိန်တွင်လည်း လွှင့်ထူထားနိုင်သည်၊

(ဃ) သာသနာ့အလံတော်ကို ချိတ်ဆွဲ/ ကပ်ထားသည့်အခါ အလျားလိုက်သော်လည်းကောင်း, ဒေါင်လိုက်သော်လည်းကောင်း နှစ်မျိုးအသုံးပြုနိုင်သည်၊

(င) သာသနာ့အလံတော်ကို အလျားလိုက် ချိတ်ဆွဲ/ ကပ်ထားရာ၌ လွှင့်ထူသောပုံစံအတိုင်း ရှိစေရမည်၊

(စ) ဒေါင်လိုက် ချိတ်ဆွဲ/ကပ်ထားရာ၌ အပြာရင့်ရောင်ကို အပေါ်ဆုံး၌ ရှိစေ၍ အရောင်ငါးပါး ရောနှောသော အကွက်ရှိ အပြာရင့်ရောင်ကို ချိတ်ဆွဲ/ကပ်ထားသူ၏ လက်ယာဘက်၌ ရှိစေရမည်၊

(ဆ) သံဃာ့အစည်းအဝေးများ ကျင်းပသည့်အခါတိုင်းတွင် သာသနာ့အလံတော်ကို လွှင့်ထူရမည်၊ သို့မဟုတ် ချိတ်ဆွဲထားရမည်၊ သို့မဟုတ် ကပ်ထားရမည်၊

(ဇ) ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် ဘာသာရေးဆိုင်ရာ အခြားအခမ်းအနားနှင့် အစည်းအဝေးများတွင်လည်း အသုံးပြုနိုင်သည်၊

(ဈ) သာသနာ့အလံတော်ကို ဗုဒ္ဓဘာသာ သာသနာရေး ကိစ္စနှင့်မသက်ဆိုင်သောကိစ္စများတွင် အသုံးမပြုရ၊

(ည) သာသနာ့အလံတော်ကို ဆုတ်ဖြဲ ဖျက်ဆီးခြင်း၊ အဆင်းသဏ္ဌာန် ပျက်ပြားအောင် တမင်သက်သက်ပြုခြင်း၊ ဂုဏ်ကျက်သရေပျက်ပြားအောင် တမင်သက်သက်ပြုခြင်း၊ မလေးမစားပြုခြင်းတို့ကို မပြုလုပ်ရ။

# အခန်း (၁၅)

## အဖွဲ့တံဆိပ်နှင့် ဆိုင်းဘုတ်

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
အခန်း (၁၅) အပိုဒ် ၉၅၊ အပိုဒ်ခွဲ (က) (ခ)

### (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တံဆိပ်

၂၁၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တံဆိပ်ကို ၂-လက်မ အချင်းရှိသော စက်ဝိုင်းပုံ ပြုလုပ်ပြီးလျှင် အလယ်၌ ကြာငါးခိုင်ပုံ ပါရှိစေ၍ ဘေးပတ်လည်တွင် အထက်ပိုင်း၌ "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့" ဟူသော စာတန်းနှင့် အောက်ပိုင်း၌ "သာသနာ-၂၅၂၄၊ ကောဇာ ၁၃၄၂-နယုန်လ" ဟူသော စာတန်းပါရှိစေရမည်။



(က) ကြာငါးခိုင်သည် ယခုဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရား လေးဆူနှင့် ပွင့်တော်မူလတ္တံ့သော သဗ္ဗညုမြတ်စွာဘုရားတစ်ဆူ ပေါင်း သဗ္ဗညုမြတ်စွာဘုရား ငါးဆူတို့ကို ရည်ညွှန်းသည့် သင်္ကေတအမှတ်အသားဖြစ်သည်၊

(ခ) သာသနာနှစ်နှင့် ကောဇာနှစ်ကို ယှဉ်တွဲဖော်ပြထားခြင်းသည် ဗုဒ္ဓဘာသာဝင် လူရှင်ရဟန်းတို့အတွက် လွန်ခဲ့ပြီးသော သာသနာနှစ်ရောက်ဆဲ သာသနာနှစ်တို့ကို သိမြင်ရခြင်းအားဖြင့် သဗ္ဗညုမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်နှင့် သာသနာတော်ပိုင်ရှင် သဗ္ဗညုမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအပေါ်၌ ကြည်ညိုသဒ္ဓါ တိုးပွားလာစေရန်ဖြစ်သည်။

## (ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ဆိုင်းဘုတ်

၂၁၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆိုင်းဘုတ်ကို အလျား ၁၄-ပေ၊ ၆-လက်မ၊ အနံ ၅-ပေ ၆-လက်မ ထားရှိ၍ ခန့်ညားထယ်ဝါစွာ ပြုလုပ်လျက် အဝါရင့်ရောင် ဆေးခြယ်ပြီးလျှင် အထက်ပိုင်း၌ **"နိုင်ငံတော်သံဃမဟာနာယကအဖွဲ့"** ဟူသော စာတန်းကြီး အလယ်၌ ၂-ပေ၊ ၆-လက်မ အချင်းရှိသော ကြာငါးခိုင်တံဆိပ်ဝိုင်းနှင့်

အောက်ပိုင်း၌ "သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂" ဟူသော စာတန်းငယ်တို့ကို အဖြူရောင်ဆေးဖြင့် သပ်ရပ်လှပစွာ ရေးသား ပါရှိစေရမည်။

နိုင် ငံ တော် သံ ဃ မ ဟာ နာ ယ က အ ဖွဲ့

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

## (ဂ) တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ တံဆိပ်

၂၁၈။ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့များ၏ အဖွဲ့တံဆိပ်ကို ၂-လက်မ အချင်းရှိသော စက်ဝိုင်းပုံပြုလုပ်ပြီးလျှင် အလယ်၌ ကြာငါးခိုင်ပုံ ပါရှိစေ၍ ဘေးပတ်လည်တွင် အထက်ပိုင်း၌ "သက်ဆိုင်ရာ သံဃနာယကအဖွဲ့" အမည်စာတန်းနှင့် အောက်ပိုင်း၌ "သာသနာ ၂၅၂၄၊ ကောဇာ-၁၃၄၂" ဟူသော စာတန်းပါရှိစေရမည်။

မှတ်ချက်။ သီးခြားဂိုဏ်းအဖွဲ့များအတွက် အဖွဲ့အမည် စာတန်းနောက်တွင် ဆက်လျက် လက်သည်းကွင်း အတွင်း၌ လိုအပ်သော ဂိုဏ်းအမည်ကို ရေးရမည် ဖြစ်သည်။

## တံဆိပ်သုံးစွဲခွင့်

၂၁၉။ (က) အဖွဲ့တံဆိပ်ကို အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စများ၌သာ သုံးစွဲရမည်၊ ကိုယ်ရေးကိုယ်တာ ဆိုင်ရာ ပုဂ္ဂလိကကိစ္စများ၌ အသုံးမပြုရ၊

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်ချက် နှင့်အညီ သံဃနာယကအဖွဲ့ အသီးသီး၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက် အကျိုးတော်ဆောင်တို့၏ တာဝန်အလျောက် တံဆိပ်များနှင့် အခြားလိုအပ်သော တံဆိပ်များကို ပြုလုပ်သုံးစွဲနိုင်သည်။



ပုံစံ-၁



ပုံစံ-၂



ပုံစံ-၃



ပုံစံ-၄



ပုံစံ-၅



ပုံစံ-၆

## (ဃ) တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်/ရပ်ကွက်ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ ဆိုင်းဘုတ်

၂၂၀။ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များ၏ ဆိုင်းဘုတ်ကို အလျား ၆-ပေ၊ အနံ ၃-ပေ ပြုလုပ်လျက် အဝါရင့်ရောင် ဆေးခြယ်ပြီးလျှင် အထက်ပိုင်း၌ "သက်ဆိုင်ရာ သံဃနာယကအဖွဲ့" အမည်စာတန်းကြီး, အဖွဲ့အမည်စာတန်းအောက်နား၌ ကပ်လျက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု/မြို့နယ် /တိုင်းဒေသကြီး/ပြည်နယ်

အမည်စာတန်းလဲတ်, အလယ်၌ ၁၂-လက်မ အချင်းရှိသော ကြာငါးခိုင်တံဆိပ်ဝိုင်းနှင့် အောက်ပိုင်း၌ "သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂"ဟူသော စာတန်းငယ်တို့ကို အဖြူရောင်ဆေးဖြင့် သပ်ရပ် လှပစွာရေးသားပါရှိစေရမည်။

## ဆိုင်းဘုတ်ထားနည်း

၂၂။ အဖွဲ့ဆိုင်းဘုတ်ကို အဖွဲ့ရုံးတည်ရာ အဆောက်အအုံ၌ ချိတ်ဆွဲတင်ထား၍သော်လည်းကောင်း, အဖွဲ့ရုံးတည်ရာ အာရာမ်ရှေ့၌ စိုက်ထူ၍သော်လည်းကောင်း ရဟန်းရှင်လူအများ မြင်သာအောင် ထားရှိရမည်။

ပုံစံ (၁)

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

ပုံစံ (၂)

မြို့နယ်သံဃနာယကအဖွဲ့

ဗဟန်းမြို့နယ်  ရန်ကုန်တိုင်းဒေသကြီး

သာသနာ ၂၅၂၄          ကောဇာ - ၁၃၄၂

ပုံစံ (၃)

မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)

ဗဟန်းမြို့နယ်  ရန်ကုန်တိုင်းဒေသကြီး

သာသနာ ၂၅၂၄          ကောဇာ - ၁၃၄၂

ပုံစံ (၄)

## ရပ်ကွက် သံဃနာယကအဖွဲ့

ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

ပုံစံ (၅)

## ကျေးရွာအုပ်စု သံဃနာယကအဖွဲ့

ရေဘွက်ကျေးရွာအုပ်စု သရက်မြို့နယ်

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

ရပ်ကွက်များ စုပေါင်းသံဃနာယကအဖွဲ့

သီရိမင်္ဂလာရပ်ကွက်နှင့် ရန်မျိုးအောင်ရပ်ကွက်

မိတ္ထီလာမြို့နယ်

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

ကျေးရွာအုပ်စုများ စုပေါင်းသံဃနာယကအဖွဲ့

ဖောက်လောက်ကျေးရွာအုပ်စုနှင့် ညောင်မြင့်ကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

သာသနာ ၂၅၂၄ ကောဇာ - ၁၃၄၂

# အခန်း (၁၆)

## အခြေခံစည်းမျဉ်း ပြင်ဆင် ၊ ဖြည့်စွက် ၊ နုတ်ပယ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၁၆) အပိုဒ် ၉၆၊ ၉၇။ |

၂၂၂။ (က) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းပြုရာ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် အခြေခံမူများနှင့် သက်ဆိုင်နေလျှင် အရေးကြီးသည်ဟု သတ်မှတ်၍ အခြေခံမူများနှင့် မသက်ဆိုင်လျှင် အရေးမကြီးဟု သတ်မှတ်ရမည်။

(ခ) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့်သာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုရမည်။

### (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးက အတည်ပြု

၂၂၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အခြေခံစည်းမျဉ်းပါ အပိုဒ်များကို ပြင်ဆင်ရန် လိုအပ်လျှင်သော် လည်းကောင်း၊ ဖြည့်စွက်ရန်လိုအပ်လျှင်သော်လည်းကောင်း၊ နုတ်ပယ်ရန်

**လိုအပ်လျှင်သော်လည်းကောင်း ယင်း လိုအပ်ချက်များကို ပြည့်စုံစွာ ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ပြီးလျှင် ၄၇-ပါးစုံညီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။**

၂၂၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၄၇-ပါးစုံညီ အစည်းအဝေးက လက်ခံအတည်ပြုပြီးသော ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် အခြေခံစည်းမျဉ်းမူကြမ်းကို အစည်းအဝေး ပင့်စာနှင့်အတူ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်များထံ ကြိုတင် ပေးပို့ထားရမည်။

## (ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြု

၂၂၅။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တင်ပြသော ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် အခြေခံစည်းမျဉ်းမူကြမ်းကို ဝေဖန်သုံးသပ် ဆွေးနွေးပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို လိုအပ်သလို ပြုလုပ်လျက် လက်ခံအတည်ပြုပြီးနောက် အနီးကပ်ဆုံး ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးသို့ တင်ပြရမည်။

## (ဂ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု

၂၂၆။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က အတည်ပြု တင်ပြသော ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် အခြေခံစည်းမျဉ်း မူကြမ်းကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက ဝေဖန်,

သုံးသပ်, ဆွေးနွေးပြီး ပြင်ဆင် ခြင်း, ပယ်ဖျက်ခြင်း, ဖြည့်စွက်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်လျက် အတည်ပြုပေးရမည်။

မှတ်ချက်။ ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် အခြေခံ စည်းမျဉ်းမူကြမ်းကို အလျင်အမြန် အတည်ပြုရန် လိုအပ်ပါက အရေးပေါ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို ခေါ်ယူကျင်းပနိုင်သည်။

# အခန်း (၁၇)

## လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း ပြင်ဆင် ,ဖြည့်စွက် , နုတ်ပယ်ခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၁၇) အပိုဒ် - ၉၈၊ ၉၉၊ ၁၀၀။ |

### (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးက အတည်ပြု

၂၂၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် လုပ်ထုံးလုပ်နည်းများကို အသစ်ရေးဆွဲရန် လိုအပ်လျှင်သော် လည်းကောင်း၊ ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ရန် လိုအပ်လျှင်သော်လည်းကောင်း ယင်းလိုအပ်ချက်များကို ပြည့်စုံစွာ ရေးဆွဲ, ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ပြီးလျှင် ၄၇-ပါးစုံညီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၂၂၈။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၄၇-ပါးစုံညီ အစည်းအဝေးက လက်ခံအတည်ပြုပြီးသော ရေးဆွဲ, ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် လုပ်ထုံးလုပ်နည်းများ မူကြမ်းကို အစည်းအဝေးပင့်စာနှင့်အတူ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များထံ ကြိုတင်ပေးပို့ထားရမည်။

## (ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြု

၂၂၉။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တင်ပြသော ရေးဆွဲ, ပြင်ဆင်, ဖြည့်စွက်, နုတ်ပယ်ထားသည့် လုပ်ထုံးလုပ်နည်းများ မူကြမ်းကို ဝေဖန်သုံးသပ် ဆွေးနွေးပြီး ပြင်ဆင်ခြင်း, ပယ်ဖျက်ခြင်း, ဖြည့်စွက်ခြင်းတို့ကို လိုအပ်သလို ပြုလုပ်ဆောင်ရွက်လျက် အတည်ပြုပေးရမည်။

# အခန်း (၁၈)

## ထုတ်ပြန်ခြင်းနှင့် ဖွဲ့စည်းခြင်း

| |
|---|
| သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း<br>အခန်း (၁၈) သံစည်း အပိုဒ် (၁၀၂) |

### လိုအပ်သော အဖွဲ့များ ဖွဲ့စည်းပေးခြင်း

၂၃၀။ (က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အခါအားလျော်စွာ ပေါ်ပေါက်လာသည့် သာသနာတော်နှင့် သက်ဆိုင်သော ဓမ္မ, အဓမ္မ အငြင်းပွားမှု ကိစ္စရပ်များကို စစ်ဆေးဆုံးဖြတ် ဆောင်ရွက်ရန် လိုအပ်သော အဖွဲ့များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များထဲမှ ၅- ပါး (သို့မဟုတ်) ၇-ပါး စသည်ဖြင့် ဖွဲ့စည်းပေးနိုင်သည်။

ခြွင်းချက်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟုတ်စေကာမူ လိုအပ်ပါက ပရိယတ္တိ၊ ပဋိပတ္တိ၊ ဘာသန္တရအရာ၌ ထင်ရှားသော သံဃာအများစုက ကြည်ညိုလေးစားသော ဆရာတော်များကိုလည်း ရွေးချယ်၍ ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ခ) မြေ အစမှ အငြင်းပွားမှု ကိစ္စမှတပါး အခြားသော သာသနာတော်နှင့်ဆိုင်သည့်ကိစ္စများ၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (၃)ပါး ပါဝင်သော စုံစမ်းရေး အဖွဲ့ကို အမှုကိစ္စတစ်ခုအတွက် တစ်ကြိမ်တည်းသာ စေလွှတ်ရမည်၊ မှုခင်းကိစ္စ စုံစမ်းရာ၌ ကုန်ကျ စရိတ်ကို သာသနာရေးမှူးများသည် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ နှစ်ဖက်အမှုသည်များထံ တောင်းခံဆောင်ရွက် နိုင်သည်။

# အခန်း (၁၉)

## အထွေထွေ

| |
|---|
| သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း<br>အခန်း (၁၉) အပိုဒ် - ၁၀၃ မှ ၁၀၈ |

### (က) သာသနာ၀င် မှတ်တမ်းထုတ်ပေးခြင်း

၂၃၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းသီတင်းသုံး နေထိုင်ကြသော ရဟန်းသာမဏေတို့သည် ရဟန်းသာမဏေ အစစ်အမှန်အဖြစ် တရား၀င် အထောက်အထား ပြနိုင်ရန် သာသနာ၀င်မှတ်တမ်းကို ကိုင်ဆောင်ကြရမည်။

၂၃၂။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် အသက် (၁၈)နှစ်ပြည့်ပြီးသော သာမဏေနှင့် ရဟန်းသစ်များအတွက် သာသနာ၀င်မှတ်တမ်းရရှိရန်/ ပြောင်းလဲပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ တင်ပြရမည်။

၂၃၃။ မြို့နယ်သံဃနာယကအဖွဲ့သည် သာသနာ၀င်မှတ်တမ်းနှင့် သာသနာ့နွယ်၀င်မှတ်တမ်းအသစ် ထုတ်ပေး ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူး (လူ၀င်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာန)၏ အကူအညီ ရယူဆောင်ရွက်ရမည်။

၂၃၄။ မြို့နယ်သံဃနာယကအဖွဲ့မရှိသော မြို့နယ်များအတွက် တာဝန်ယူဆောင်ရွက်ရသော မြို့နယ်သံဃနာယကအဖွဲ့က ဆောင်ရွက်ပေးရမည်။

၂၃၅။ သီးခြားဂိုဏ်းများအတွက် သာသနာဝင်မှတ်တမ်း ထုတ်ပေးရာ၌ မည်သို့ထုတ်ပေးမည်၊ မည်သူက လက်မှတ်ထိုးရမည် စသည်ကို မိမိတို့ဂိုဏ်းဆိုင်ရာ အစီအစဉ်အတိုင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်အရ သာ ဆောင်ရွက် ရမည်။

၂၃၆။ အသက် (၁၈)နှစ်အောက် သာမဏေများနှင့် သက်ကြီး ယာယီရဟန်းများအား ကျောင်းထိုင်ဆရာတော်/ ဥပဇ္ဈာယ် ဆရာတော်က ယာယီလက်မှတ်ထုတ်ပေးထားရမည်။ ယင်း လက်မှတ်ကို အမျိုးသားမှတ်ပုံတင်နှင့်အတူ ပူးတွဲကိုင်ဆောင်ရမည်။

၂၃၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နောက်ဆုံး သံဃဝိနိစ္ဆယအဖွဲ့က သုဒ္ဓဟု အဆုံးအဖြတ်မခံရသူ, စုံစမ်း စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ တိတ္ထိယပက္ကန္တကအဖြစ် အဆုံးအဖြတ်ခံရသူ ဤလုပ်ထုံးလုပ်နည်းအပိုဒ် (၉၄) အပိုဒ်ခွဲ (ည)အရ ကြဉ်ပယ်ခံရသူ, အဓမ္မဝါဒကိုစွန့်ရန် ငြင်းပယ်သဖြင့် ဥက္ခေပနီယကံ အပြုခံရသူ (ရဟန်းသာမဏေ)တို့၏ သာသနာဝင် မှတ်တမ်းကို ပြန်လည်သိမ်းဆည်းရန် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ ညွှန်ကြားရမည်။

၂၃၈။ မြို့နယ်သံဃနာယကအဖွဲ့သည် သာသနာဝင်မှတ်တမ်းကို တရားဝင်ပိုင်ရှင်ရှိပါလျက် ပယ်ဖျက်ခြင်း, ပြန်လည်သိမ်းဆည်းခြင်း တို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်အတိုင်းသာ လိုက်နာ ဆောင်ရွက်ရမည်။

၂၃၉။ မြို့နယ်သံဃနာယကအဖွဲ့သည် ကျောင်းအဖြစ် အသိအမှတ် မပြုအပ်သော ကျောင်း/ကျောင်းတိုက်နေ ရဟန်းသာမဏေတို့အား သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းမပြုရ။

၂၄၀။ ကျောင်းအဖြစ် အသိအမှတ်ပြုအပ်သော်လည်း ကျောင်းထိုင် အင်္ဂါမပြည့်မီသဖြင့် ကျောင်းစောင့်အဖြစ် သတ်မှတ်သော ဘုန်းကြီးနှင့် ထိုကျောင်းနေ ရဟန်းသာမဏေတို့အား သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ထောက်ခံချက် လက်မှတ်ဖြင့်သာ သာသနာဝင်မှတ်တမ်း ထုတ်ပေး ရမည်။

၂၄၁။ ရဟန်းသာမဏေများသည် အကြောင်းတစ်စုံတစ်ရာကြောင့် သာသနာဝင်မှတ်တမ်း ပျောက်ဆုံး ပျက်စီးခဲ့သော် စာအုပ်အမှတ်၊ ကိုယ်ပိုင်အမှတ်တို့ကို တင်ပြ၍ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဆရာတော်ထံ တင်ပြလျှောက်ထားရမည်။

၂၄၂။ မြို့နယ်သံဃနာယကအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဆရာတော်၏ ထောက်ခံချက်ဖြင့် သာသနာဝင် မှတ်တမ်း အမြန်ရရှိအောင် ဆောင်ရွက်ခြင်း၊ ယာယီလက်မှတ် ထုတ်ပေးခြင်းကို ပြုလုပ်ရမည်။

## (ခ) ဆန္ဒပေးခွင့်နှင့် အရွေးချယ်ခံခွင့်

၂၄၃။ နိုင်ငံတော်တာဝန်ကြောင့် အခြားဒေသ၌ ခေတ္တဝါကပ်သီတင်းသုံးကြရသော ရဟန်းတော်များမှတပါး အခြားရဟန်းတော်များသည် မိမိဝါဆိုသံဃာစာရင်း ပေးသွင်းရာ ကျောင်း/ကျောင်းတိုက်များမှသာ သံဃဆန္ဒပေးခွင့် အရွေးချယ်ခံခွင့် ရှိကြသည်။

၂၄၄။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အရွေးချယ်ခံရရေးအတွက် မဲဆွယ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းကို ကိုယ်တိုင်လည်းမပြုရ၊ သူတစ်ပါးကိုလည်း မပြုစေရ၊ ပြုလုပ်ပါက ယင်းပုဂ္ဂိုလ်အား ရွေးချယ်ခံခွင့်ကို (၃)နှစ် ပယ်ရမည်။

၂၄၅။ ရွေးချယ်ပွဲကျင်းပရာ သံဃာ့အစည်းအဝေးသို့ တက်ရောက်သော သက်ဆိုင်ရာ ရဟန်းတော်သာ အရွေးချယ်ခံခွင့်, အဆိုတင်သွင်းခွင့်, ထောက်ခံခွင့်, ကန့်ကွက်ခွင့်ရှိသည်။

ခြွင်းချက်။ ။ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးဖြင့် ဝိနည်းဓိုရ်အစားထိုး ရွေးချယ်ရာတွင် ဝိနည်းဓိုရ်အဖြစ် ရွေးချယ်ခံမည့် ဆရာတော်သည် မြို့နယ်သံဃာ့ဝန်ဆောင် မဟုတ်ပါက ထိုဆရာတော်၏ သဘောတူညီမှုကို ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့က ကြိုတင်ရယူ၍ ရွေးချယ်ခွင့်ရှိသည်။

## (ဂ) ခရိုင်များ ဖော်ပြခြင်း

၂၄၆။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ရန် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လွယ်ကူမှုရှိစေခြင်းငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရိုင်များကို ပြည်ထောင်စု သမ္မတမြန်မာ နိုင်ငံတော်၏ စီမံခန့်ခွဲရေး ခရိုင်အဆင့်ဆင့် ဖွဲ့စည်းထားပုံအတိုင်း သတ်မှတ်ရမည်။

မှတ်ချက်။ ။ ခရိုင်သတ်မှတ်ချက်များကို နောက်ဆက်တွဲ (က)အဖြစ် ပူးတွဲဖော်ပြထားသည်။

## ရပ်ကွက် /ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များမှ ရပ်ကွက် /ကျေးရွာအုပ်စုသံဃနာယက ရွေးချယ်ဖွဲ့စည်းပုံ

| အမှတ်စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်အရေအတွက် | ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ရွေးချယ်ဖွဲ့စည်းပုံ |
|---|---|---|
| ၁ | သံဃာ့ဝန်ဆောင် ၄-ပါးရှိလျှင် | ၁+၁+၂ သံဃနာယကဖွဲ့ပါ |
| ၂ | ॥ ၅-ပါးရှိလျှင် | ၁+၁+၃ ॥ |
| ၃ | ॥ ၆-ပါးရှိလျှင် | ၁+၁+၄ ॥ |
| ၄ | ॥ ၇-ပါးရှိလျှင် | ၁+၁+၅ ॥ |
| ၅ | ॥ ၈-ပါးရှိလျှင် | ၁+၁+၆ ॥ |
| ၆ | ॥ ၉-ပါးရှိလျှင် | ၂+၂+၅ ॥ |

**မှတ်ချက်။** ॥ ဇယားကွက် အမှတ်စဉ် ၁မှ၅အထိ၌ ဥက္ကဋ္ဌ(၁)ပါး၊ အကျိုးဆောင် (၁)ပါး ၊ ကျန်အမှုဆောင်များ ဖြစ်သည်။

ဇယားကွက် အမှတ်စဉ် ၆၌ ဥက္ကဋ္ဌ(၂)ပါး၊ အကျိုးဆောင် (၂)ပါး ကျန်အမှုဆောင်များ ဖြစ်သည်။ သံဃာ့ဝန်ဆောင်(၉)ပါး/ (၉)ပါးအထက် ရှိလျှင်လည်း ၂+ ၂+ ၅ ဖြင့်သာ သံဃနာယက ဖွဲ့ရမည်။ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ဖွဲ့ရာ၌ သံဃနာယက(၉)ပါးထက် မပိုလွန်စေရ။

နောက်ဆက်တွဲဇယား (၂)

# ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုအတွင်းရှိ ရဟန်းသံဃာအရေအတွက်ပေါ် မူတည်၍ မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်ပုံ

| အမှတ်စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု(၁)ခုအတွင်း သံဃာအရေအတွက် | မြို့နယ်သံဃာ့ဝန်ဆောင် အချိုးကျ ရွေးချယ်ပုံ |
|---|---|---|
| ၁ | ရဟန်း ၅-ပါးမှ ၂၅-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၁-ပါး |
| ၂ | ရဟန်း ၂၆-ပါးမှ ၅၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၂-ပါး |
| ၃ | ရဟန်း ၅၁-ပါးမှ ၁၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၃-ပါး |
| ၄ | ရဟန်း ၁၀၁-ပါးမှ ၂၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၄-ပါး |
| ၅ | ရဟန်း ၂၀၁-ပါးမှ ၃၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၅-ပါး |
| ၆ | ရဟန်း ၃၀၁-ပါးမှ ၄၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၆-ပါး |
| ၇ | ရဟန်း ၄၀၁-ပါးမှ ၅၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၇-ပါး |
| ၈ | ရဟန်း ၅၀၁-ပါးမှ ၆၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၈-ပါး |
| ၉ | ရဟန်း ၆၀၁-ပါးမှ ၇၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၉-ပါး |
| ၁၀ | ရဟန်း ၇၀၁-ပါးမှ ၈၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၁၀-ပါး |
| ၁၁ | ရဟန်း ၈၀၁-ပါးမှ ၉၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၁၁-ပါး |
| ၁၂ | ရဟန်း ၉၀၁-ပါးမှ ၁၀၀၀-ပါးရှိလျှင် | မြို့နယ်ဝန်ဆောင် ၁၂-ပါး |
| ၁၃ | ရဟန်း ၁၀၀၁-ပါးမှ အထက်ရှိလျှင် | မြို့နယ်ဝန်ဆောင် ၁၃-ပါး |

# မြို့နယ်သံဃာ့ဝန်ဆောင်များမှ
# မြို့နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းပုံ

| အမှတ်စဉ် | မြို့နယ်သံဃာ့ဝန်ဆောင် | | အဖွဲ့ဝင်ဦးရေ | မြို့နယ်သံဃနာယက |
|---|---|---|---|---|
| ၁ | ဝန်ဆောင် | ၄-ပါးရှိလျှင် | ၄-ပါး | ၁+၁+၂ |
| ၂ | ဝန်ဆောင်၅-ပါးမှ | ၂၅-ပါးရှိလျှင် | ၅-ပါး | ၁+၁+၃ |
| ၃ | ဝန်ဆောင်၂၆-ပါးမှ | ၅၀-ပါးရှိလျှင် | ၇-ပါး | ၁+၁+၅ |
| ၄ | ဝန်ဆောင်၅၁-ပါးမှ | ၇၅-ပါးရှိလျှင် | ၉-ပါး | ၂+၂+၅ |
| ၅ | ဝန်ဆောင်၇၆-ပါးမှ | ၁၀၀-ပါးရှိလျှင် | ၁၁-ပါး | ၂+၂+၇ |
| ၆ | ဝန်ဆောင်၁၀၁-ပါးမှ | ၁၅၀-ပါးရှိလျှင် | ၁၃-ပါး | ၂+၂+၉ |
| ၇ | ဝန်ဆောင်၁၅၁-ပါးမှ | အထက်ရှိလျှင် | ၁၅-ပါး | ၂+၂+၁၁ |

**မှတ်ချက်။** ။ ဇယားကွက် အမှတ်စဉ် ၁၊ ၂၊ ၃ တို့၌ ဥက္ကဋ္ဌ (၁)ပါး၊ အကျိုးဆောင် (၁)ပါး၊ ကျန် အမှုဆောင်များဖြစ်သည်။ ဇယားကွက် အမှတ်စဉ် ၄ မှ ၇ အထိတို့၌ ဥက္ကဋ္ဌ (၂)ပါး၊ အကျိုးဆောင် (၂)ပါး၊ ကျန်အမှုဆောင်များ ဖြစ်သည်။

(၉)ပါး/(၉)ပါးထက်ပိုသော် ဒုတိယဥက္ကဋ္ဌ (၁)ပါးနှင့် တွဲဖက်အကျိုးတော်ဆောင် (၁)ပါးကိုပါ ရွေးချယ်တင်မြှောက်ရမည်။

မြို့နယ်သံဃနာယကဖွဲ့ရာ၌ သံဃနာယက ၁၅-ပါးထက် မပိုလွန်စေရ။

## မြို့နယ်သံဃာ့ဝန်ဆောင်များမှ
## တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင်ရွေးချယ်ဖွဲ့စည်းပုံ

| အမှတ်စဉ် | မြို့နယ်သံဃာ့ဝန်ဆောင် | တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် |
|---|---|---|
| ၁ | ဝန်ဆောင် ၁-ပါးမှ ၂၅-ပါးရှိလျှင် | တိုင်းဒေသကြီး/ပြည်နယ် သံဃာ့ဝန်ဆောင် ၁-ပါး |
| ၂ | ။ ၂၆-ပါးမှ ၅၀-ပါးရှိလျှင် | ။ ၂-ပါး |
| ၃ | ။ ၅၁-ပါးမှ ၁၀၀-ပါးရှိလျှင် | ။ ၃-ပါး |
| ၄ | ။ ၁၀၁-ပါးမှ ၂၀၀-ပါးရှိလျှင် | ။ ၅-ပါး |
| ၅ | ။ ၂၀၁-ပါးမှ ၃၀၀-ပါးရှိလျှင် | ။ ၇-ပါး |
| ၆ | ။ ၃၀၁-ပါးမှ အထက်ရှိလျှင် | ။ ၉-ပါး |

# တိုင်းဒေသကြီး/ပြည်နယ်သံဃာ့ဝန်ဆောင်များမှ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယက ရွေးချယ်ဖွဲ့စည်းပုံ

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ်သံဃာ့ဝန်ဆောင် | အဖွဲ့ဝင် ဦးရေ | တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယက |
|---|---|---|---|
| ၁ | ဝန်ဆောင် ၅-ပါးမှ ၂၅-ပါးရှိလျှင် | ၅ | ၁+၁+၃ |
| ၂ | ။ ၂၆-ပါးမှ ၅၀ ။ | ၇ | ၁+၁+၅ |
| ၃ | ။ ၅၁-ပါးမှ ၇၅ ။ | ၉ | ၂+၂+၅ |
| ၄ | ။ ၇၆-ပါးမှ ၁၀၀ ။ | ၁၁ | ၂+၂+၇ |
| ၅ | ။ ၁၀၁-ပါးမှ ၁၅၀ ။ | ၁၃ | ၂+၂+၉ |
| ၆ | ။ ၁၅၁-ပါးမှ ၂၀၀ ။ | ၁၅ | ၂+၂+၁၁ |
| ၇ | ။ ၂၀၁-ပါးမှ ၂၅၀ ။ | ၁၇ | ၂+၂+၁၃ |
| ၈ | ။ ၂၅၁-ပါးမှ ၃၀၀ ။ | ၁၉ | ၂+၂+၁၅ |
| ၉ | ။ ၃၀၁-ပါးမှ အထက်ရှိလျှင် | ၂၁ | ၂+၂+၁၇ |

**မှတ်ချက်။** ။ ဇယားကွက် အမှတ်စဉ် ၁၊၂တို့၌ ဥက္ကဋ္ဌ (၁)ပါး၊ အကျိုးဆောင်(၁)ပါး၊ ကျန်အမှုဆောင်များဖြစ်သည်။ ဇယားကွက် အမှတ်စဉ်(၃)မှ(၉)အထိတို့၌ ဥက္ကဋ္ဌ (၂)ပါး၊ အကျိုးဆောင်(၂)ပါးကျန်အမှုဆောင်များဖြစ်သည်။ (၉)ပါး/(၉)ပါးထက်ဖြစ်လျှင် ဒုတိယဥက္ကဋ္ဌ(၁)ပါးနှင့် တွဲဖက်အကျိုးတော်ဆောင်(၁)ပါးကို ရွေးချယ်တင်မြှောက်ရမည်။ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကဖွဲ့ရာ၌ သံဃနာယက(၂၁)ပါးထက် မပိုလွန်စေရ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

[ အမိန့်အမှတ်-၆/၉၀ နှင့် ၇/၉၀ ]

# သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ

ဥပဒေအမှတ် ၂၀/၉၀ နှင့် ညွှန်ကြားလွှာအမှတ်(၈၁)

သာသနာ-၂၅၄၀၊ ကောဇာ ၁၃၅၈-ခုနှစ် ခရစ်နှစ်-၁၉၉၆

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

## (အမိန့်အမှတ် ၆/၉၀ )

၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်

( ၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၂၀-ရက် )

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ စသည်ဖြင့် ဘာသာမျိုးစုံ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိပါသည်။ ယင်းဘာသာများအနက် ဗုဒ္ဓဘာသာတွင် အောက်ဖော်ပြပါ သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်း ရှိပါသည်-

(က) သုဓမ္မာဂိုဏ်း၊

(ခ) ရွှေကျင်ဂိုဏ်း၊

(ဂ) ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း၊

(ဃ) ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊

(င) အနောက်ချောင်းဒွါရဂိုဏ်း၊

(စ) ဝေဠုဝန်နိကာယဂိုဏ်း၊

(ဆ) စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊

(ဇ) ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊

(ဈ) ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊

၂။ အထက်ဖော်ပြပါ ဂိုဏ်းကြီး (၉)ဂိုဏ်းတို့မှ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ဆရာတော် ၁၂၁၈-ပါး တို့သည် ၁၃၄၂-ခုနှစ်၊

နယုန်လဆန်း ၁၁-ရက်နေ့မှ ၁၄-ရက်နေ့အထိ (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄-ရက်နေ့မှ ၂၇-ရက်နေ့အထိ) ၄-ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပပြုလုပ်၍ သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၃။ ထိုသို့ အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများအရ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃ နာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ စသည်ဖြင့် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ကိုဖွဲ့စည်း၍ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော် သာသနာတော် သုံးရပ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို စနစ်တကျ အစဉ်တစိုက် ဆောင်ရွက်လျက် ရှိပါသည်။

၄။ သို့ရာတွင် ယခုအခါ ယင်းတရားဝင် တည်ရှိသော သံဃာ့ ဂိုဏ်းကြီး (၉)ဂိုဏ်းနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှ အပ ဖြစ်သော သံဃသာမဂ္ဂီအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင် ဆရာတော်များသံဃသမဂ္ဂအဖွဲ့အစရှိသည်ဖြင့် သံဃာ့အဖွဲ့

အမျိုးမျိုး တရားမဝင် ဖွဲ့စည်းလှုပ်ရှားနေသည်ကို တွေ့ရှိရပါသည်။ ယင်းတရားမဝင် သံဃာ့အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို လေ့လာသုံးသပ်ရာတွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် သုံးရပ် တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခြင်း မပြုရုံသာမက ဗုဒ္ဓသာသနာတော်နှင့် မအပ်စပ်နိုင်သော နိုင်ငံရေး ကိစ္စများကို ဆောင်ရွက်လျက် ရှိနေသည်ကို တွေ့ရပါသည်။

၅။ အဆိုပါ တရားမဝင် သံဃာ့အဖွဲ့အစည်းများသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သာသနာ့ တာဝန်များကို ဆောင်ရွက်နေကြသည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုကို မခံယူရုံမျှမက သံဃနာယက ဆရာတော်ကြီးများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း ပြုလုပ်၍ သံဃာ့အဖွဲ့အစည်းများ ပြိုကွဲပျက်စီးစေမည့် လုပ်ရပ်များကို လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပါသည်။ ၎င်းပြင် တရားမဝင် သံဃာ့အဖွဲ့အစည်းများသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့်လည်းကောင်း၊ စာရွက်စာတမ်းများ ထုတ်ဝေခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော် အစိုးရအား ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ သပိတ်မှောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို နှောင့်ယှက်ဟန့်တားနေသည်ကိုလည်း တွေ့ရှိရပါသည်။

၆။ သို့ဖြစ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း

သာသနာရေးကိုလည်းကောင်း၊ ရှေးရှုလျက် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည် -

(က) တရားဝင် သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းနှင့် ယင်း (၉)ဂိုဏ်း၏ ကြီးကြပ်မှုအောက်၌ ဖွဲ့စည်းထားရှိသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှအပ အခြားတရားမဝင်သော သံဃာ့အဖွဲ့များဖြစ်သည့် သံဃသာမဂ္ဂီအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ သံဃသမဂ္ဂအဖွဲ့နှင့် အလားတူ သံဃာ့အဖွဲ့စသည်တို့ကို ၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်နေ့၊ ( ၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၂၀-ရက်နေ့၊ ည ၁၂-နာရီ) အချိန်မှစ၍ ဖျက်သိမ်းလိုက်သည်။ ဤအမိန့်ကို လိုက်နာခြင်းမပြုသည့် ပုဂ္ဂိုလ်များသည် သမ္မုတိသံဃာအဖြစ် ရပ်တည်ခွင့်မရှိစေရ။

(ခ) နိုင်ငံရေးပါတီ အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ပါတီ အကျိုးစီးပွားအတွက် ဘာသာရေးကို ခုတုံးလုပ်၍ လှုပ်ရှားမှုများမပြုရန် တားမြစ်လိုက်သည်။ ဤအမိန့်ကို မလိုက်နာပါက ယင်းနိုင်ငံရေး ပါတီအဖွဲ့အစည်းများသည် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၇။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

ပုံ
စောမောင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

## (အမိန့်အမှတ် ၇/၉၀ )

၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄-ရက်

( ၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၂၁-ရက် )

၁။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လည်းကောင်း၊ ရှေးရှုလျက် ၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၂၀-ရက် နေ့စွဲဖြင့် အမိန့်အမှတ်( ၆/၉၀ )ကို ထုတ်ပြန်၍ တရားမဝင်သော သံဃာ့အဖွဲ့ အစည်းများဖြစ်သည့် သံဃသာမဂ္ဂီအဖွဲ့၊ ရဟန်းပျိုအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ သံဃသမဂ္ဂအဖွဲ့နှင့် အလားတူ သံဃာ့အဖွဲ့ စသည်တို့ကို ၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့ ( ၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၂၀-ရက်နေ့ ) ည ၁၂-နာရီ အချိန်မှစ၍ ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် ယင်းအမိန့်အရ အဆိုပါ တရားမဝင် သံဃာ့အဖွဲ့များကို ဖျက်သိမ်းခြင်းမပြုဘဲ ဆက်လက်လှုပ်ရှားမှု ပြုလုပ်နေသူ ပုဂ္ဂိုလ်များသည် သမ္မုတိသံဃာ အဖြစ် ရပ်တည်ခွင့်မရှိပါ။

၂။ ၁၉၈၈-ခုနှစ်၊ အရေးအခင်းကာလ အတွင်းက မန္တလေးမြို့၌ သပိတ်တပ်ပေါင်းစုံ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ အိမ်တော်ရာ စစ်ကြောင်း အမည်ခံသည့် အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ဦးရွက်အဖြစ် လည်းကောင်း၊ ဆောင်ရွက်ခဲ့သူ ရဟန်းတစ်ပါးအား မကြာမီက အရေးယူစစ်ဆေးခဲ့ရာတွင် အာဏာအမြန် လွှဲပြောင်းရယူရေး အတွက် ကြိုးပမ်းရန် နိုင်ငံရေးပါတီတစ်ခုသို့ တိုက်တွန်းခဲ့သည်ဟု ဖော်ထုတ်ရရှိခဲ့ပါသည်။ ထို့ပြင် ၄င်းကိုယ်တိုင်လည်း ရဟန်းသံဃာ အချို့အား စည်းရုံး၍ ထိုပါတီအာဏာအမြန်ရရှိရေးနှင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအား ဖြုတ်ချနိုင်ရေး အတွက် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်းကိုလည်း ဖော်ထုတ် ရရှိခဲ့ပါသည်။ အလားတူပင် သမ္မုတိသံဃာအမည်ခံ ပုဂ္ဂိုလ်အချို့ သည် ပါတီနိုင်ငံရေး ကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသည်ကို လည်း တွေ့ရှိရပါသည်။

၃။ တရားမဝင် ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့များတွင် ပါဝင်လှုပ်ရှားနေသည့် သမ္မုတိသံဃာအမည်ခံ ပုဂ္ဂိုလ်များသည် ရဟန်းသံဃာတော်တို့၏ လုပ်ငန်းသုံးရပ် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် လုပ်ဆောင်ခြင်းမပြုကြဘဲ ယင်းလုပ်ငန်းတာဝန်များနှင့် စပ်ဟပ်ခြင်းမရှိသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ပျက်ပြားစေသည့် လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း တွေ့ရှိရ သည်။

၄။ သို့ဖြစ်၍ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအား စိစစ်ဖော်ထုတ် ထိရောက်စွာ အရေးယူရန် စစ်တိုင်းမှူးများအား အာဏာအပ်နှင်းလိုက်သည်။

၅။ ဤအမိန့်အရ ဖော်ထုတ်ရရှိသည့် ပုဂ္ဂိုလ်များအား တရားဥပဒေအရ ဆက်လက်အရေးယူရန် လိုအပ်လျှင် ယင်းပုဂ္ဂိုလ်များအား စွဲဆိုသည့် အမှုများကို ထိရောက်မြန်ဆန်စွာ အရေးယူရန်အလို့ငှာ စစ်တိုင်းမှူးများအား တရားစီရင်ရေးဆိုင်ရာ မာရှယ်လော (Martial Law) အာဏာကို အပ်နှင်းလိုက်သည်။ ယင်းအမှုများကို စစ်ဆေးစီရင်စေရာတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉-ခုနှစ်၊ ဇူလိုင်လ ၁၈-ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသော မာရှယ်လော (Martial Law) အမိန့်အမှတ် ၂/၈၉ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

ပုံ

စောမောင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

# သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေနှင့်

# ညွှန်ကြားလွှာအမှတ် (၈၁)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | **အခန်း (၁)** | | | |
| ၁။ | အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | - | - | ၁၀ |
| | **အခန်း (၂)** | | | |
| ၂။ | သတ်မှတ်ချက်များ | - | - | ၁၁ |
| | **အခန်း (၃)** | | | |
| ၃။ | တားမြစ်ချက်များ | - | - | ၁၂ |
| | **အခန်း (၄)** | | | |
| ၄။ | ပြစ်ဒဏ်များ | - | - | ၁၃ |
| | **အခန်း (၅)** | | | |
| ၅။ | အထွေထွေ | - | - | ၁၄ |
| | **ညွှန်ကြားလွှာအမှတ် (၈၁)** | | | |
| ၆။ | သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အရှည် တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း | - | - | ၁၆ |

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
# သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
ဥပဒေအမှတ် ၂၀/၉၀ )

၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၄-ရက်
(၁၉၉၀-ပြည့်နှစ်၊ အောက်တိုဘာလ ၃၁-ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) သံဃာဆိုသည်မှာ ဉတ္တိစတုတ္ထ ဥပသမ္ပဒကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၍ အယူသီလတူမျှသော ရဟန်းအပေါင်းကို ဆိုသည်။

(ခ) အခြေခံစည်းမျဉ်းဆိုသည်မှာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်းကိုဆိုသည်။

(ဂ) သံဃာ့အဖွဲ့အစည်းဆိုသည်မှာ အခြေခံစည်းမျဉ်း နှင့်အညီ ဖွဲ့စည်းသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကိုဆိုသည်။

(ဃ) ထေရဝါဒဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌ သင်္ဂါယနာအထိ သင်္ဂါယနာ ၆-တန် တင်ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသော ပိဋကကိုဆိုသည်။

## အခန်း (၂)
## သတ်မှတ်ချက်များ

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံ ပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒ သံဃာ့ ဂိုဏ်းအသီးသီးမှ သံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်များဖြစ်သည်။

၅။ သံဃာ့အဖွဲ့အစည်းအတွင်း၌ အခြေခံစည်းမျဉ်းအရ အတည်ပြုထားသော အောက်ပါသံဃာ့ဂိုဏ်း ၉-ဂိုဏ်းတို့သည် မိမိတို့ ဂိုဏ်း စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးခွင့်ရှိသည်။

(က) သုဓမ္မာဂိုဏ်း၊

(ခ) ရွှေကျင်ဂိုဏ်း၊

(ဂ) ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း၊

(ဃ) ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊

(င) အနောက်ချောင်းဒွါရဂိုဏ်း၊

(စ) ဝေဠုဝန်နိကာယဂိုဏ်း၊

(ဆ) စတုဘုမ္မိက မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊

(ဇ) ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊

(ဈ) ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊

၆။ ဒေသအလျောက် တည်ရှိသော သံဃာ့ပဝါရဏာဂိုဏ်း များသည် ပုဒ်မ-၅ပါ သံဃာ့ဂိုဏ်းများတွင် အကျုံးဝင်သည်။

၇။ ပုဒ်မ ၅-ပါ သံဃာ့ဂိုဏ်းများသည် မိမိတို့ သဘောတူရာ ဂိုဏ်းအချင်းချင်း ပူးပေါင်းနိုင်ခွင့်ရှိသည်။

## အခန်း (၃)
## တားမြစ်ချက်များ

၈။ ပုဒ်မ ၅-ပါ သံဃာ့ဂိုဏ်းများမှအပ ဂိုဏ်းသစ်များ ခွဲခြား တည်ထောင်ခြင်းမပြုရ။

၉။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တစ်ခုခု၏ ကြီးကြပ်မှုအောက်၌ တည်ရှိသော ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၏ ဩဝါဒါစရိယ သံဃာ့အဖွဲ့များ၊ နာယကသံဃာ့အဖွဲ့များ၊ ထေရဝါဒ ပရိယတ္တိစာပြန်ပွဲ၊ သို့မဟုတ် ပရိယတ္တိ စာမေးပွဲများ ကျင်းပပေးသည့် သံဃာ့အဖွဲ့အစည်းများမှအပ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ တစ်ခုခု၏ ကြီးကြပ်မှုကို မခံယူသော သံဃာ့အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းမပြုရ။

၁၀။ မည်သူမဆို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ပြိုကွဲပျက်စီးစေရန် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ချိခြင်းမပြုရ။

၁၁။ ရဟန်း သို့မဟုတ် သာမဏေတစ်ပါးပါးကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က အရေးယူဆုံးမသည့်အခါ ထိုသို့ဆုံးမခံရသော ပုဂ္ဂိုလ်သည် ဆုံးမသည့် အတိုင်း လိုက်နာရမည်။

## အခန်း (၄)
## ပြစ်ဒဏ်များ

၁၂။ မည်သည့်ရဟန်း သို့မဟုတ် သာမဏေမဆို ပုဒ်မ-၈ သို့မဟုတ် ပုဒ်မ-၉ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆-လ မှ အများဆုံး ထောင်ဒဏ် ၃-နှစ် အထိ ကျခံစေရမည်။

၁၃။ မည်သူမဆို ပုဒ်မ ၁၀-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၆-လမှ အများဆုံး ထောင်ဒဏ် ၃-နှစ်အထိ ကျခံစေရမည်။

၁၄။ မည်သည့်ရဟန်း သို့မဟုတ် သာမဏေမဆို ပုဒ်မ ၁၁-ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၆-လ ကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၁၅။ ဤဥပဒေပုဒ်မ ၁၂-အရ ဖြစ်စေ၊ ပုဒ်မ -၁၃ အရ ဖြစ်စေ တရားစွဲဆိုရန်လိုအပ်ကြောင်း သံဃာ့အဖွဲ့အစည်း တစ်ရပ်ရပ်က ဖြစ်စေ၊ နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ အကြောင်းကြားလျှင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် တရားစွဲဆိုခြင်းပြုရမည်။

၁၆။ ဤဥပဒေပုဒ်မ ၁၄-အရ တရားစွဲဆိုရန် လိုအပ်ကြောင်း သံဃာ့အဖွဲ့အစည်းတစ်ရပ်ရပ်က အကြောင်းကြားလျှင် သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ခြင်းခံရသူက သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်။

၁၇။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စ တစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်း၊ အခြားနည်း အရေးယူခြင်းမပြုရ။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် လိုအပ်လျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ညှိနှိုင်း၍ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပုံ

စောမောင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဗဟိုဌာနချုပ်
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၂၁၂/၄/သာ-မဟာန
ရက်စွဲ၊ ၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်
( ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅-ရက် )

## ညွှန်ကြားလွှာအမှတ် (၈၁)

အကြောင်းအရာ။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အရှည်တည်တံ့ ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း

၁။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့၍ ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်း

အရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ် အုပ်ချုပ်မှု အောက်၌ သီတင်းသုံးနေထိုင်ကြရမည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်များ/ကျောင်းတိုက် နာယက ဆရာတော်များသည် မိမိတို့၏ တပည့် ရဟန်းသာမဏေ များအား သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာ့အဖွဲ့များကိုဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမဩဝါဒ ပေးကြရန် ညွှန်ကြားလျှောက်ထားအပ်ပါသည်။

(ဘဒ္ဒန္တကုမာရ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

ဖြန့်ဝေခြင်း

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်များ အားလုံး
- နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအားလုံး
- ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့များအားလုံး
- မြို့နယ်သံဃနာယကအဖွဲ့များအားလုံး
- ရပ်ကွက်/ကျေးရွာသံဃနာယကအဖွဲ့များအားလုံး
- ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ..၂၉၅၄..၉
ရက်စွဲ ..၁၁..၂..၁၉၅၆
သာသနာ့စာကြည့်တိုက်

ယ.မေ.၁၁.စ^၂၆/၂၁.၉.၂၀၁၅ (၅၀၀၀) ထပ်ဆို